# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ တရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်တို့ မရောက်နိုင်ချေ။ ကောင်းစွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ်(၁၀၆)


## မြန်မာ့ယဉ်ကျေးမှု ပုံရိပ်များ အညာမြေတွင် ဆက်လက် ရှင်သန်နိုင်ပါစေ

စာမျက်နှာ-၈




## အမေရိကန်နှင့် ကုန်သွယ်ရေး ဆိုင်ရာ အငြင်းပွားမှုကို တရုတ် ကိုင်တွယ် ဆောင်ရွက်မည်

စာမျက်နှာ-၁၄



## အမေရိကန် အင်အားလျှော့ချလိုက်တဲ့ အရှေ့အလယ်ပိုင်းဒေသမှာ ဘာတွေဆက်ဖြစ်လာမလဲ

စာမျက်နှာ-၁၅



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ပူတာအိုမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ပူတာအိုမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ပူတာအိုမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ အဆင့်မြင့် စက်ချုပ်သင်တန်း၊ အခြေခံအိမ်တွင်းမှုစက်ချုပ်နှင့် သိုးမွေးထိုးသင်တန်းတို့တွင် တက်ရောက်နေသော သင်တန်းသူများ၏ သင်ကြားလေ့ကျင့်နေမှုများ၊ သင်တန်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆောင်ရွက်ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ပူတာအိုမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူတစ်ဦးက ကျောင်းသား ကျောင်းသူများ၏ ပညာရေးနှင့်ဝန်ထမ်းများ၏ သက်သာချောင်ချိရေးတို့ကို တင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းပေးပြီး ကျောင်းသား ကျောင်းသူများကို အတန်းပညာအပြင် စည်းကမ်း၏ တန်ဖိုး၊ အချိန်ကို တန်ဖိုးထားစနစ်တကျ ခွဲဝေအသုံးချရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် ကျန်းမာသန့်စွမ်းရေးတို့ကို လေ့ကျင့်ပေးသည့်အပြင် စာဖတ်ခြင်း အလေ့အကျင့်ကောင်းများကို ပြုစုပျိုးထောင်ရန်မှာကြားပြီးကျောင်းသား၊ ကျောင်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❐

## အယ်နီညိုအခြေအနေနှင့် ကြိုတင်ပြင်ဆင်နိုင်ရန် အသိပေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း အီကွေတာအနီးရှိ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်း၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက်အနည်းငယ်မြင့်တက်လျက် ရှိသဖြင့် အားအနည်းငယ်ရှိသော အယ်နီညိုဖြစ်စဉ်သို့ ရောက်ရှိလျက်ရှိသည်။ အယ်နီညိုဖြစ်စဉ်သည် ၂၀၁၉ ခုနှစ် မေလအထိ ဆက်လက်ဖြစ်ပေါ်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားနိုင်ကြောင်း နိုင်ငံတကာ မိုးလေဝသနှင့် ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။

၂၀၁၉ ခုနှစ် (ဇန်နဝါရီ-ဖေဖော်ဝါရီ-မတ်)လအထိ အယ်နီညို ဖြစ်ပေါ်နိုင်မှု ရာခိုင်နှုန်းမှာ ၈၂ ရာခိုင်နှုန်းအထိရှိနိုင်ပြီး ၂၀၁၉ခုနှစ် (မတ်-ဧပြီ-မေ)လတို့တွင် ၆၆ ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ် (မေ-ဇွန်-ဇူလိုင်) လတို့တွင် ၅၂ ရာခိုင်နှုန်းသို့ ပြန်လည်လျော့ကျလာနိုင်ကြောင်းကို အယ်နီညိုဖြစ်စဉ်အား နိုင်ငံတကာ ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ရေမျက်နှာပြင်အပူချိန်လေ့လာစောင့်ကြည့်ရေးဗဟိုဌာနများမှ ထုတ်ပြန်ထားပါသည်။

သို့ဖြစ်ရာ အယ်နီညိုဖြစ်စဉ်နှင့် ပတ်သက်၍ မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ အယ်နီညိုဖြစ်စဉ်အား ပြောင်းလဲမှုရှိပါက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။ မိုး/ဇလ




မြန်မာ့အလင်း

# လမ်းမှန်ပေါ်လျှောက်ရင်း ပြည်သူ့အသံနားစွင့်

အမျိုးသားရေး၊ တိုင်းရေးပြည်ရေး၊ နိုင်ငံ့အရေး၊ ပြည်သူတို့၏အရေး အရာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားတို့၏ ရင်ထဲတွင် အတွေးကိုယ်စီ ရှိနေကြမည်ဖြစ်သည်။

အာဏာရှင်စနစ်အောက်သို့ ပြန်ရောက်ကြရဦးမှာလား၊ လက်ငင်း ရရှိနေသော ဒီမိုကရေစီ အခွင့်အရေးတို့ ဆုံးရှုံးသွားနိုင်သည်လား၊ သည့်ထက် တိုးတက်ခိုင်မာလာအောင် တည်ဆောက်နိုင်ကြမည်လား၊ ဆင်းရဲမှုနွံတွင်းက ရုန်းထွက်နိုင်ကြမည်လား၊ လက်ရှိလူမှုဘဝများ ပိုမိုသာယာသက်သာကောင်းမွန်လာမည်လား၊ စစ်ပွဲများ ရပ်စဲနိုင်မည်လား၊ ပြည်တွင်းငြိမ်းချမ်းရေး တကယ်ရရှိလာမည်လား၊ အခြေခံဥပဒေနှင့် ပတ်သက်သည့် အပြောင်းအလဲများ ပေါ်လာမည်လား၊ နိုင်ငံတကာ အလယ်မှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်ကာ ရင်ပေါင်တန်းလာနိုင်တော့မည်လား အစရှိသည့် စိုးရိမ်ပူပန်စိတ်များ၊ မျှော်လင့်ချက်များ၊ ယုံကြည်အားတင်းထားမှုများနှင့် ဖြစ်၏။

ဤဆန္ဒများ၊ မျှော်လင့်ချက်များကို ပြည်သူတို့တင်မြှောက်ရွေးချယ်ထားသည့် ပြည်သူ့အစိုးရနှင့် ပြည်သူ့ကိုယ်စားလှယ်များက မည်မျှလောက် ဖြည့်ဆည်းနိုင်မည်လဲဟူသည်က ကပ်လျက်လိုက်ပါလာသည့် မေးခွန်းများ ဖြစ်ပါသည်။

နိုင်ငံ့အရေး၊ ပြည်သူတို့၏ အနာဂတ်အရေးဟူသည်က ဗေဒင်လက္ခဏာများဖြင့် ဟောကိန်းထုတ်ကာ ပြောဖို့ခက်မည် ဖြစ်ပါသည်။ သို့သော်လည်း ပြည်သူတို့တင်မြှောက်ရွေးချယ်ထားသည့် ပြည်သူ့ အစိုးရနှင့် ပြည်သူ့ကိုယ်စားလှယ်များက နိုင်ငံရေးစိတ်သဘောထားအမှန်၊ စေတနာအမှန်တို့ဖြင့် အားထုတ်ကြိုးပမ်းနေသည်ကတော့ အမှန်ဟူ၍ ပြောရဲမည်ဟု ယုံကြည်ပါသည်။

နိုင်ငံရေးသမားများတွင် အရေးအကြီးဆုံးက နိုင်ငံအပေါ် ထားသည့် စေတနာ၊ ပြည်သူလူထု၏ အားပေးထောက်ခံမှုနှင့် ကိုယ်ပိုင်စွမ်းဆောင်ရည်တို့ ဖြစ်ပါသည်။ ယနေ့ ပြည်သူ့ကိုယ်စားလှယ်တို့၏ စေတနာမှန်နှင့် ပြည်သူတို့၏ အားပေးထောက်ခံမှုမှာ သံသယဖြစ်ဖွယ်မရှိ။ ထို့ကြောင့် နိုင်ငံ၏ ဦးတည်သွားနေသော လမ်းကြောင်းမှာ အမှန်ဖြစ်သည်ဟု ဆိုနိုင်ပါမည်။

စေတနာမမှန်ကန်လျှင်၊ ကိုယ်ပိုင်စွမ်းဆောင်ရည်ကို မယုံကြည်တော့ပြီဟုဆိုလျှင်၊ လမ်းကြောင်းမမှန်တော့ဘူးဟု ယူဆလျှင် ပြည်သူ့အားပေးထောက်ခံမှုက လျော့ပါးသွားမည် ဖြစ်သည်ကိုး။

သို့သော်လည်း လမ်းကြောင်းမှန်ပေါ်မှာ မည်မျှမြန်မြန်နှင့် မည်ကဲ့သို့ တိုးတက်အောင် ဆောင်ရွက်နိုင်မည် ဆိုသည်ကမူ ခေါင်းဆောင်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်၊ ကိုယ်ရည်ကိုယ်သွေး၊ အချင်းချင်းကြားမည်သို့အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်မည်ဆိုသည့် စိတ်ဓာတ်နှင့် အနှောင့်အယှက် အဖျက်အဆီး တိုးတိုက်ပွန်းရှမှု မည်မျှများပြားသည် ဆိုတာနှင့်လည်း ဆိုင်ပါမည်။

အချုပ်ဆိုရလျှင် ယနေ့ချီတက်နေသည့် ခရီးလမ်းသည် မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီ ခိုင်မာမြင့်မားရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး စသည်ကဲ့သို့သော အရေးကြီးသည့် လမ်းကြောင်းမှန်တို့ပေါ်တွင် ရောက်နေပြီဟု ယုံကြည်ထားပြီဆိုလျှင် မည်မျှ မြန်မြန်နှင့်များများ အရှေ့ရှိမည်၊ တိုးတက်မည် ဆိုသည်ကို ချိန်ဆတွက်ချက်ကာ ရှေ့ခရီးဆက်ရမည်ဟု မြင်ပါသည်။

ခေါင်းဆောင်နေရာတို့တွင် မည်သို့သော ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းဆောင်ရည်ရှိသူတို့ ဖြစ်စေမည်၊ မည်သို့ ပိုမိုမြင့်မားအားရှိအောင် ကြိုးပမ်းကြမည်၊ မည်ကဲ့သို့ အတူလက်တွဲပူးပေါင်းဆောင်ရွက်ကြမည်၊ အတွန်းအတိုက် အဖျက်အဆီးများကို မည်သို့ ကျော်လွှားဖြတ်သန်းကြမည် အစရှိသည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို အရှိန်မြှင့်ကာ ကြိုးပမ်းလုပ်ဆောင်နေကြသည်ဟု ယုံကြည်ပါ သည်။

ထို့ပြင်တဖ ယင်းသို့ အရှိန်မြှင့်ကာ ကြိုးပမ်းလုပ်ဆောင်နေကြချိန်တွင် ပြည်သူ့အသံနှင့် ပြည်သူ့အမြင်များကိုလည်း နားစွင့်ကာ နေကြလိမ့်မည်ဟုလည်း မျှော်လင့်ယုံကြည်ပါကြောင်း။ ။

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော
ကလေးစာပေပွဲတော်
ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( မြစ်ကြီးနားမြို့ )
၂၀၁၉ ခုနှစ် ၊ ဇန်နဝါရီလ (၂၀၊ ၂၁၊ ၂၂)ရက်၊ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ)နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ဝင်ရောက်လေ့လာနိုင်ပါသည်။
မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ ၊ မြစ်ကြီးနားမြို့။

## အိမ်တော်ရာစေတီတော်ကြီး ပြုပြင်ရန် လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကြိုးကြာအင်းကျေးရွာအုပ်စု ပိတောက်ကုန်းရွာနှင့် ဖျော်ရွာကျေးရွာအနီးရှိ ရွာသာရွာဟောင်း ရသေ့ကြီး ဦးခန္တီ၏ နေအိမ်ခြံဝင်းအတွင်း၌ လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော်က ရသေ့ကြီး ဦးခန္တီကိုယ်တိုင် တည်ထားကိုးကွယ်ခဲ့သော အိမ်တော်ရာစေတီကြီး ဘက်စုံမွမ်းမံခြင်း၊ ရွှေဆေး၊ သင်္ကန်းလှူခြင်း၊ ရင်ပြင်တော် စကျင်ကျောက်ပြား ကြွေပြားခင်းခြင်းတို့အတွက် ကုန်ကျငွေကျပ် ၂၁၆သိန်းကို ရွှေကံကူသာသနာပြုမယ်တော်ကြီး၏ အသက်၅၃ နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇန်နဝါရီ ၁၁ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## မွန်ပြည်နယ် ဆဋ္ဌမအကြိမ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအစည်းအဝေး ကျင်းပ

**မုဒုံ ဇန်နဝါရီ ၁၃**

ဆဋ္ဌမအကြိမ် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်က မုဒုံမြို့ ညွှန်ကြားရေးမှူးရုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမင်းကြည်ဝင်းက အမျိုးသားအဆင့် လုပ်ငန်းမူဝါဒနှင့် ပင်မလုပ်ငန်းစဉ်များဆိုင်ရာ ဆောင်ရွက်နေမှုများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ဆောင်ရွက်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ပူးပေါင်းပါဝင်နိုင်ရေး အကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးအောင်အောင်လေးက အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ကော်မတီဝင်များက မိမိတို့ဌာနများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးခဲ့ကြသည်။

**မုဒုံမောင်မောင်**

## မန္တလေး လူထုအခြေပြုဗဟိုဌာနတွင် အခြေခံဂျပန်စကားပြောသင်တန်းအခမဲ့ဖွင့်လှစ်

**ပြည်ကြီးတံခွန် ဇန်နဝါရီ ၁၃**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် အခြေခံဂျပန်စကားပြောသင်တန်း ဖွင့်လှစ်လျက်ရှိရာ မည်သူမဆိုအခမဲ့ လာရောက်သင်ကြားနိုင်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက ပြောသည်။

အဆိုပါ သင်တန်းကို လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့က သင်တန်းသားသင်တန်းသူ ၅၀ ဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မည်သူမဆို အခမဲ့လာရောက်သင်ကြားနိုင်ကြောင်း၊ သင်တန်းမှာသုံးလကြာမြင့်မည်ဖြစ်ကြောင်း၊ လာမည့် ဖေဖော်ဝါရီလဆန်းပိုင်းတွင် အခြေခံ အင်္ဂလိပ်စကားပြောသင်တန်းကိုလည်း အခမဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ခရိုင်လူထုအခြေပြုဗဟိုဌာနကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများ၊ ပြပွဲပြိုင်ပွဲများ၊ အခမဲ့အခြေခံကွန်ပျူတာသင်တန်း၊ အခမဲ့အခြေခံ အင်္ဂလိပ်စကားပြောသင်တန်း၊ အခမဲ့အခြေခံဂျပန်စကားပြောသင်တန်း အစရှိသော အခမဲ့သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိရာ အဆိုပါသင်တန်းများကို တက်ရောက်လိုသူများအနေဖြင့် လူထုအခြေပြုဗဟိုဌာန ဖုန်း၀၂-၀၀၉၈၈ သို့ ဆက်သွယ်စာရင်းပေးသွင်း သင်ကြားနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

## နာဂရိုးရာနှစ်သစ်ကူးပွဲတော်အတွင်း နာဂတိုင်းရင်းသားမျိုးနွယ်စုရိုးရာအိမ်များသို့ သွားရောက်လေ့လာနိုင်

**လေရှီး ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် ကျင်းပသည့် ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအနေဖြင့် နာဂမျိုးနွယ်စုများနေထိုင်သည့် ရိုးရာနေအိမ်များကို သွားရောက်လေ့လာနိုင်ကြောင်း နာဂရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ထွဋ်၏ ပြောကြားချက်အရ သိရသည်။



"နာဂလူမျိုးစုတွေရဲ့ရိုးရာအိမ်တွေမှာ ဘယ်လိုအသုံးအဆောင်တွေနဲ့ ဘယ်လိုပုံစံမျိုးတွေ နေထိုင်တယ်ဆိုတာကို ခရီးသွားပြည်သူတွေ သိရှိခံစားနိုင်အောင်၊ သူတို့တွေရဲ့ နေထိုင်မှုပုံစံတွေကို လက်တွေ့လေ့လာနိုင်အောင်လို့ ပြယုဂ်တစ်ခုအနေနဲ့ ဆောက်လုပ်ထားတာပါ။ ပြခန်းအနေနဲ့ အသုံးပြုပြီးတဲ့ နောက်ပိုင်းမှာ ရိုးရာအိမ်တွေကို မျိုးနွယ်စုအလိုက် ဆက်လက်နေထိုင်ပြီးထိန်းသိမ်းသွားမှာပါ"ဟု နာဂရိုးရာယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ပြောသည်။

နာဂနှစ်သစ်ကူးပွဲတော် ကျင်းပပြီးစီးသည့်နောက်ပိုင်း နာဂတိုင်းရင်းသားမျိုးနွယ်စုများဖြစ်သော တန်ကွန်၊ မကူရီ၊ ပါရာ၊ ကိုကာ့၊ လောင်ဖူးရီ၊ ခရမ်ညူငန် စသည့် မျိုးနွယ်စု ခြောက်စု၏ တိုင်းရင်းသားမျိုးနွယ်စုအလိုက် ယင်းအိမ်များကို ထိန်းသိမ်းသည့်အနေဖြင့် အမြဲတမ်းနေထိုင်သွားမည်ဖြစ်ပြီး လေရှီးမြို့နယ်သို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအနေဖြင့် နာဂလူမျိုးစုများ၏ အလေ့အထကို လေ့လာမည်ဆိုလျှင် မျိုးနွယ်စုများနှင့်အတူ တည်းခိုနေထိုင်ပြီး တစ်စုတစ်စည်း တည်းလေ့လာနိုင်စေရန် စီစဉ်ပေးထားကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း ကြိုဆိုပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ အရာထမ်းအမှုထမ်းများအတွက် ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂)ကြိုဆိုပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးဦးဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

**သီတင်း ၁၂ ပတ်ကြာဖွင့်**

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ စွမ်းရည်မြင့်မားစေရေး အထောက်အကူဖြစ်စေရန် ပညာရေးဝန်ကြီးဌာန အနေဖြင့် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ သီတင်း ၁၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည့် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂)ကို တက်ရောက်လာကြသည့် နေပြည်တော်ရှိ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဖွဲ့အစည်း ၂၀ ခုမှ သင်တန်းသား သင်တန်းသူအရာထမ်း ၇၀၊ အမှုထမ်း ၅၅ ဦးတို့အား လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ သင်တန်းအမှတ်စဉ်(၁)ကို အရာထမ်း ၅၂ ဦး၊ အမှုထမ်း ၁၀၄ ဦး တို့ဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး အင်္ဂလိပ်စာကျွမ်းကျင်မှုလက်မှတ် (Certificate of English Language Proficiency) အား ဇန်နဝါရီ ၁၅ ရက်တွင် ပေးအပ်ချီးမြှင့်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင် ပိုမိုထိရောက်အောင်မြင်စေရန်အတွက် မိမိ၏အရည်အသွေးကို မြှင့်တင်နိုင်သည့်အခွင့်အရေးအား မိမိရရဆုပ်ကိုင်ကာ သင်တန်းတက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများအား ချီးကျူးဂုဏ်ပြုပါကြောင်း၊ ယနေ့ချိန်ခါသည် နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာစေရန် ပြည်သူနှင့်အတူ လက်တွဲကြိုးပမ်းနေချိန်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းအကျုံးဝင်သောအရည်အသွေးမြင့် ပညာရေးနှင့် လူတိုင်းအတွက် တစ်သက်တာသင်ယူမှုအခွင့်အလမ်းကောင်းများကို ဖန်တီးဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအတွက် မဟာဘွဲ့၊ ဒီပလိုမာသင်တန်းများကို ယခုထက် ပိုမိုတိုးမြှင့်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသည် သင်တန်းသား သင်တန်းသူများအား တက်ကြွသော၊ ဆန်းသစ်သော အင်္ဂလိပ်ဘာသာစကားလေ့လာသူများဖြစ်လာအောင်၊ မိမိအလုပ်အကိုင်တိုးတက်မှုအခွင့်အလမ်း ရှာဖွေသူများဖြစ်လာ အောင်ပြောင်းလဲပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းစသည်ဖြင့် ပြောကြားသည်။



ပညာရေး ဝန်ကြီးဌာနကဖွင့်လှစ်သော အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂) ကို ဇန်နဝါရီ ၁၂ ရက်မှ ဧပြီ ၇ ရက်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာကုသဆောင်သစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကင်ဆာကုသဆောင်သစ် ငါးထပ်အဆောက်အအုံ (Oncology Ward) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထောက်အကူပြုကော်မတီနာယက ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့ ကင်ဆာလူနာဆောင်သစ်ကြီးအတွင်း ကြည့်ရှုကြစဉ်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ပါမောက္ခချုပ်/ ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာရီရီမြင့်နှင့် ဒေါက်တာမြင့်မြင့်အေးတို့က ကင်ဆာကုသဆောင်သစ် ငါးထပ်အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထောက်အကူပြုကော်မတီနာယက ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ကင်ဆာကုသဆောင်သစ် ငါးထပ်အဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကင်ဆာရောဂါဝေဒနာခံစားနေရသော ဝေဒနာရှင်များအနေဖြင့် ပိုမိုအရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကုသမှုများကို သက်သောင့်သက်သာရှိစွာဖြင့် ခံယူရရှိနိုင်ရန် ယခုကင်ဆာကုသဆောင်သစ်ကြီးကို နိုင်ငံတော်အစိုးရမှ ဘဏ္ဍာငွေကျပ်သန်း ၃၂၀၀ ခွင့်ပြုပေးခဲ့ပါကြောင်း။

ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာလူနာများပြားစွာ အားကိုးအားထားပြု၍ လာရောက်ကုသမှုခံယူနေခြင်းသည် ဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ပညာရှင်များနှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ကောင်းမွန်မှု၊ ဆက်ဆံရေးနွေးထွေးမှုနှင့် စေတနာထားကြိုးပမ်းအားထုတ် ဆောင်ရွက်မှုတို့ကြောင့် ဖြစ်သည့်အတွက် ဝန်ထမ်းများကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း၊ ယခင် ကင်ဆာရောဂါ ကုသဆောင် အဟောင်းသည် ခုတင် ၈၀ ဆံ့သာရှိခဲ့သော်လည်း ဆေးရုံတွင် နေ့စဉ်ကုသပေးနေရသည့် ကင်ဆာလူနာမှာ ၁၈၀ မှ ၂၀၀ ခန့်အထိ ရှိခဲ့ပါကြောင်း။

ယခုကင်ဆာကုသဆောင်သစ်ကြီးတွင် ခုတင် ၃၂၀ ဆံ့ပြီး ကင်ဆာရောဂါကုသမှုဆေးနှင့် ဆေးပစ္စည်းကိရိယာများလည်း လုံလောက်စွာပံ့ပိုးထားပါကြောင်း၊ ထို့အပြင် ကင်ဆာရောဂါဝေဒနာရှင်များတွင် နာကျင်မှုဝေဒနာ ခံစားရမှုကို သက်သာလျော့ပါးစေသည့် ဆေးဝါးများကို လုံလောက်စွာ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ ကင်ဆာလူနာများအတွက် ဆေးဝါး၊ အစာအာဟာရနှင့် အကြောကျွမ်းကျင်ပညာရှင်များကိုလည်း ဝန်ကြီးဌာနမှ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ယခုကင်ဆာကုသဆောင်သစ်ကြီးကို ဆေးရုံတစ်ရုံကဲ့သို့ အုပ်ချုပ်စီမံခန့်ခွဲမှုနှင့် ပံ့ပိုးမှုများအပြင် ကင်ဆာဝေဒနာရှင်များ၏ လူမှုရေးပြဿနာများနှင့် အခက်အခဲများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်အတွက် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ ထပ်မံခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ ကင်ဆာရောဂါဝေဒနာရှင်များ ဆေးရုံတက်ရောက်စဉ် သက်သောင့်သက်သာနားနေနိုင်စေရန် ရုပ်မြင်သံကြားစက်နှင့် ဖတ်ရှုစရာ စာအုပ်များပါဝင်သည့် နားနေခန်းကိုလည်း ထားရှိပေးမည်ဖြစ်ပါကြောင်း၊ ဆေးရုံတက် ကင်ဆာလူနာများသည် ကိုယ်ခံအားနည်းနေနိုင်သည့်အတွက် လူနာတစ်ဦးမှ တစ်ဦး ဆေးရုံတွင် ကူးစက်သောရောဂါ (nosocomial infection)များ ကူးစက်မှုမရှိစေရေးကိုလည်း လူနာများနှင့် မိသားစုများကို ပညာပေးခြင်းအပါအဝင် အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**ပိုမိုမှန်ကန်တိကျစွာဆောင်ရွက်နိုင်**

တစ်နိုင်ငံလုံးတွင် ကင်ဆာမှတ်ပုံတင်စနစ် (Cancer Registry)ကို စတင်ပြုလုပ်နေပြီ ဖြစ်သဖြင့် ကင်ဆာရောဂါဖြစ်ပွားမှု အခြေအနေများကို ပိုမိုတိကျစွာသိရှိနိုင်ကာ ဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူထောက်ပံ့ရာ၌ ပိုမိုမှန်ကန်တိကျစွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ကင်ဆာရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ရန်အတွက် ကျန်းမာရေးအသိပညာပေးခြင်းကို အထူးဦးစားပေးသတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ရောဂါကနဦးလက္ခဏာများကို ကြိုတင်စစ်ဆေးခြင်း (screening) ပြုလုပ်၍ စောစီးစွာကုသမှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၀ ခုနှစ်မှစတင်၍ Gavi အဖွဲ့နှင့် ပူးပေါင်းကာ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (Human Papilloma Virus - HPV vaccine)ကို တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းတွင် ထည့်သွင်းထိုးနှံပေးသွားမည် ဖြစ်ပါကြောင်း၊ ရင်သားကင်ဆာနှင့်ပတ်သက်၍ အမျိုးသမီးများ မိမိကိုယ်ကို Breast Self-Exam (BSE) စမ်းသပ်ပုံနည်းများကို ဝန်ကြီးဌာနမှ ဖြန့်ဝေလျက်ရှိသော Mobile Tablet များတွင်ထည့်သွင်း၍ အခြေခံကျန်းမာရေး ဝန်ထမ်းများမှ တစ်ဆင့် ပြည်သူများကို ပိုမိုအသိပေးသင်ကြားပေးသွားမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် ယခင်ကရရှိရန် အလွန်ခက်ခဲသည့် အရည်အသွေးမြင့်မားပြီး ဈေးနှုန်းမြင့်မားသော ကင်ဆာကုသမှုဆေးများကိုလည်း ယခုအခါ ဝန်ကြီးဌာနမှ နိုင်ငံတကာအဖွဲ့အစည်းများနှင့်နားလည်မှုစာချွန်လွှာများ ရေးထိုးကာ ပံ့ပိုးမှုများကို မကြာမီရရှိမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ သုတေသနပိုင်းဆိုင်ရာ ပံ့ပိုးပေးသော ဘဏ္ဍာငွေဖြင့် ဆေးလက်တွေ့ပိုင်းဆိုင်ရာ အသုံးချသုတေသနလုပ်ငန်းများ ယခုထက်ပိုမိုဆောင်ရွက်သွားရန် တိုက်တွန်းလိုပြီး ဝန်ကြီးဌာနမှလည်း လိုအပ်သည်များ ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆက်လက်ပံ့ပိုးသွားမည်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့သည် City Cancer Project တွင် ပါဝင်သည့်မြို့ဖြစ်သည့်အတွက် ယခုကဲ့သို့ ကင်ဆာကုသဆောင်သစ်ကြီး ဖွင့်လှစ်နိုင်ခြင်းသည် ကင်ဆာရောဂါကုသမှု ဆိုင်ရာ လိုအပ်ချက်ကို များစွာဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ ကင်ဆာကုသဆောင်သစ်ကြီး၏ လုပ်ငန်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့အနေဖြင့် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကင်ဆာခတ်ရောင်ခြည်ဌာနမှ ပါမောက္ခဒေါက်တာ ခင်ချိုဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး ကင်ဆာကုသဆောင်သစ်ကြီးကို ဆောက်လုပ်ခဲ့သည် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းထံသို့ ကင်ဆာကုသဆောင်သစ်ကြီးနှင့် ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌတို့သည် ကင်ဆာလူနာဆောင်သစ်ကြီးကိုလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# လှိုင်သာယာမြို့နယ်အတွင်း သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ဒေသခံပြည်သူများအား သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေးရုံး ကနောင်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

**လုပ်ငန်းခွင်မပျက် ဆောင်ရွက်ပေးခဲ့**

ရှေးဦးစွာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် ဆောင်ရွက်နေသည့် အလုပ်သမားများအနက် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသည့် လုပ်သားများအတွက် နှစ်လတာစီမံချက်ဖြင့် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများကို ကွင်းဆင်းပြီး ငွေကုန်ကြေးကျ သက်သာစွာဖြင့် လုပ်ငန်းခွင်မပျက် ဆောင်ရွက်ပေးခဲ့သဖြင့် လုပ်သား ၇၈၈၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခဲ့သည့်အပြင် ယခုစာသင်နှစ်အတွင်း၌ အခြေခံပညာကျောင်းပေါင်း ၃၄၄ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၃၀၂၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် လူတစ်ဦးတစ်ယောက်အတွက် မရှိမဖြစ် လိုအပ်သည့် ကတ်ပြားဖြစ်ပြီး ဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပေးရပါကြောင်း၊ ဘိုးဘွားစဉ်ဆက်မှတ်တမ်းမှတ်ရာများဖြင့် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ရသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး သက်ဆိုင်ရာရုံးများ၌ ကိုယ်တိုင်သွားရောက် လျှောက်ထားဖြည့်သွင်း ဆောင်ရွက်ရသည့် လုပ်ငန်းလည်း ဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် လာရောက်လျှောက်ထား ရယူနိုင်ခြင်း မရှိသည့်အတွက် ဌာနဝန်ထမ်းများသည် ရပ်ကွက်/ ကျေးရွာများနှင့် စာသင်ကျောင်းများအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ပြည်သူများအချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ရရှိကိုင်ဆောင်နိုင်ကြပြီ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ရပ်ကွက်/ ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးမှုကြောင့် အလွယ်တကူရရှိကြသော်လည်း ပြည်သူတစ်ဦးချင်းအနေဖြင့် မရှိမဖြစ်လိုအပ်သည့် ကတ်ပြားဖြစ်သည့်အတွက် စနစ်တကျတန်ဖိုးထားကိုင်တွယ် ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း။

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

မကြာခင်ကာလတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားကို နိုင်ငံတကာအဆင့်မီ Smart Card အဖြစ် ပြောင်းလဲထုတ်ပေးနိုင်ရေးအတွက်လည်း ဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သည့်အတွက် အခက်အခဲက စနစ်တကျလေ့လာသုံးသပ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလုပ်ငန်းစဉ်များသည် ဌာန၏လုပ်ငန်းတာဝန်များဖြစ်သော်လည်း အခြားဆက်စပ်ဌာနများအပြင် ပြည်သူများမှ ပူးပေါင်းကူညီဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးမှုနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။




ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှိုင်သာယာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာပြည်သူများကိုယ်စား ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပေးအပ်ကြရာ ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး**

လှိုင်သာယာမြို့နယ်အတွင်း သစ္စာစီမံချက်ဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ အသက် ၁၀ နှစ်ပြည့်ပြီးသူ ၁၅၀၅ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၁၈၉၀ ဦး၊ လဲလှယ်သူ ၈၁၄ ဦးနှင့် ပျောက်/ပျက်၊ မိတ္တူလျှောက်ထားသူ ၁၈၂၉ ဦးစုစုပေါင်း ၆၀၃၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ခဲ့ပြီး ယခု အခမ်းအနားတွင် လှိုင်သာယာမြို့နယ် (၈)၊ (၁၄)၊ (၁၆)၊ (၁၉) ရပ်ကွက်များနှင့် ရှမ်းချောင်းကျေးရွာအုပ်စု၊ ရေဥက္ကံ၊ ကစင်ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူ ၁၂၄၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခဲ့သည်။ **သတင်းစဉ်**

# မြောင်းမြတံတားသစ် သံပေါင်တင်၊ နောက်ဆုံးအစိတ်အပိုင်းတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်လမ်းပေါ်တွင် ရွှေးမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် မြောင်းမြတံတားသစ် သံပေါင်တင်၊ နောက်ဆုံး အစိတ်အပိုင်းတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီ၁၀ မိနစ်တွင် တံတားတည်ဆောက်ရေးလုပ်ငန်းခွင် မြောင်းမြဘက်ကမ်း၌ ကျင်းပသည်။ **(ယာပုံ)**

**ပထမအဆင့် တပ်ဆင်**

အခမ်းအနားမစတင်မီ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က Servey Data များ စမ်းသပ်ချက်မှ တွေ့ရှိချက် Final ရလဒ်ကိုကြည့်ပြီး တံတား၏ ခိုင်ခံ့မှုကို အတည်ပြုပေးသည်။ ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးမိုးသူနှင့် မြောင်းမြမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦးတို့က သတ်မှတ်နေရာများတွင် အသီးသီး နေရာယူကြပြီး မင်္ဂလာအချိန်တွင် သံပေါင်တင် နောက်ဆုံးအစိတ်အပိုင်းကို ပထမအဆင့် တပ်ဆင်ပေးပြီး ပရိတ်ရေဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး၊ မြောင်းမြမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းထွန်းကြိုင်၊ မြောင်းမြမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်ဝင်းနှင့် တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁) မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးဝင်းတို့က သတ်မှတ်နေရာများတွင် အသီးသီးနေရာယူပြီး မင်္ဂလာအချိန်တွင် သံပေါင်တင်၊ နောက်ဆုံးအစိတ်အပိုင်းအား ဒုတိယအဆင့်အနေဖြင့် Torque Shear Wrench ကိရိယာ အသုံးပြု၍ အပြီးသတ် တပ်ဆင်ပေးပြီး ပရိတ်ရေဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး သံပေါင်တင်၊ နောက်ဆုံးအစိတ်အပိုင်းတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။




ယခုတည်ဆောက်နေသည့် မြောင်းမြတံတားသစ်ကြီးအား ဂျပန်နိုင်ငံ JFE ကုမ္ပဏီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ဆက်စပ်ထူထောင်ထားသော J&M Steel Solution မှ အသေးစိတ် ဒီဇိုင်းရေးဆွဲ၍ သံပေါင်များ ထုတ်လုပ်ပေးလျက်ရှိပြီး ပင်မတံတားအပိုင်းအား ခေတ်မီနည်းပညာသစ် Steel Truss Deck Type အမျိုးအစားဖြင့် တည်ဆောက်ထားသည်။

တံတားသစ်ကြီးအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၁) မှ တာဝန်ယူပြီး ၂၀၁၇ခုနှစ် မေလ ၁ ရက်နေ့မှ လုပ်ငန်းများစတင်ကာ ၂၀၁၉ ခုနှစ်၊ မတ်လအကုန်တွင် အပြီးတည်ဆောက်နိုင်ရေး စီမံချက်ချ ဆောင်ရွက်လျက်ရှိရာ မကြာမီ ဧရာဝတီတိုင်းဒေသကြီးအတွင်း ခေတ်မီခိုင်ခံ့ညားခိုင်ခံ့လှပသော တံတားတစ်စင်းပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❐ *ရှေ့ဖုံးမှ*

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသနေ ဝေးလံခေါင်းပါးသော နယ်စပ်ဒေသလူငယ်များ ပိုမိုလက်ခံသင်ကြားပေးနိုင်ရေးအတွက် ဆောက်လုပ်လျက်ရှိသော ကျောင်းသား သုံးထပ်အိပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက တည်ဆောက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပူတာအိုမြို့မှ ဖုန်ကန်ရာဇီရေခဲတောင်သို့ သွားရောက်နိုင်မည့် အထက်ရှန်ခေါင် - ဝါဆာဒမ်း-နမ်ရိုထု-ဇီယာဒမ်းမြေသားလမ်း ၂၂ မိုင်အနက် ဆောင်ရွက်ပြီးစီးနေသော မြေသားလမ်း (၁/၇)မိုင်ကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ (ပထမခြောက်လ)ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်နေသော ပူတာအို-နမ်ထွမ်ခူး ကျောက်လမ်း (၇/၄)မိုင် တည်ဆောက်ပြီးစီးမှု၊ ပူတာအိုမြို့နယ် လန်းတောင် ကျေးရွာအုပ်စုနှင့် မကပ်မုန်ကျေးရွာအုပ်စုကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ လန်းတောင် ကျေးရွာအုပ်စုမှ မာမိန်ကျေးရွာနှင့် မာမိန်ရှီးဒီကျေးရွာ ချင်းဆက်လမ်း ပြုပြင်ထိန်းသိမ်းရန်လိုအပ်ချက်များနှင့် ဇီးအွန်-လန်းတောင် ကျောက်လမ်းဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

**အကောင်အထည်ဖော် ဆောင်ရွက်**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်အတွင်း ရေရှည်တည်တံ့မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းရင်းသား အခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြော

**ကျောက်တံခါး ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် တိုင်းရင်းသားအခြေခံအချက်များ ကောက်ယူခြင်း အခမ်းအနားကို ယမန်နေ့က ဖဒိုမြို့ ကရင်နှစ်ခြင်းအသင်းတော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်ဆေးနှင့် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာကြည်စိုးတို့က အမှာစကားပြောကြားပြီး တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးသော်က တိုင်းရင်းသားအခွင့်အရေးများအကြောင်းကို ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာ အခြေခံအချက်များကို စစ်တမ်းကောက်ယူပြီး အဖွဲ့ခွဲလိုက် အကြံပြုဆွေးနွေးကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကလေးစာပေပွဲတော်(စစ်ကိုင်းမြို့) ပထမနေ့တွင် လာရောက်ဆင်နွှဲသူများဖြင့် စည်ကားများပြား

**စစ်ကိုင်း ဇန်နဝါရီ ၁၃**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (စစ်ကိုင်းမြို့)ကို ယနေ့ နံနက်ပိုင်းက စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ စစ်ကိုင်းမြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ အခြေခံပညာကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း တက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းနည်းပညာတက္ကသိုလ်တို့မှ ကျောင်းသားကျောင်းသူများနှင့် အခြားစာပေကို စိတ်ဝင်စားသူများ လာရောက်ပါဝင်ဆင်နွှဲခဲ့ကြသည်။

စစ်ကိုင်းမြို့ လေ့ကျင့်ရေးအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ကျော့ကျော့ခိုင်က "ကလေးစာပေပွဲတော်တွေက ကလေးတွေနဲ့ ကျောင်းသားကျောင်းသူတွေအတွက် အမှန်တကယ် လိုအပ်ပါတယ်။ အခုခေတ်ကာလလို နည်းပညာမြင့်ပစ္စည်းတွေ ပေါ်များလာချိန်မှာ စာအုပ်စာပေတွေအပေါ် စိတ်ဝင်စားမှု လျော့နည်းလာတာကို ပြန်ပြီးစိတ်ဝင်စားမှု မြင့်တက်လာစေပါတယ်။ ပြသထားတဲ့ပြခန်းတွေကလည်း ဗဟုသုတတွေအများကြီး ရရှိနိုင်ပါတယ်။ စာအုပ်မျိုးစုံကို တစ်နေရာထဲမှာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်လို့ ကလေးစာပေပွဲတော်လို့ အမည်ပေးထားပေမယ့် လူကြီးတွေအတွက်ရော ကျွန်မတို့လို ဆရာ ဆရာမတွေအတွက်လည်း များစွာ အကျိုးရှိပါတယ်။ အခြားရပ်ရွာဒေသတွေမှာလည်း ဒီလိုကလေးစာပေပွဲတော်တွေ ကျင်းပပေးစေချင်ပါတယ်" ဟု ပြောသည်။

**လာရောက်ကြသူများ ပျော်ရွှင်လျက်ရှိ**

ပြပွဲတွင် ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် စစ်ကိုင်းမြို့ဝန်းကျင်ရှိ လက်မှု ထုတ်ကုန်ပြခန်းများ၊ ဒေသထုတ်ကုန် ပြခန်းများ စသည်ဖြင့် သုတရသစုံလင်စွာပြသထားရာ လာရောက်ကြသူများ ပျော်ရွှင်လျက်ရှိသည်။

**စိတ်ဝင်တစား လာရောက်လေ့လာ**

ပြိုင်ပွဲကျင်းပရေးကော်မတီမှ စီစဉ်ဆောင်ရွက်ပေးသည့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲများတွင် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲကြရာ ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဆုနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြပြီး ဖျော်ဖြေရေးအစီအစဉ်များ၊ စာပေဟောပြောပွဲနှင့် ပညာရေးဆိုင်ရာ စကားဝိုင်းများတွင်လည်း စိတ်ဝင်တစား လာရောက်လေ့လာကြကြောင်း တွေ့ရသည်။

ပွဲတော်သို့ လာရောက်ကြသူများကို စစ်ကိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကျောက်မျက်လုပ်ငန်းရှင်များအသင်း (စစ်ကိုင်း) မြို့ မားမားခေါက်ဆွဲနှင့် အိုဗာတင်းတို့မှ အစားအစာ၊ အအေးပုလင်းနှင့် အချိုရည်များကို ဝေငှခဲ့ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

**ဓာတ်ပုံ - အောင်ဖြိုးကျော်၊ အောင်မင်းဟန်**



စစ်ကိုင်းမြို့ ကလေးစာပေပွဲတော် ပထမနေ့တွင် ကျောင်းသားကျောင်းသူလေးများက ခင်းကျင်းပြသထားသည့်စာအုပ်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုဝယ်ယူနေကြစဉ်။

# ပျော်ရွှင်စွာသက်ဝင်လှုပ်ရှားရင်း စာဖတ်ခြင်းအလေ့အထများ ရရှိစေမည့် စစ်ကိုင်းမြို့က ကလေးစာပေပွဲတော်



ဒေါ်နီလာထွန်း
( မူလတန်းပြ၊ စကျင်ရွာ)



မောင်အောင်သီဟကျော်
(အဋ္ဌမတန်း၊ အထက-၁၊ စစ်ကိုင်းမြို့)



ဒေါ်သက်သက်စိုး (ပြခန်းတာဝန်ခံ၊
နယ်စပ်ရေးရာဝန်ကြီးဌာန)



ကိုညီသုတ
(သုခဘုံစာပေ- ရန်ကုန်)



ဒေါ်သဲသဲဝါ (ကျောင်းသားမိခင်၊
တောင်ဘော်ဂါရပ်၊ စစ်ကိုင်းမြို့)

**စစ်ကိုင်း ဇန်နဝါရီ ၁၃**

ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့စတင်ကျင်းပရာ လာရောက် ဆင်နွှဲသူများ၏ အမှတ်တရစကားသံများကို ထုတ်နုတ်တင်ပြလိုက်ပါသည်။

**ဒေါ်နီလာထွန်း( မူလတန်းပြ၊ စကျင်ရွာ)**

ကလေးတွေအတွက် ဗဟုသုတ၊ အသိပညာတွေ အများကြီးရရှိစေတဲ့ ပွဲတော်တစ်ခုပါ။ အခုရောက်ကတည်းက ကလေးတွေ ပြပွဲပြိုင်ပွဲတွေ ဝင်ကြည့်၊ ဝင်ပြိုင်နေကြတယ်။ အကြိုက်ဆုံး အားကစားကတော့ ခါးလှည့်ကွင်းကစားနည်းနဲ့ ပြိုင်ပွဲအနေနဲ့ ဆေးရောင်ခြယ် ပြိုင်ပွဲတွေကို စိတ်ဝင်တစားရှိကြတယ်။ ကျွန်မနဲ့အတူ ကျောင်းသားကျောင်းသူ ၁၀၀ ကျော် လာရောက်ကြပါတယ်။ လူတွေကြိတ်ကြိတ်တိုး စည်ကားနေတာ တွေ့ရတာ အားရပျော်ရွှင်စရာကောင်းပါတယ်။ ကျွန်မတို့ စာသင်ရတဲ့ရွာက ဒီလိုပွဲတော်အကြောင်း သိပ်မသိကြဘူး။ ဒါကြောင့် မကြာခဏ ကျင်းပပေးဖို့ တောင်းဆိုပါတယ်။

**မောင်အောင်သီဟကျော်(အဋ္ဌမတန်း၊ အထက-၁၊ စစ်ကိုင်းမြို့)**

စစ်ကိုင်းမှာ ဒီပွဲတော်ကျင်းပမယ်ဆိုတာ ကြားကတည်းက စာပေဝါသနာပါတဲ့ ကျွန်တော့်အနေနဲ့ ပျော်နေတာပါ။ စာပေဆိုင်ရာပြခန်းတွေနဲ့ နည်းပညာပြခန်းတွေ အားလုံးကို လေ့လာပြီးပါပြီ။ နည်းပညာပြခန်းက ဓာတ်လှေကားတည်ဆောက်ပုံနဲ့ ကားတည်ဆောက်ပုံ၊ ကွန်ပျူတာနဲ့ ပုံဆွဲပြသတာကို စိတ်ဝင်စားပါတယ်။ ကျွန်တော်တို့အတွက် လိုအပ်တာတွေ၊ သိချင်တာတွေအားလုံးကို ဒီလိုပြပွဲတွေ လုပ်ပေးခြင်းဖြင့် ရရှိနိုင်မှာပါ။ စာအုပ်ဆိုင်တွေမှာ ကျွန်တော်နှစ်သက်တဲ့ သုတရသစာအုပ်တွေကို ရွေးပြီး ဝယ်ဖြစ်ပါတယ်။ ဒီစာပေပွဲတော်က သူငယ်ချင်းတွေ ဆုံစည်းပြီး ပျော်ပျော်ရွှင်ရွှင်နဲ့ စာပေဖတ်ရှုလိုစိတ်တွေ ဖြစ်ပေါ်စေနိုင်တဲ့အတွက် လာရောက် လေ့လာစေချင်ပါတယ်။

**ဒေါ်သက်သက်စိုး (ပြခန်းတာဝန်ခံ၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**

ကျွန်မတို့ပြခန်းမှာ တိုင်းရင်းသားလူမျိုးတွေရဲ့ နေထိုင်မှုပုံစံတွေ၊ နေအိမ်တွေ၊ တက္ကသိုလ်မှာ တက်ရောက်နေတဲ့ တိုင်းရင်းသားလူမျိုးတွေကို သင်ကြားပြသတဲ့ စာပေ ၊ ပန်းချီ၊ အိမ်တွင်းစက်မှုလက်မှု ရိုးရာဓလေ့တွေကို ဒီပြပွဲမှာ ပြသပေးထားပါတယ်။ ဒီပွဲတော်မှာ ပါဝင်ပြသတဲ့ ရည်ရွယ်ချက်က နယ်စပ်ဒေသမှာရှိတဲ့ တိုင်းရင်းသား ကလေးတွေကို လက်မှုပညာ၊ စက်မှုပညာနဲ့ အခြားအသိပညာတွေ သင်ကြားပေးနေတယ် ဆိုတာသိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ။

ဒီတက္ကသိုလ်ရှိထားတဲ့အတွက် တိုင်းရင်းသားလူမျိုးတွေ တစ်နေရာတည်းမှာ စုစည်းပြီး အသိပညာရပ်တွေကို သင်ယူနိုင်တယ်ဆိုတဲ့ အကြောင်းကို သိစေချင်လို့ပါ။ အခု ကျွန်မတို့ ပြခန်းကို မူလတန်းနှင့် အလယ်တန်းအဆင့်တွေ ပိုပြီးစိတ်ဝင်စားကြတာကို တွေ့ရတယ်။ တိုင်းရင်းသားလူမျိုးအလိုက် ဒီမှာလာပြီး ပြသတဲ့အတွက် လာရောက်တဲ့ ကလေးတွေက သူတို့နဲ့တွဲပြီး စိတ်ဝင်တစား ဓာတ်ပုံရိုက်ကြတယ်။ ဒီလိုပွဲတော်လုပ်ပေးခြင်းအားဖြင့် အမြင်ကျယ်ပြီး အသိပညာတိုးပွားလာစေတဲ့ အကျိုးတွေ ရရှိနိုင်စေပါတယ်။ ဒါကြောင့် ဒီလိုပွဲတော်တွေ စဉ်ဆက်မပြတ် လုပ်ပေးသင့်ပါတယ်။

**ကိုညီသုတ (သုခဘုံစာပေ- ရန်ကုန်)**

ကျွန်တော်က စာဖတ်ရှိန်မြှင့်တင်ရေးအသင်းက အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့အတွက် မြို့တိုင်းမှာလိုက်ပြီး စာဖတ်ရှိန်မြင့်မားဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကလေးစာပေပွဲတော်မှာ ကလေးသင်ထောက်ကူပစ္စည်းတွေ ပိုပြီးရောင်းချရပါတယ်။ လူကြီးလူငယ် အရွယ်စုံဖတ်လို့ရအောင် သုတရသ စာအုပ်အစုံအလင်ရောင်းချပေးနေပါတယ်။ ကလေးစာပေပွဲတော်ကျင်းပတဲ့ မြို့တိုင်းကို ကျွန်တော်က လိုက်လံရောင်းချပါတယ်။ ဒီလိုပွဲတော်လုပ်ပေးခြင်းအားဖြင့် ကလေးတိုင်းလည်း စာဖတ်ပြီး မြို့တိုင်းမှာလည်း စာဖတ်အားကောင်းလာတဲ့အတွက် ကျွန်တော်တို့ စာအုပ်ဆိုင်တွေလည်း ရောင်းအားကောင်းလာပါတယ်။

**ဒေါ်သဲသဲဝါ (ကျောင်းသားမိခင်၊ တောင်ဘော်ဂါရပ်၊ စစ်ကိုင်းမြို့)**

ကျွန်မတို့ စစ်ကိုင်းမြို့မှာကျင်းပတဲ့ ကလေးစာပေပွဲတော်ကို ကျွန်မကလေးတွေ ပါဝင်ဆင်နွှဲနိုင်ဖို့ လာရောက်တာပါ။ ပြသထားတဲ့ ပြခန်းတွေနဲ့ အားကစားပွဲတွေမှာ ကလေးတွေ စိတ်ဝင်တစားနဲ့ ဝင်ရောက်ယှဉ်ပြိုင် ဆော့ကစားနေကြတာ တွေ့ရတဲ့အတွက် မိခင်တစ်ယောက်အနေနဲ့တော့ ဝမ်းသာကြည်နူးမိပါတယ်။ ကျောင်းပေါင်းစုံက ကျောင်းသားကျောင်းသူတွေ အများကြီး ပါဝင်ဆင်နွှဲရတဲ့အတွက် ကိုယ့်အတန်း၊ ကိုယ့်ကျောင်းဆိုတာထက် ပိုပြီးတော့ အမြင်ကျယ်လာပါတယ်။ ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခြင်းအားဖြင့်လည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ပိုရှိလာမယ်လို့ ထင်ပါတယ်။ ပွဲတော်ကို မရောက်သေးတဲ့ မိဘတွေအနေနဲ့ ကိုယ့်ရဲ့ကလေးကို သူများတွေလို ပျော်ရွှင်နိုင်ဖို့ ဒီပွဲတော်ကြီး လာရောက်ဆင်နွှဲကြဖို့ ဖိတ်ခေါ်တိုက်တွန်းချင်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**အေးမြ(မန္တလေး)**

**ဓာတ်ပုံ - အောင်ဖြိုးကျော်**



စစ်ကိုင်းမြို့ ကလေးစာပေပွဲတော် ပထမနေ့တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# စစ်ကိုင်းမြို့တွင် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပ





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

**စစ်ကိုင်း ဇန်နဝါရီ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပါရဂူခန်းမရှေ့တွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သိန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ သုံးထပ်ကွမ်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မောင်ကောင်းမင်းခန့်နှင့် မနှင်းနုနုဝေတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**ဖွင့်လှစ်ပေး**

ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ပါရဂူခန်းမတွင် ဆက်လက်ကျင်းပရာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော် Theme Song ကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို အဓိကပင်တိုင်ပြု၍ အမြို့မြို့ အနယ်နယ်တွင် ကလေးစာပေပွဲတော်များကို ကျင်းပလျက်ရှိပါကြောင်း၊ ယခုလို ကျင်းပရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်နှင့် ခရိုင်အဆင့်ဟူ၍ ကျင်းပလျက်ရှိပြီး ယနေ့ စစ်ကိုင်းခရိုင်၌ ကျင်းပရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကျင်းပသည့် ကလေးစာပေပွဲတော်များနည်းတူ စည်ကားစေရန် ကြိုးစားဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း။

ပြီးခဲ့သည့် နှစ်နှစ်ကျော်ကတည်းက ကလေးစာပေပွဲတော်များကို ကျင်းပပြီး အဆိုပါပွဲတော်များကျင်းပရန် ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် မဖြစ်နိုင်ပါကြောင်း၊ အခြားသော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ အလှူရှင်များနှင့် ပူးတွဲပြီးဆောင်ရွက်၍ ယခုကဲ့သို့ အောင်မြင်ခြင်းဖြစ်ပါကြောင်း၊ တိုင်းပြည်တွင် လူငယ်များ စာပေဖတ်ရှုလိုစိတ် ပျိုးထောင်ပေးရန် ကလေး စာပေပွဲများကို ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာအုပ်စာပေများရှိပြီး ကျောင်းသား ကျောင်းသူများရှိသော ပညာရေးဝန်ကြီးဌာနနှင့် ပူးတွဲ၍ ကျင်းပရန် ပညာရေးဝန်ကြီးဌာနမှ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်သည့်အတွက် ယခုလို ကလေးစာပေပွဲတော်များ ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှစ်ခုပူးပေါင်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပူးပေါင်းပါဝင်၍လည်း အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း။

**အားတက်သရော ပူးပေါင်းပါဝင်**

ကလေးများ စာပေဖတ်ရှုလိုစိတ်ဖြစ်ပေါ်စေရန်မှာ တစ်တိုင်းပြည်လုံး၏ အရေးကိစ္စဖြစ်သလို မိဘ၊ ဆရာ ဆရာမများနှင့် အများပြည်သူအားလုံး၏ အရေးကိစ္စဖြစ်သည့်အတွက် သက်ဆိုင်သူအားလုံး အားတက်သရော ပူးပေါင်းပါဝင်မှသာ စည်စည်ကားကား အောင်မြင်စွာ ကျင်းပနိုင်မည်ဖြစ်ပါကြောင်း။

ကလေးစာပေပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နှစ်ချက်ရှိပါကြောင်း၊ ပထမအချက်အနေဖြင့် လတ်တလော အကျိုးကျေးဇူးရရှိစေရန် ဖြစ်ပါကြောင်း၊ လတ်တလော အကျိုးကျေးဇူးဆိုသည်မှာ အဆိုပါပွဲတော်တွင် ကလေးများ စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ လှုပ်ရှားသက်ဝင်စေရမည်ဆိုသည့် အဓိပ္ပာယ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အနည်းဆုံး ကလေးများ ဤပွဲတော်ကို လာရောက်ပြီး ပျော်ရွှင်စရာ အမှတ်တရများကို အသက်ကြီးလာသည်အထိ သတိတရရှိနေစေရန်၊ လှုပ်လှုပ်ရှားရှား သွက်သွက်လက်လက်ဖြင့် ပျော်ရွှင်စေရန် ဖန်တီးပေးခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ပျော်ရွှင်မှုနှင့်အတူ စာအုပ်၊ စာပေဆိုသည့် ပတ်ဝန်းကျင်နှင့်တွဲဖက်ပြီး ထိတွေ့မှုရရှိသွားရန် အဓိက ရည်ရွယ်ပါကြောင်း။

ဒုတိယအချက်မှာ ကလေးများ စာအုပ်၊ စာပေနှင့် ဆက်စပ်ပြီး ပျော်ရွှင်မှုရစေရန်ဖြစ်ပါကြောင်း၊ ယခုပွဲတော်ကျင်းပခြင်းဖြင့် ကလေးများ စုပေါင်းလုပ်ဆောင်လိုစိတ်များတွင် စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်လိုစိတ်များလည်း ဖြစ်ပေါ်လာရန် ရည်ရွယ်ပါကြောင်း။

**ရေရှည် ရည်မှန်းချက်ထား**

ထို့ကြောင့် ပွဲတော်တွင် ပြိုင်ပွဲအများအပြားထည့်သွင်း၍ စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အခြားကလေးများ၏ ယှဉ်ပြိုင်မှုများကိုလည်း လေ့လာ၍ ဗဟုသုတများ ရရှိသွားစေနိုင်ပါကြောင်း၊ ပျော်ရွှင်ရင်း စာပေနှင့် ရင်းနှီးမွေ့လျော်ကာ စာဖတ်ဝါသနာများ ရာသက်ပန် ရရှိသွားခြင်းဖြင့် နိုင်ငံအတွက် အသိပညာ ဗဟုသုတပြည့်ဝသည့် လူတော်လူကောင်းများ ဖြစ်လာစေရန်အထိ ရေရှည်အတွက် ရည်မှန်းချက်များထား၍ ကလေးစာပေပွဲများကို ကျင်းပခြင်းဖြစ်ပါကြောင်း၊

ယနေ့ မိမိတို့နိုင်ငံတွင် စာမသင်ရသေးသည့် ကလေးအရွယ်များအထိ စာပေကို စိတ်ဝင်စားစေရန် ပြုစုပျိုးထောင်ပေးနေပါကြောင်း၊ နွေရာသီကျောင်းပိတ်ရက်များတွင်လည်း စာဖတ်နှုန်း မြင့်တက်စေရန် ဆရာ ဆရာမများ၊ သက်ဆိုင်ရာ စာကြည့်တိုက်ဝန်ထမ်းများ၊ မြို့နယ်ကျေးရွာရှိ ဆရာ ဆရာမများ၊ စာပေဝါသနာရှင်များနှင့် နွေရာသီစာဖတ်ဝိုင်းများ ပြုလုပ်ပေးရန် စီစဉ်ထားပြီးဖြစ်သည်ကို အသိပေးလိုပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏အနာဂတ် ထူထောင်ရန်နှင့် လူငယ်များ၏ အနာဂတ်ကောင်းမွန်ရန် ကလေးစာပေပွဲတော်များကို ယခုကဲ့သို့ အားပေးကူညီ ပါဝင်ဆောင်ရွက်ပေးရန်နှင့် ကလေးစာပေပွဲတော်မှ ရရှိသည့် စိတ်ကူးအကြံဉာဏ်ကောင်းများဖြင့် ကလေးများ စာဖတ်ရင်း အသိပညာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ဆက်လက်ပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စုမြတ်ထက်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ကလေးစာပေပွဲတော် (စစ်ကိုင်းမြို့) ဖြစ်မြောက်အောင် ပါဝင်ကူညီခဲ့သည့် ကျောက်မျက်လုပ်ငန်းရှင်အသင်း (စစ်ကိုင်း) ဥက္ကဋ္ဌ ဦးအောင်ကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ စစ်ကိုင်းမြို့ KID'S SMILE ကိုယ်ပိုင်ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုသီချင်းဖြင့် လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက အတုမရှိ ရွှေစစ်ကိုင်းတေးသီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(ရန်နိုင်)မှ ကျောင်းသား၊ ကျောင်းသူလေးများက ဆီမီးခွက်အကဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

**ကပြဖျော်ဖြေ**

ထို့နောက် အခြေခံပညာမူလတန်းကျောင်း (ဒေါင်းမ)မှ ကျောင်းသား၊ ကျောင်းသူလေးများက သိုင်းအကဖြင့် လည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ရှမ်းအကဖြင့် လည်းကောင်း၊ အမှတ်(၁) ရွှေသမားဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ကလေးတို့ရဲ့စာပေပွဲ ဒိုးပတ်သံ (ဒွေးချိုးကဗျာ)ဖြင့် လည်းကောင်း သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် တာဝန်ရှိသူများသည် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတွင် စစ်ကိုင်းမြို့ရှိ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဖွင့်လှစ်ပြသထားသည့် ပြခန်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် စာအုပ်ပြခန်း၊ ကလေးစာဖတ်ခန်း၊ စာအုပ်အရောင်းဆိုင်များ ခင်းကျင်းပြသထားမှု၊ ပြိုင်ပွဲများ၊ ဆင်အကနှင့် အခြား ဖျော်ဖြေပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ပြခန်း ၂၀ ခန်း ပြသ**

စစ်ကိုင်းမြို့တွင် ကျင်းပသည့် အဆိုပါပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်အတွင်း ပညာရေးဝန်ကြီးဌာနမှ နည်းပညာတက္ကသိုလ်ပြခန်း၊ အခြေခံပညာကျောင်းများပြခန်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြခန်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြခန်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေးပြခန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စု တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် (စစ်ကိုင်း)ပြခန်းတို့မှ လာရောက်ပြသသည့် အသိပညာပေးပြခန်းများနှင့် စစ်ကိုင်းမြို့ဝန်းကျင်ရှိ ငွေထည်လုပ်ငန်း၊ ကျောက်စိမ်းပုတီးလုပ်ငန်းနှင့် ဂီတာလုပ်ငန်း အစရှိသည့် လက်မှုထုတ်ကုန်ပြခန်းများ၊ ဒေသထွက်ကုန်ပြခန်းများ အပါအဝင် စုစုပေါင်း ပြခန်း ၂၀ ခန်း၊ စာပေဟောပြောပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများနှင့်အတူ အားကစားလှုပ်ရှားမှုများအနေဖြင့် ဖူဆယ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ တာယာ ဂိုးသွင်းပြိုင်ပွဲများနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းသည့် အစီအစဉ်များအပြင် သုတရသ စာအုပ်မျိုးစုံ လာရောက်ရောင်းချကြသည့် စာအုပ်အရောင်းဆိုင်ပေါင်း ၈၃ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်းနှင့် အဆိုပါပွဲတော်အား မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)၊**
**ဓာတ်ပုံ -အောင်ဖြိုးကျော်**



# စစ်ကိုင်းမြို့ ကလေးစာပေပွဲတော်မှ ပျော်ရွှင်ကြည်နူးစရာ မြင်ကွင်းအဖုံဖုံ

ဓာတ်ပုံ- အောင်မြိုးကျော်၊ အောင်မင်းဟန်



စစ်ကိုင်းမြို့ ကလေးစာပေပွဲတော် အရုပ်ဆက်ပြိုင်ပွဲတွင် ကလေးငယ်များ စိတ်ဝင်တစား ပါဝင်ယှဉ်ပြိုင်နေစဉ်။



စစ်ကိုင်းမြို့ ကလေးစာပေပွဲတော်တွင် ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေသည့် ကလေးငယ်တစ်ဦးအား တွေ့ရစဉ်။



စစ်ကိုင်းမြို့ ကလေးစာပေပွဲတော်တွင် လက်ပန်းချီရေးဆွဲပေးနေသူ တစ်ဦးအား တွေ့ရစဉ်။



စစ်ကိုင်းမြို့ ကလေးစာပေပွဲတော် ခါးလှည့်ကွင်းကစားနည်းတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေသည့် ကလေးငယ်များအား တွေ့ရစဉ်။



စစ်ကိုင်းမြို့ ကလေးစာပေပွဲတော် ပျော်စရာ ရွှင်စရာ ကစားနည်းများတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ဆင်နွှဲနေစဉ်။



စစ်ကိုင်းမြို့ ကလေးစာပေပွဲတော် ပန်းချီပြိုင်ပွဲတွင် ကလေးငယ်တစ်ဦး ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# မြန်မာ့ယဉ်ကျေးမှုပုံရိပ်များ အညာမြေတွင် ဆက်လက်ရှင်သန်နိုင်ပါစေ

မင်းထက်အောင်(မန်းကိုယ်ပွား) ၊ ဓာတ်ပုံ- အောင်ဖြိုးကျော်

**မြန်မာ့ယဉ်ကျေးမှု ဆင်ယင်ထုံးဖွဲ့မှုဓလေ့တွေနဲ့ ပျော်မွေ့နေကြတဲ့ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းမှာရှိတဲ့ စက်စက်ယိုကျေးရွာကလေးကို ကျွန်တော်တို့သတင်းအဖွဲ့က သတင်းရယူမေးမြန်းဖို့ ဇန်နဝါရီ ၅ ရက်မှာ မန္တလေးမြို့ကနေ ကားနဲ့ ထွက်ခွာလာခဲ့ပါတယ်။ ဒီကျေးရွာလေးကိုသွားဖို့ ညောင်ဦးမြို့နယ်ထဲကို စတင်ဝင်ရောက်လာတာနဲ့ ထန်းပင်၊ ထန်းတောတွေ ပေါများလှတဲ့အတွက် အညာဒေသရဲ့အငွေ့အသက်ကို စတင်ခံစားမိလိုက်တယ်။**



**ဂုဏ်ယူမိ**

ဩော်... မြန်မာတွေနေတဲ့ အညာမြေဒေသမှာ ခေတ်တွေ ဘယ်လိုပဲ တိုးတက်ပြောင်းလဲပါစေ၊ ရိုးရာဓလေ့စရိုက်နဲ့ သျှောင်ပေစူး၊ ဆံရစ်ဝိုင်းယဉ်ကျေးမှုကို ထိန်းသိမ်းနေတဲ့ ဒီလိုရွာကလေးလည်း ကျန်ရှိနေဆဲပါလားလို့ မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ဂုဏ်ယူဝင့်ကြွားစွာ တွေးမိပါတယ်။

ညောင်ဦးကားလမ်းဘေးအရောက်မှာ လမ်းညွှန်စိုက်ထူထားတဲ့ ဂျမ်းလှီးရွာဘုန်းတော်ကြီးကျောင်းသို့ဆိုတဲ့ ရွာအဝင်မြေသားလေးလမ်းအတိုင်း ဝင်ရောက်လာပြီး ရွာသုံးရွာအလွန်မှာ ထန်းသားနဲ့ စိုက်ထူထားတဲ့ စက်စက်ယိုကျေးရွာမှ လှိုက်လှဲစွာကြိုဆိုပါသည်ဆိုတဲ့ အပြာရောင် ဆိုင်းဘုတ်ကလေးနဲ့ လမ်းညွှန်ထားတဲ့ ရွာအဝင်လမ်းကလေးအတိုင်း ဆံရစ်ဝိုင်းများကို စုစည်းထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ရွာဦးဘုန်းတော်ကြီးကျောင်း ဝင်းထဲကို ဝင်ရောက်တဲ့အခါမှာ ဘုန်းကြီးကျောင်းသား သဘာဝအလျောက် ပျော်မွေ့စွာ နေ့လယ်စာစားသောက်နေတဲ့ သျှောင်ပေစူးကလေးများကို ကြည်နူးစွာ စတင်တွေ့ရှိခဲ့ရတယ်။

ရွာဦးကျောင်းဆရာတော် ဦးနန္ဒမာလာကို မန္တလေးဒေသထွက် မုန့်မျိုးစုံကပ်လှူပြီး ရှေးခေတ်ဆင်ယင်ထုံးဖွဲ့မှုဓလေ့ကို မပျောက်ပျက်အောင် ထိန်းသိမ်းထားရှိမှုနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ပါတယ်။

**ကလေးတွေကို မုန့်မျိုးစုံနဲ့ ကျောင်းသုံးပစ္စည်းတွေ ပေးကမ်းလှူဒါန်းကြတာကို ကျေးဇူးတင်ပေမယ့် အချို့လူတွေရဲ့ ငွေကြေးလှူဒါန်းပေးကမ်းမှုတွေနဲ့ တချို့ကိုယ်ကျိုးရှာသူတွေကြောင့် ကလေးတွေရဲ့စိတ်ဓာတ်တွေ ပျက်စီးသွားပြီး ဒီဓလေ့တွေ ပျောက်ကွယ်သွားမှာကို စိုးရိမ်မိပါတယ်**

**ရိုးရာဓလေ့မပျောက်အောင် ထိန်းသိမ်းမည်**

"ဦးပဥ္စင်း အရင် ဆရာတော်ကြီးနှစ်ပါးလက်ထက်တုန်းကတည်းက ဒီရွာမှာ သျှောင်ဆံထုံးလေးတွေ၊ ဆံတောက်ကလေးတွေနဲ့နေဖို့ ဆရာတော်ကြီးတွေက ဆုံးမပြီး ထိန်းသိမ်းလာခဲ့တာပါ။ အဲဒီအချိန်တုန်းကလည်း ဦးပဥ္စင်းက ဘုန်းကြီးကျောင်းသားဘဝ သျှောင်ဆံထုံးနဲ့ နေခဲ့ရတာပါ။ ဒါကြောင့် ဦးပဥ္စင်းလက်ထက်မှာလည်း ဒီရိုးရာဓလေ့ကို မပျောက်ပျက်အောင် ထိန်းသိမ်းသွားမယ်လို့ ဆုံးဖြတ်ပြီး စောင့်ရှောက်ခဲ့တာပါ။ ဒီခေတ်ကျမှ ပြည်တွင်း၊ ပြည်ပဧည့်သည်တွေ လာရောက်ကြည့်ရှု လေ့လာတဲ့အတွက် ရွာအတွက်လည်း ဂုဏ်ယူရပါတယ်။ လာကြတဲ့သူတွေက ကလေးတွေကို မုန့်မျိုးစုံနဲ့ ကျောင်းသုံးပစ္စည်းတွေ ပေးကမ်းလှူဒါန်းကြတာကို ကျေးဇူးတင်ပေမယ့် အချို့လူတွေရဲ့ ငွေကြေးလှူဒါန်းပေးကမ်းမှုတွေနဲ့ တချို့ကိုယ်ကျိုးရှာသူတွေကြောင့် ကလေးတွေရဲ့စိတ်ဓာတ်တွေပျက်စီးသွားပြီး ဒီဓလေ့တွေ ပျောက်ကွယ်သွားမှာကို စိုးရိမ်မိပါတယ်"လို့ ဆရာတော်က မိန့်ကြားခဲ့ပါတယ်။

**ဗုဒ္ဓစာပေများသင်ကြား**

"ဒါ့အပြင် ဆရာတော်ကြီးက အတန်းကျောင်းတွေ ဖွင့်လှစ်တဲ့အခါမှာ ကျောင်းကို လွှတ်ထားရပေမယ့် နွေရာသီကျောင်းပိတ်ရက်တွေမှာ ဗုဒ္ဓဘာသာစာပေတွေ သင်ကြားရင်း အားလုံးစုစည်းမိတဲ့အချိန်မှာ သျှောင်ထုံးမထားရင် စာမသင်ရဘူး၊ ကျောင်းမလာရဘူးလို့ စည်းကမ်းသတ်မှတ်ထားတဲ့အတွက် အားလုံးသျှောင်ဆံထုံးတွေ ဖြစ်နေကြတာပါ။ သူတို့အတွက် ပညာရေး၊ စားသောက်ရေးတွေ အားလုံးကို ဦးပဥ္စင်းက ထောက်ပံ့ပေးနေပါတယ်။ ဒီကျောင်းမှာ သုံးနှစ်အရွယ်ကနေ ၁၄ နှစ်အရွယ်အထိ ၅၃ ဦး ရှိပါတယ်"ဟု ဆက်လက်မိန့်ကြားခဲ့ပါတယ်။

ကျွန်တော်တို့ သတင်းအဖွဲ့ဟာ ကလေးတွေရဲ့ သဘာဝပုံစံလေးတွေကို ဓာတ်ပုံမှတ်တမ်းရိုက်ယူပြီး ရိုးရာဓလေ့ ဆင်ယင်ထုံးဖွဲ့မှုအပေါ် သူတို့ရဲ့ ခံစားချက်ကလေးတွေကိုလည်း မေးမြန်းခဲ့ကြတယ်။

"ဒီရွာမှာ သားတို့အရွယ်တွေက သျှောင်ထုံးပြီးနေကြတဲ့အတွက် သားလည်း ဒီဆံပင်ပုံစံအတိုင်းနေဖြစ်ခဲ့တာပါ။ ဒီရွာရဲ့ ဆံပင်ပုံစံကို လာပြီးလေ့လာကြည့်ရှုသူတွေရှိလာတဲ့အတွက် ဂုဏ်ယူမိသလို သားတို့ကို မုန့်တွေလည်းပေးတဲ့အတွက် ပျော်ပါတယ်။ သားက ကိုရင်ဝတ်ပြီးရင်လည်း သျှောင်ဆံထုံးကို ဆက်ထားသွားဦးမှာပါ"ဟု စတုတ္ထတန်းကျောင်းသား မောင်လျှံလင်းခန့်က သူ၏ခံစားချက်ကို ပြောပြသည်။

အသက် ၁၄ နှစ်အရွယ် ၈ တန်းကျောင်းသူ ဆံတောက်ပုံစံလေးဖြင့် မြန်မာဆန်ဆန်လှပနေတဲ့ သမီးလေး ဂျူဇင်မိုးကလည်း "သမီးတို့ရွာရဲ့ ရိုးရာဓလေ့အတိုင်းထားကြတဲ့ ဒီဆံပင်ပုံစံလေးကို နှစ်သက်ပါတယ်။ တီဗွီ၊ ရုပ်ရှင်တွေနဲ့ မြို့အတော်များများမှာ သမီးတို့အရွယ်တွေ ခေတ်နဲ့အညီ ဆံပင်ပုံစံတွေ ထားကြတာကို မြင်ဖူးပေမယ့် အားမကျပါဘူး။ ဒီဆံတောက်ပုံစံလေးနဲ့ပဲ သမီးတို့ရဲ့ ရွာဓလေ့၊ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းသွားပြီး ဒီဆံတောက် ထုံးဖွဲ့မှုနဲ့ပဲ ဘွဲ့တက်ယူဖို့ ဆုံးဖြတ်ထားပါတယ်"ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောပြခဲ့ပါတယ်။

သားသမီး လေးယောက်မိခင် ဒေါ်နီက "ကျွန်မတို့ ငယ်ငယ်တုန်းကတည်းက ဒီဆံပင်ပုံစံနဲ့ပဲနေလာခဲ့တော့ ကိုယ့်သားသမီးတွေလည်း ဒီပုံစံနဲ့ပဲ ထားခဲ့တာပါ။ နှစ်နှစ်၊ သုံးနှစ်အရွယ်ဆို ကြက်တောင်စည်းလေးစထားပြီး ငါးနှစ်၊ ခြောက်နှစ်လောက်မှာ ယောကျ်ားလေးတွေကို သျှောင်ဆံထုံးထားပေးပြီး မိန်းကလေးတွေကိုတော့ ဆံရစ်ဝိုင်းလေးပေါ့။ ဒါပေမယ့် ယောကျ်ားလေးတွေကတော့ ကိုရင်ဝတ်ပြီး သျှောင်ထုံးဖြုတ်လိုက်ရင် ပြန်မထားကြတော့တာ များတယ်။ မိန်းကလေးတွေကတော့ ၁၃ နှစ်အရွယ်၊ ၁၄ နှစ်လောက်အထိ ဆံတောက်လေးနဲ့ နေကြပေမယ့် ၁၅ နှစ်လောက်ဆို အုပ်လုံးသိမ်းကြတော့တာပါပဲ။ ကျွန်မတို့ ငယ်ငယ်ကဆို တော်တော်ကြီးတဲ့အရွယ်အထိ သျှောင်ထုံးထားကြတာတွေ့ရပေမယ့် ဒီခေတ်မှာတော့ ရှားပါးကုန်ကြပြီ။ အခုလို ကျွန်မတို့ရွာရဲ့ ဒီဆံပင်ပုံစံကိုလာကြည့်ကြတဲ့အတွက် ဘုန်းကြီးကျောင်းရော၊ ရွာအတွက်ပါ အကျိုးများပါတယ်"ဟု ဝမ်းသာအားရ ပြောပြရှာပါတယ်။

ကျွန်တော်တို့ သတင်းအဖွဲ့တွေ ရောက်ရှိစဉ်မှာပဲ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ တဖွဲဖွဲဝင်ရောက်လာပြီး ဆရာတော်ကို ဖူးမြော်ကာ ကလေးတွေကို စိတ်ဝင်တစားကြည့်ရှု၍ ပါလာတဲ့ မုန့်တွေ ဝေငှပေးကမ်းနေကြတယ်။

သူတို့လေးတွေရဲ့ ဆံပင်ပုံစံလေးတွေက ရိုးရိုးယဉ်ယဉ်လေးနဲ့ ကြည့်ရတာ အလွန်ကို ကြည်နူးစရာပါ။ မြန်မာပီသစွာ နေထိုင်ကြတဲ့အတွက်လည်း ချီးကျူးပါတယ်"လို့ လာရောက်လေ့လာ ကြည့်ရှုကြတဲ့ မချောစုကျော်ရဲ့ အပြောကို ကြားခဲ့ရတဲ့အပြင် ဂျာမနီနိုင်ငံက လာရောက်ကြတဲ့စုံတွဲကလည်း "မြန်မာနိုင်ငံမှာ တစုတဝေးတည်း တည်ရှိနေကြတဲ့ ဘုရားတွေကို မြင်တွေ့ရတာ ထူးဆန်းမိသလို အခု ဒီရွာမှာ မြန်မာလူမျိုးတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံအရ ဆင်ယင်ထုံးဖွဲ့မှုကိုကြည့်ပြီး သူ့ရဲ့ခံစားမှုကိုထုတ်ဖော်လို့မရတော့ပါဘူး"လို့ ပြောကြားတာကိုလည်း ကြားမိခဲ့ရတယ်။

စက်စက်ယို ကျေးရွာကလေးကို လှည့်ပတ်ကြည့်ရှုတဲ့အခါမှာ အညာဒေသရဲ့ ပုံရိပ်တွေအတိုင်း ထန်းပင်၊ မန်ကျည်းတောတွေနဲ့အတူ ရွာဦးစေတီလေးကိုလည်း သပ္ပာယ်စွာ ဖူးတွေ့လိုက်ရတယ်။ မြေသားခင်းထားတဲ့ ရွာလမ်းကလေးဟာ သန့်ရှင်းသပ်ရပ်နေတာကို တွေ့ရတဲ့အပြင် ရွာဦးကျောင်းရဲ့ အရှေ့မှာ ကျေးရွာစာကြည့်တိုက်လည်း ဖွင့်လှစ်ထားတာကို တွေ့ရတယ်။ ဒါ့အပြင် လျှပ်စစ်မီးလည်းရရှိနေကြလို့ တစ်ရွာလုံးဝမ်းသာနေကြလေရဲ့။ ကျွန်တော်တို့အဖွဲ့ဟာ လှူဒါန်းဖို့ အသင့်ပါလာတဲ့ စာအုပ်စာစောင်တွေနဲ့ နေ့စဉ်ထုတ်သတင်းစာမျိုးစုံကို ကျေးရွာစာကြည့်တိုက်အတွက် လှူဒါန်းဖြစ်ခဲ့တယ်။

*စာမျက်နှာ ၉ သို့*





*စာမျက်နှာ ၈ မှ*

"ကျွန်တော်တို့ ရွာကလေးဟာ အိမ်ခြေ ၁၁၇ လုံးနဲ့ လူဦးရေ ၈၅၆ ဦး စည်းစည်းလုံးလုံးနဲ့ အေးချမ်းစွာ နေထိုင်ကြတဲ့ ရွာကလေးပါ။ မှုခင်းဖြစ်စဉ်လည်း အလွန်နည်းပါးတဲ့အပြင် ရွာဓလေ့အတိုင်းရှာဖွေတူးဖော်ကြတဲ့ မိုးထွက်ချိန်မှာ မိုးတွင်းကို အရင်ဆုံးတွေ့တဲ့သူက အမှတ်အသားပြုထားရင် နောက်လူတွေက ဒီမိုးတွင်းကို သွားရောက်တူးဖော်ခြင်းမလုပ်ကြတဲ့ ရှေးအစဉ်အလာကို ဒီနေ့အထိ ဆက်လက်ထိန်းသိမ်းနေဆဲပါ"လို့ အသက် ၆၇ နှစ်အရွယ် ရပ်မိရပ်ဖ ဦးထွန်းခင်က ရွာအတွက် ဂုဏ်ယူစွာ ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် သျှောင်ပေစူးနဲ့ ဆံရစ်ဝိုင်း ယဉ်ကျေးမှုကိုလာရောက်ကြည့်ရှုကြတဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားတွေအနေနဲ့ ကလေးတွေကို ချစ်မြတ်နိုးလို့ မုန့်ပဲသရေစာတွေ ပေးကမ်းလှူဒါန်းတာကို ကျေးဇူးတင်ဝမ်းသာရပေမယ့် တချို့တွေရဲ့ ငွေကြေးပေးကမ်းမှုတွေကြောင့် ကလေးတွေရဲ့ အသိစိတ်ဓာတ်တွေ မှားယွင်းသွားမှာကိုတော့ စိုးရိမ်မိပြီး အကယ်၍ ငွေကြေးထောက်ပံ့လှူဒါန်းချင်တယ်ဆိုရင် ကလေးတွေရဲ့ပညာရေးနဲ့ ရိုးရာဓလေ့ကို ထိန်းသိမ်းစောင့်ရှောက်မှုအတွက် အမှန်တကယ် အကျိုးရှိစွာ သုံးစွဲနိုင်ဖို့ ရွာဦးကျောင်းဆရာတော်နဲ့ ရွာမှာ တည်ထောင်ဖွင့်လှစ်ထားတဲ့ ပညာရေးငွေပဒေသာပင်မှာ စနစ်တကျ လှူဒါန်းပေးကြဖို့ကိုလည်း မေတ္တာရပ်ခံစကား ပြောကြားပါတယ်။



**လာရောက်လည်ပတ်ကြသည့် ပြည်ပဧည့်သည်များ စက်စက်ယိုကျေးရွာမှ ကလေးများနှင့် အမှတ်တရဓာတ်ပုံရိုက်စဉ်။**

**နိုင်ငံတကာမှ လာရောက်လေ့လာ**

စက်စက်ယိုကျေးရွာရဲ့ ရိုးရာဓလေ့ဆင်ယင်ထုံးဖွဲ့မှုကို ရွာဦးကျောင်းဆရာတော်အဆက်ဆက် ထိန်းသိမ်းလာခဲ့ပြီး နိုင်ငံတကာမှ လာရောက်လေ့လာမှုတွေအနေနဲ့လည်း ယခင်ကတည်းကရှိခဲ့ပေမယ့် ပြည်တွင်းခရီးသွားတွေကတော့ ၂၀၁၆ ခုနှစ်မှာ ကျော်သူပရဟိတအဖွဲ့က ဒီရွာကလေးမှာ ရုပ်ရှင်လာရောက်ရိုက်ကူးမှုကတစ်ဆင့် သိရှိသွားကြပြီး လာရောက်မှု ပိုမိုများပြားလာတာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ် ခရီးသွားကုမ္ပဏီများက ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ရဲ့ပြောပြချက်အရ သိရပါတယ်။

**သဘာဝကျကျလေ့လာ**

"ကျွန်တော်တို့ဒေသဟာ အညာကျေးလက်ရွာလေး ဖြစ်တဲ့အတိုင်း သျှောင်ဆံထုံးယဉ်ကျေးမှုနဲ့အတူ ရွာဓလေ့ရိုးရာ လက်မှုလုပ်ငန်းတွေဖြစ်တဲ့ တစ်ပိုင်တစ်နိုင် ပုန်းရည်ကြီးလုပ်ငန်းတွေနဲ့ ဆီဆုံလုပ်ငန်းတွေကိုလည်း သဘာဝကျကျလေ့လာလို့ ရပါတယ်။ ဒီရွာကလေးကို ပုဂံဘုရားဖူးခရီးစဉ်ကနေ အများဆုံးလာရောက်ကြတာ ဖြစ်တဲ့အတွက် ပုဂံ-ညောင်ဦးကားလမ်းကနေ ကိုးမိုင်ရှည်လျားတဲ့ ရွာအဝင် မြေသားလမ်းကလေးကို အဆင့်မြှင့်တင်ပေးမယ်ဆိုရင် ဒီဒေသဟာ ပိုပြီးဖွံ့ဖြိုးသွားမယ့်အပြင် ဒီကနေတစ်ဆင့် ပုပ္ပားကိုလည်း အလွယ်တကူသွားလို့ ရနိုင်မှာဖြစ်ပါတယ်"ဟု ဒေသရဲ့လိုအပ်ချက်များကို ပြောကြားခဲ့ပါတယ်။

စက်စက်ယိုရွာကလေးကို လာဖို့အတွက် မန္တလေးကနေ ညောင်ဦးကားလမ်းမှ လာရောက်ခြင်းက လွယ်ကူပြီး ရန်ကုန်မှလာမည်ဆိုပါက ပုပ္ပားမှတစ်ဆင့်ပြန်ဆင်းပြီး ဗျတ္တပန်းဆက်လမ်းမှ ငါးမိုင်လေးဖာလုံ ဝေးကွာကာ ကျောက်ပန်းတောင်း - ညောင်ဦးကားလမ်းမှ လာမည်ဆိုပါက ကိုးမိုင်နှင့် ငါ့သရောက်မြို့မှ ဝင်လာမည်ဆိုပါက ခြောက်မိုင်သာဝေးကွာကြောင်း ဦးအောင်နိုင်က ဖိတ်ခေါ်ပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ မြန်မာလူမျိုးတွေရဲ့ ရိုးရာဓလေ့စရိုက် အငွေ့အသက်တွေ ပြည့်လျှံနေတဲ့ စက်စက်ယိုရွာကလေးက ပြန်အထွက်မှာ လက်ပြနှုတ်ဆက်ကျန်ခဲ့ကြတဲ့ ကလေးငယ်လေးတွေကိုကြည့်ပြီး အဆိုတော်ကြီး အကော်ဒီယံ အုန်းကျော်ရဲ့ တို့... ငယ်ငယ်တုန်းအရွယ်........သျှောင်ပေစူးလေးတွေနဲ့ကွယ် ....... ပုဆိုးကို စလွယ်သိုင်း.........ရွာဝိုင်းပတ်လည် .......ဆိုတဲ့ သီချင်းသံလေးကို ပြန်လည်ကြားယောင်မိရင်း ဘာရယ်လို့မသိ၊ အမည်မရှိတဲ့ အလွမ်းတွေ ဖြစ်တည်ခံစားရင်း......သြော်.......... အတိတ်က မြန်မာ့ယဉ်ကျေးမှုပုံရိပ်တွေ အညာမြေမှာ ဆက်လက်ရှင်သန်နိုင်ပါစေလို့ မျှော်လင့်ခြင်း ဆုတောင်းလေးတွေ ခြွေခဲ့မိပါတယ် .........။ ။



ကျေးရွာစာကြည့်တိုက်တွင် ကလေးများ စိတ်ပါဝင်စားစွာ စာဖတ်နေသည်ကို တွေ့ရစဉ်။

## စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်း (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ပြုလုပ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်သော (၁၇) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) တွင် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်း သိရသည်။

သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက အမှတ်တရလက်ဆောင်များ (UV နေရောင်ခြည် ကာကွယ်သော ထီးကြီးတစ်လက်၊ ကြက်ဥ ၁၀လုံး၊ ဝါးမီးသွေးမျက်နှာသစ်ဆပ်ပြာတစ်ခဲနှင့် ခရီးဆောင်အိတ်တစ်လုံး) ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်သည်။

သွေးလှူဒါန်းမည့်သူများအနေဖြင့် ဖုန်း-၀၉-၄၄၉၂၅၃၇၆၇၊ ၀၉-၇၉၅၅၆၃၄၀၀ တို့သို့ ဇန်နဝါရီ ၂၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ချင်းတွင်းမြစ် ရေကြောင်းကျပ်ကာလ ရေယာဉ်ထွက်ခွာချိန်များ ပြောင်းလဲပြင်ဆင် သတ်မှတ်

**မုံရွာ ဇန်နဝါရီ ၁၃**

မုံရွာမြို့မှ ချင်းတွင်းအထက်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ မြစ်ရေနည်းပါးချိန်များတွင် မုံရွာမြို့မှ ထွက်ခွာချိန်များကို ပြင်ဆင်သတ်မှတ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးအဖွဲ့မှ အတွင်းရေးမှူး ဦးအောင်သန်း၏ ပြောကြားချက်အရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ ချင်းတွင်းမြစ်အတွင်း နှစ်စဉ်နိုဝင်ဘာလမှ မေလအတွင်းကို မြစ်ရေနည်းပါးချိန်အဖြစ် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သတ်မှတ်ထားကြောင်း သိရသည်။

"မြစ်ရေနည်းပါးချိန်ဆို ရေကြောင်းကျပ်တော့ မောင်းနှင်ရတာ အချိန်ပိုကြာတဲ့အတွက် လိုရာခရီးကို ရောက်ချိန်နောက်ကျမှာစိုးတဲ့အတွက် အချိန်တွေ ပြောင်းလဲသတ်မှတ်တာပါ။ ပုံမှန်မောင်းနှင်ချိန် ၁၂ နာရီကို နံနက်ပိုင်း တစ်နာရီ စောထွက်ခွာခိုင်းတယ်။ ညပိုင်း ရေယာဉ်ရပ်နားချိန်ကို တစ်နာရီ တိုးထားတယ်။ အခုအချိန်ကတော့ ပုံမှန်ရေကြောင်းကျပ်တဲ့ ကာလဖြစ်တယ်။ မောင်းနေရင်းနဲ့ သောင်တင်ရင် ရေကြောင်းကျပ်နိုင်သလို ရေကြောင်းပြန်ပေါက်သွားတာလည်းရှိတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များသည် မုံရွာမြို့မှ နံနက် ၆ နာရီ ထွက်ခွာချိန်ကို ညနေ ၆ နာရီအထိ မောင်းနှင်ရာမှ ယခုရေနည်းချိန်တွင် ရေယာဉ်မောင်းချိန်ကို နံနက် ၅ နာရီမှ ည ၇ နာရီအထိ ပြင်ဆင်သတ်မှတ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## စနစ်ကျလယ်ယာမြေဖော်ထုတ်ရန် တောင်သူများနှင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်တွင် စနစ်ကျလယ်ယာမြေဖော်ထုတ်ရန်အတွက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့များသည် ဇန်နဝါရီလပထမပတ်က ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအနီး ပေါင်းလောင်းရေလှောင်ဆည် ရှင်းလင်းဆောင်ရွက်စနစ်ကျလယ်ယာမြေတွင် ပါဝင်သောတောင်သူများနှင့် တွေ့ဆုံညှိနှိုင်းခဲ့သည်။




စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပါဝင်သည့် လုပ်ငန်းစဉ်များအတွက် တောင်သူများနှင့် သဘောတူညီချက်ရယူခြင်း ဆောင်ရွက်ခဲ့ရပြီး အဆိုပါတွေ့ဆုံညှိနှိုင်းရာတွင် နေပြည်တော်ကောင်စီဝင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က စီမံကိန်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ပါဝင်သောတောင်သူများနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများကြား ပေါင်းစပ်ညှိနှိုင်းခဲ့ကာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**တင်မောင်လွင် (မြန်မာ့အလင်း)**

## နေရာကွက်ကျား မိုးအနည်းငယ် ရွာမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# တက္ကသိုလ်တွေဟာ လောလောဆယ်မှာ အစိုးရရဲ့ဝင်ငွေပေါ်မှာပဲ ရပ်တည်နေရတဲ့အတွက် ပညာရေးဝန်ကြီးဌာနကလည်း တက္ကသိုလ်တွေ ကိုယ်ပိုင်လွတ်လွတ်လပ်လပ် ရပ်တည်နိုင်ဖို့အတွက် အစီအမံတွေ ဆောင်ရွက်နေပါတယ်

ဒေါက်တာ ကျော်ကျော်ခေါင် (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်)

## တက္ကသိုလ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအတွက် အေးချမ်းသာယာသော သင်ယူမှုဝန်းကျင်ကောင်းဖော်ဆောင်နိုင်ရေး ပညာရေးစကားဝိုင်း ကျင်းပ

**တက္ကသိုလ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအတွက် အေးချမ်းသာယာသော သင်ယူမှုဝန်းကျင်ကောင်းဖော်ဆောင်နိုင်ရေး ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရိုက်ကူးထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကျော်ကျော်ခေါင်၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မောင်မောင်နိုင်၊ မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မိုးပွင့်၊ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ပါမောက္ခချုပ် (တာဝန်) ဒေါက်တာ အောင်ဝင်းနှင့် တောင်ငူပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည် -**

*ယမန်နေ့မှအဆက်*

**အစီအစဉ်မှူး ။ ။ တက္ကသိုလ်တွေမှာ ကျောင်းသား ကျောင်းသူတွေ စိတ်ချမ်းသာစွာ ပညာသင်ကြားနိုင်ဖို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအပေါ်မှာ ကျောင်းသား၊ ကျောင်းသူတွေဘက်က ဘယ်လိုမျိုး တုံ့ပြန်မှုတွေ ရှိပါသလဲရှင်။**

**ဒေါက်တာကျော်ကျော်ခေါင် ။ ။** ကျောင်းသား ကျောင်းသူတွေက တက္ကသိုလ်နယ်မြေ သာယာဝပြောရေးအတွက်၊ သူတို့ရဲ့ သူငယ်ချင်းအပေါင်းအသင်းတွေ ကျောင်းနေပျော်ပြီး စာတော်ဖို့အတွက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြပါတယ်။ ၂၁ ရာစု ကလေးငယ်တွေဟာ ICT နဲ့ အမြဲတမ်းထိတွေ့မှုရှိတဲ့အတွက် သူတို့ရဲ့အမြင်ဟာ ကျယ်ပြန့်ပါတယ်။ အဲဒါကိုလည်း အားပေးရမှာ ဖြစ်ပါတယ်။ သူတို့တွေဟာ စာသင်ခန်းထဲမှာတင် မကျေနပ်နိုင်ဘဲ စာသင်ခန်းပြင်ပက လှုပ်ရှားမှုတွေကိုလည်း တက်တက်ကြွကြွလုပ်ဖို့အတွက် အမြဲတမ်း လျော်ကန်တည့်မတ်တဲ့ အကြံဆိုရင် ဆရာကြီးတို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးပါတယ်။ အမြဲတမ်းဆောင်ရွက်နိုင်အောင်လည်း လမ်းဖွင့်ပေးထားရမှာ ဖြစ်ပါတယ်။

### လူ့အခွင့်အရေးအသိ ကျယ်ပြန့်ဖို့ရည်ရွယ်

ကျွန်တော်တို့တက္ကသိုလ်အနေနဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနဲ့ ဒိန်းမတ်သံရုံးနဲ့ MoU ရေးထိုးပြီးတော့ ဒဂုံတက္ကသိုလ်နဲ့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှာ Danish institute of Human Right DIHR ကနေ ဖွင့်လှစ်ထားတဲ့ Human Right Resource Centre ရှိပါတယ်။ Human Right Resource Centre ရဲ့အဓိကရည်မှန်းချက်က မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ပတ်သက်တဲ့ ဗဟုသုတကျယ်ပြန့်စေဖို့ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ တက္ကသိုလ်နှစ်ခုပဲ တည်ထောင်ထားနိုင်ပါသေးတယ်။ ဒါကြောင့် အရှေ့ပိုင်းတက္ကသိုလ် စာကြည့်တိုက်မှာ DIHR ရဲ့ Human Right Resource Centre ကို ဖွင့်ထားပြီး Law ကျောင်းသားတွေအပြင် ကျန်တဲ့ ကျောင်းသား၊ ကျောင်းသူတွေ၊ ဆရာတွေ သွားရောက်ပြီး လေ့လာနေတာ တွေ့ရပါတယ်။ Human Right Resource Centre မရှိသေးတဲ့ ဌာနတွေကလည်း အရှေ့ပိုင်းတက္ကသိုလ်ရဲ့ Home Page ကို ဖွင့်ကြည့်ပြီး စာအုပ်တွေ ဖတ်ရှုနိုင်ပါတယ်။ လက်ရှိအခြေအနေအရ Human Right Knowledge က အင်မတန်မှ အရေးကြီးလာတာ ဖြစ်ပါတယ်။ အဲဒီအတွက် ဥပဒေကျောင်းသားတွေဟာ စာကြည့်တိုက်မှူးနဲ့ တိုင်ပင်ပြီးတော့ Human Right Resource Centre တွေမှာ သူတို့ Duty အဆိုင်းချပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေကြားမှာ Human Right နဲ့ တရားဥပဒေစိုးမိုးရေး အသိပညာတွေ ပြန့်ပွားလာအောင် လုပ်အားပေးတဲ့အဖွဲ့တွေ ရှိပါတယ်။ ကျွန်တော်ကလည်း သူတို့ရဲ့စိတ်ဓာတ်တက်ကြွအောင်၊ အလေ့အထလေးတွေ အစဉ်အဆက်မပြတ်ဖြစ်အောင် အားပေးမှုတွေ စီမံဆောင်ရွက်ပေးရပါတယ်။ တက္ကသိုလ်နယ်မြေ အေးချမ်းသာယာရေးအတွက် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေပါဝင်မှုက အားရစရာကောင်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**“တက္ကသိုလ်ဆိုတာ မြို့ငယ်လေးတစ်ခုလို ပြီးပြည့်စုံနေရမှာ ဖြစ်ပါတယ်။ ဒါမှ ကျောင်းသားတွေက သင်ယူမှုမှာ အာရုံစိုက်နိုင်မှာဖြစ်သလို သင်ကြားရေးဝန်ထမ်းတွေကလည်း သင်ကြားရေးနဲ့ သုတေသနကို အာရုံစိုက်လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်”**



**အစီအစဉ်မှူး ။ ။ တက္ကသိုလ် ကျောင်းတွေမှာ သင်ယူလိုတဲ့ ပတ်ဝန်းကျင်ကောင်းဖြစ်ဖို့ ဘာတွေများ လိုအပ်ပါသလဲရှင်။**

**ဒေါက်တာအောင်ဝင်း ။ ။** တက္ကသိုလ်တွေမှာ သင်ယူလိုတဲ့ပတ်ဝန်းကျင်ကောင်းဖြစ်ဖို့ဆိုရင် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံက အဓိကအရေးကြီးပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံကို စဉ်းစားတဲ့အခါမှာ လက်ရှိဖြစ်ပေါ်နေတဲ့ ပညာရေးပုံစံ၊ နောင်ဖြစ်ပေါ်လာမယ့် ပညာရေးပုံစံတွေကို အခြေခံပြီး ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။ လက်ရှိရှိနေတဲ့ စာသင်ခန်းတွေမှာ ခုံရှည်တွေ၊ Row တွေ၊ Column တွေ ခွဲထားတဲ့စနစ်က ကျောင်းသားတွေရဲ့ 21st Century Skills ကို ကောင်းကောင်း Support မလုပ်နိုင်ပါဘူး။ ဒါကြောင့် ဦးစားပေးအနေနဲ့ စာသင်ခန်းတွေအတွက် ကျောင်းသားတွေရဲ့ Activities ပေါ်မူတည်ပြီး Group ဖွဲ့နိုင်တဲ့ ပုံစံမျိုးနဲ့ လိုက်လျောညီထွေဖြစ်မယ့် စာသင်ခန်းတွေကို စပြီးတော့ပြောင်းဖို့ လိုအပ်ပါတယ်။

### မြို့ငယ်လေးလို ပြည့်စုံရန်လို

ဒါ့အပြင် ကျောင်းသားတွေကို 21st Century Skills ရအောင် အဓိကသွားနေတာဖြစ်တာကြောင့် အခြေခံအဆောက်အအုံပိုင်းမှာ Maker Space တွေ အရေးကြီးပါတယ်။ နိုင်ငံခြားတက္ကသိုလ်တွေ လေ့လာတဲ့အခါမှာ Maker Space တွေ၊ Sub-Lab တွေ၊ Factory Classroom တွေ ပြင်ဆင်ထားတာ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့တက္ကသိုလ်တွေဟာလည်း ပြောင်းလဲလာမယ့် ပညာရေးပုံစံကို စဉ်းစားပြီးတော့ စာသင်ခန်းတွေ၊ ကျောင်းသားတွေအတွက် Formal, informal, Gathering Space တွေ အပါအဝင်ဖြစ်တဲ့ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ ပြည့်စုံအောင် စဉ်းစားထားပေးဖို့ လိုအပ်ပါတယ်။ တက္ကသိုလ်ဆိုတာ မြို့ငယ်လေးတစ်ခုလို ပြီးပြည့်စုံနေရမှာ ဖြစ်ပါတယ်။ ဒါမှ ကျောင်းသားတွေက သင်ယူမှုမှာ အာရုံစိုက်နိုင်မှာဖြစ်သလို သင်ကြားရေးဝန်ထမ်းတွေကလည်း သင်ကြားရေးနဲ့ သုတေသနကို အာရုံစိုက် လုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ပေးမှလည်း သင်ကြားမှု၊ သင်ယူမှု Process ကြီးက အရှိန်အဟုန်မြင့်လာမှာဖြစ်တဲ့အတွက် Physical infrastructure ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံကို ပြုပြင်ပြောင်းလဲဖို့၊ ပံ့ပိုးပေးဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဒီမေးခွန်းအပေါ်မှာ ဆရာကြီး ဦးအောင်မြတ်စိုးက ဆက်ပြီး ဆွေးနွေးပေးပါဦး။**

**ဆရာကြီးဦးအောင်မြတ်စိုး ။ ။** အဆင့်မြင့် ပညာကို လေ့လာတဲ့အခါမှာ သင်ရိုးညွှန်းတမ်း သင်ကြားသင်ယူမှုကလည်း အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ပါတယ်။ Physical infrastructure ကောင်းမွန်ပြီး Curriculum, Syllabus, Teaching-Learning တွေ ကောင်းကောင်းသုံးနိုင်တဲ့ ပညာရေးစနစ်ဖြစ်ဖို့ လိုပါတယ်။ ဒါကြောင့် Teaching-Learning တွေထဲမှာ Thinking Skills တွေ ပါဝင်နိုင်အောင်၊ interaction များများ ပါနိုင်အောင် entrepreneural Skills တွေ၊ Smart Mind တွေထိ ဖွံ့ဖြိုးတိုးတက်လာနိုင်တဲ့ Teaching-Learning တွေကို ဖန်တီးပေးဖို့လိုပါတယ်။ ဒီလို Teaching-Learning တွေ ဖြစ်နိုင်ဖို့ Project Oriented Learning တွေ၊ Problem Oriented Learning တွေ၊ Case Study Based Learning မျိုးတွေကို ဖန်တီးပေးဖို့ လိုပါတယ်။ ဒါမှသာ ကျောင်းသူ ကျောင်းသားတွေဟာ သူတို့လေ့လာနေတဲ့ အရင်ကပုံစံ Passive Learning ကနေ Active Learning ကို ကူးပြောင်းလာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အဓိကကျတဲ့ Physical infrastructure တွေ ကောင်းကောင်းသုံးနိုင်ဖို့ဆိုရင် ဘာသာရပ်တွေအလိုက် လိုအပ်နေတဲ့ Chemical တွေ၊ Apparatus တွေ၊ equipment တွေ ပြည့်စုံတဲ့ လက်တွေ့ခန်းတွေ လိုအပ်ပါတယ်။ ဘာသာရပ်အလိုက် လိုအပ်နေတဲ့ Maker Space တွေ၊ ဥပမာအားဖြင့် Metal Working, Wood working, Prototyping, Electronics shop, Print making, Ceramics တွေအတွက် ပြည့်စုံကောင်းမွန်တဲ့ လက်တွေ့ခန်းတွေ ရှိဖို့လိုအပ်ပါတယ်။ နောက် informal Gathering Space တွေလည်း ရှိနိုင်မယ်ဆိုရင် ပိုပြီးကောင်းမွန်လာမှာ ဖြစ်ပါတယ်။

### ထိရောက်တဲ့ ပညာရေး

နောက်ထပ် integrated Design Project တွေ၊ Learning တွေကို လုပ်မယ်ဆိုရင် ဘာသာရပ်တွေ၊ ကျွမ်းကျင်မှုတွေ၊ မတူညီတဲ့သူတွေ ပူးပေါင်းခြင်းအားဖြင့်လည်း ပိုပြီးတော့ အကျိုးဖြစ်ထွန်းလာနိုင်မယ်လို့ ထင်ပါတယ်။ နောက်တစ်ချက်အနေနဲ့ဆိုရင် Teaching-Learning တွေကို ပေးတဲ့အချိန်မှာ Library ကို များများသုံးနိုင်တဲ့ ပုံစံတွေကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဘာသာရပ်အလိုက် လိုအပ်တဲ့ Assignment တွေ ပေးမယ်ဆိုရင် မဖြစ်မနေ Library, e-library ကို သူတို့သုံးရမှာ ဖြစ်ပါတယ်။ အဲဒီလိုပဲ Online Resource တွေနဲ့ information တွေ သုံးလာမယ်ဆိုရင် ပိုပြီးတော့ ထိရောက်တဲ့ သင်ကြား သင်ယူမှုတွေ ဖြစ်လာမယ်လို့ ထင်ပါတယ်။ ဥပမာ-ပညာရေးကောလိပ်တွေဟာ အခြေခံပညာမှာ အမှန်တကယ် ထိရောက်တဲ့ Quality education တွေ ပေးနိုင်ဖို့ တကယ့် Quality Teacher တွေကို မွေးထုတ်ပေးနေတာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတကာ အဆင့်မီတဲ့ Curriculum တွေ၊ Syllabus တွေကို ကောင်းကောင်းသုံးရမှာ ဖြစ်ပါတယ်။ ပညာရေးကောလိပ်ဆင်း ဆရာ ဆရာမတွေဖြစ်လာမယ့်သူတွေက ကလေးတွေကို CCA ခေါ်တဲ့ Child Centre Approach နဲ့ မဖြစ်မနေ သင်ကြားရမှာပါ။ ဒီလိုပဲ ကျောင်းသားတွေကလည်း Learner Centre Approach နည်းနဲ့ လေ့လာသင်ယူကြရမှာ ဖြစ်ပါတယ်။ ဒါဆိုရင် သူတို့ရဲ့ အဓိကလိုအပ်တဲ့ Hard Skills တွေအပြင် Soft Skills တွေပါ ရသွားမယ်ဆိုရင် သူပြန်လည်ပို့ချမယ့် ကလေးတွေကို ထိရောက်တဲ့ပညာရေး ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ အဆင့်မြင့်ပညာကို လေ့လာတဲ့အခါ နောက်ထပ် Personalized Modular education တွေလည်း ဖန်တီးပေးနိုင်မယ်ဆိုရင် တကယ့်အဆင့်မြင့်ပညာကို ပျော်ပျော်ရွှင်ရွှင် ထိထိရောက်ရောက်နဲ့ သင်ကြားနိုင်တဲ့ ပညာရေးတစ်ခုဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

**အစီအစဉ်မှူး ။ ။ အခု နောက်ဆုံးအနေနဲ့ တက္ကသိုလ်တွေမှာ ကျောင်းသား ကျောင်းသူတွေကို စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာစွာနဲ့အတူ ပညာသင်ကြားနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိမှုတွေအပေါ်မှာ ကျောင်းသား ကျောင်းသူတွေဘက်က ဘယ်လိုမျိုး ပံ့ပိုးကူညီရမလဲရှင့်။**

**ဒေါက်တာကျော်ကျော်ခေါင် ။ ။** Campus ကြီး သာယာဝပြောဖို့အတွက် ပါမောက္ခချုပ်နဲ့ ဆရာ၊ ဆရာမတွေနဲ့ပဲ ဆောင်ရွက်လို့ မရပါဘူး။ ဆရာသမဂ္ဂတို့၊ ကျောင်းသားသမဂ္ဂတို့ လူမှုရေးအဖွဲ့အစည်းတွေအားလုံး ညီညီညွတ်ညွတ် ပါဝင်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ ၂၁ ရာစုမှာ ကြီးပြင်းကြမယ့် မျိုးဆက်တွေဟာ တွေးခေါ်ပုံတွေကအစ ပြောင်းလဲသွားကြပါပြီ။ ဆရာ၊ ဆရာမတွေက စာသင်တာထက် ပိုတာဝန်ကြီးတဲ့ Resource Person ဖြစ်သွားပါပြီ။ ဘာကြောင့်လဲဆိုတော့ ကျောင်းသူ ကျောင်းသားတွေက Mobile Phone တွေကနေ အင်တာနက်ကို သူတို့ကိုယ်တိုင် ဝင်ရောက်ကြည့်ရှုနိုင်တဲ့အတွက် ဘာသာရပ်တွေနဲ့ ပတ်သက်တဲ့ သင်ကြားနည်းတွေ၊ သူတို့လှုပ်ရှားနေတဲ့ လှုပ်ရှားမှုနဲ့ ပတ်သက်တာတွေ အတိမ်အနက်ကို သူတို့ သဘောပေါက်ကြပါတယ်။

### ကိုယ်ပိုင်ရပ်တည်ဖို့ အစီအမံဆောင်ရွက်

တက္ကသိုလ်အုပ်ချုပ်ရေး အဖွဲ့၊ ဆရာ ဆရာမတွေနဲ့ ကျောင်းသူ ကျောင်းသားတွေဟာ တက္ကသိုလ်နယ်မြေ သာယာဝပြောလာစေရေးအတွက် ဆောင်ရွက်တဲ့ လုပ်ငန်းတွေမှာ ရှောရှောရှူရှူဖြစ်အောင် အပြုသဘောနဲ့ ဝင်ရောက်ပါဝင်ကူညီဖို့ လိုအပ်ပါတယ်။ တက္ကသိုလ်တွေဟာ လောလောဆယ်မှာ အစိုးရရဲ့ ဝင်ငွေပေါ်မှာပဲ ရပ်တည်နေရတဲ့အတွက် ပညာရေးဝန်ကြီးဌာနကလည်း တက္ကသိုလ်တွေ ကိုယ်ပိုင်လွတ်လွတ်လပ်လပ် ရပ်တည်နိုင်ဖို့အတွက် အစီအမံတွေ ဆောင်ရွက်နေပါတယ်။ ကိုယ်ပိုင်လွတ်လွတ်လပ်လပ်ရပ်တည်နိုင်တဲ့ အခြေအနေရောက်ရင် ကျောင်းသားတွေရဲ့ ပါဝင်ဆောင်ရွက်မှုက တက္ကသိုလ်နယ်မြေအတွက် အင်မတန်မှပဲ အရေးကြီးပါတယ်။ အဲဒီအတွက် အလေ့အကျင့်ကောင်းတစ်ခုဖြစ်အောင် သူတို့ရဲ့ တက္ကသိုလ်နယ်မြေ သာယာဝပြောရေးလုပ်ငန်း ဆောင်ရွက်ချက်တွေမှာ လိုလိုချင်ချင် ဝင်ရောက်ကူညီနေတာကို ကြိုဆိုရမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အခုအခြေအနေမှာ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကလည်း တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့က ကျောင်းသားတွေ အကျိုး မျှော်ကိုးပြီး တောင်းခံတဲ့အခြေအနေတွေကို ပံ့ပိုးပေးဖို့နဲ့ အရင်ထက် တိုးမြှင့်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။ ဥပမာ - ဝန်ထမ်းအိမ်ရာအတွက် သော်လည်းကောင်း၊ အားကစားရုံအတွက်သော်လည်းကောင်း၊ အခြား သင်ကြားသင်ယူမှု အထောက်အကူပြု ပစ္စည်းတွေအတွက်သော်လည်းကောင်း၊ အဲဒီကိစ္စတွေလည်း အင်မတန်အရေးကြီးပါတယ်။ အခုဆိုရင် တက္ကသိုလ်ပေါင်း ၁၃၄ ကျောင်းဟာ ပညာရေးဝန်ကြီးဌာနကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် တက္ကသိုလ်စုစည်းတဲ့ အင်အားဟာ အနာဂတ်မြန်မာနိုင်ငံပညာရေးအတွက် အင်မတန်အားရစရာကောင်းတဲ့ အခြေအနေဖြစ်ပါတယ်။ အဓိကကျတဲ့ **“မိဘဆရာ ပူးပေါင်း ကလေးပညာကောင်း”** ဆိုသလို တက္ကသိုလ်နယ်မြေ သာယာဝပြောဖို့အတွက် ကျောင်းသားနဲ့ ဆရာ စည်းစည်းလုံးလုံးရှိဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း ပြောလိုပါတယ်။

**အစီအစဉ်မှူး ။ ။ အခုလို ဆွေးနွေးပေးတဲ့ ဆရာကြီး ဆရာမကြီးတို့ကို ကျေးဇူးအထူးတင်ရှိပါတယ်ရှင့်။**

သတင်းအဖွဲ့

# ရေချိုခရုမှတစ်ဆင့် ကူးစက်တတ်သော သန်ပြားကောင်ရောဂါကာကွယ်ရေးနှင့် ကုသထိန်းချုပ်ရေးလုပ်ငန်းဆွေးနွေး



**စစ်တွေ ဇန်နဝါရီ ၁၃**

ရေချိုခရုမှတစ်ဆင့် ကူးစက်တတ်သော သန်ပြားကောင် ရောဂါကာကွယ်ရေးနှင့် ကုသထိန်းချုပ်ရေးလုပ်ငန်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

ဆွေးနွေးပွဲတွင် ပြည်နယ်လူမှုရေး ဝန်ကြီး ဒေါက်တာချမ်းသာက ရေချိုခရုမှ တစ်ဆင့် ကူးစက်တတ်သော သန်ပြား ကောင် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တစ်ခုတည်း မဟုတ်ဘဲ နှီးနွယ်ဌာနများ၊ အစိုးရအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းပါဝင်၍ လူထု ကျန်းမာရေးပြဿနာတစ်ရပ်အနေဖြင့် စတင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရေချိုခရုနှင့် ပတ်သက်ပြီး ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ကျန်းမာရေးဦးစီး ဌာနနှင့်ပူးပေါင်းပြီး အကောင်းဆုံး တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သာထွန်းကျော်၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာကြည်လွင်တို့က ရေချိုခရုမှ တစ်ဆင့် ကူးစက်တတ်သော သန်ပြား ကောင် ရောဂါကာကွယ်ရေးနှင့် ကုသ ထိန်းချုပ်ရေးလုပ်ငန်းများကို ပြောကြားကြပြီး ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေး ဌာနခွဲ စီမံချက်မန်နေဂျာ ဒေါက်တာ တိုးသီရိအောင်၊ ညွှန်ကြားရေးမှူး (ကျောင်းကျန်းမာရေး) ဒေါက်တာ ဒေါ်စန္ဒာနှင့် ညွှန်ကြားရေးမှူး (ကျန်းမာ ရေး အသိပညာမြှင့်တင်ရေးဌာနခွဲ) ဒေါက်တာဖြူဖြူအေးတို့က ရောဂါ ဖြစ်ပွားမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြရာ တက်ရောက် လာကြသူများက ပြန်လည်ဆွေးနွေး မေးမြန်းကြသည်။

ရခိုင်ပြည်နယ်တွင် ရေချိုခရုမှ တစ်ဆင့် ကူးစက်တတ်သော သန်ပြား ကောင် ရောဂါဖြစ်ပွားမှု၌ ပေါက်တော မြို့နယ်တွင် အများဆုံးဖြစ်ပွားပြီး ကျောက်ဖြူမြို့နယ်မှာ ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

✻ *ကျောဖုံးမှ*

အောင်မြင်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း လေရှီးမြို့နာဂရိုးရာနှစ်သစ်ကူး ပွဲတော်ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော် ဟန်ထံမှ သိရသည်။

"ကျွန်တော်တို့ပွဲတော်မှာ ခရီးသွားတွေအတွက် အဓိကဝန်ဆောင်မှုပေးတာက ဧည့်လမ်းညွှန်ကိစ္စဖြစ်ပါတယ်။ ဧည့်ဝင်ဧည့်ထွက်တွေကို စာရင်းပြုစုခြင်းတွေ ဆောင်ရွက်ပေးပါတယ်။ ပွဲတော်မှာလာရောက်တဲ့ ပြည်တွင်းပြည်ပက ဧည့်သည်တော် တွေရဲ့စားရေး၊ နေရေး၊ ထိုင်ရေး စတဲ့အခက်အခဲတွေကိုလည်း ကူညီဆောင်ရွက်ပေး ပါတယ်။ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုနဲ့ ပွဲတော်ကာလအတွင်း ခရီးသွားပြည်သူ တွေအတွက် ထမံသီကျေးရွာမှ လေရှီးမြို့အထိ ကားများနဲ့ အသွားအပြန် အခမဲ့ ပို့ဆောင်ပေးပါတယ်။

"ပွဲတော်ကိုလာရောက်ကြသူတွေကတော့ လေရှီးမြို့နယ်အတွင်းက ဒေသခံ ပြည်သူ ၁၀၀၀၀ ကျော် ရှိပါတယ်။ ရပ်ဝေးဧည့်သည်တော်တွေအနေနဲ့ ၂၅၀၀ ကျော် ရှိပါတယ်။ ရပ်ဝေးခရီးသွားလုပ်ငန်းတွေရဲ့ အေဂျင်စီအဖွဲ့တွေက ချိတ်ဆက်မှုနဲ့ ပြည်ပနိုင်ငံခြားသားတွေလည်း ၂၀၀ ကျော် လာပါတယ်။

**တည်းခိုနေရာ အခမဲ့စီစဉ်ပေး**

"အဓိက နာဂရိုးရာယဉ်ကျေးမှုတွေကို ဖော်ထုတ်တဲ့ပွဲတော်ကာလက ဇန်နဝါရီ ၁၄ ရက်နဲ့ ၁၅ ရက်ဖြစ်ပါတယ်။ ဇန်နဝါရီ ၁၆ ရက်ကတော့ သီးခြားဖျော်ဖြေတင်ဆက်မှု တွေရှိပါတယ်။ တခြား အားကစားပြိုင်ပွဲတွေနဲ့ ရိုးရာဝလေ့ပြခန်းတွေကိုလည်း ဇန်နဝါရီ ၁၂ ရက်က စတင်ပြုလုပ်ပေးပါတယ်။ လေရှီး၊ လဟယ်၊ နန်းယွန်း၊ ဟုမ္မလင်း၊ ခန္တီး၊ ရန်ကုန်၊ မန္တလေး၊ ဖားကန့် စတဲ့မြို့နယ်ပေါင်းစုံနဲ့ နယ်ပေါင်းစုံတို့မှ (ကိုကာ့၊ လောင်ဖူးရီ၊ တန်ကွန်၊ မကူရီ၊ ဂျက်ဂျရ်)မျိုးနွယ်စုများနှင့် ကူကီးချင်းမျိုးနွယ်စုတို့ရဲ့ ရိုးရာယဉ်ကျေးမှုအက (အမျိုးသား၊ အမျိုးသမီး)အဖွဲ့၊ အားကစားအဖွဲ့၊ မြို့နယ် ယဉ်ကျေးမှုကိုယ်စားလှယ်တွေနဲ့ ရိုးရာအကအဖွဲ့ကိုယ်စားလှယ်တွေ စတဲ့ပြည်တွင်း ဧည့်သည် စုစုပေါင်းလူဦးရေ ၁၀၀၀ ကျော်ကို ပွဲတော်ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီက လေရှီးမြို့ပေါ်ရှိ အမှုထမ်း၊ မြို့မ၊ အောင်မင်္ဂလာ စတဲ့ရပ်ကွက်တွေနဲ့ ရေဒေါင်ကျေးရွာတို့ရှိ (ထက်၊ လယ်၊ မူ) အခြေခံပညာကျောင်းတွေနဲ့ ဂျက်ဂျရ် ယဉ်ကျေးမှုရုံးတို့မှာ တည်းခိုနေရာအဖြစ် အခမဲ့စီစဉ်ပေးထားပါတယ်။

"ဒါ့အပြင် နာဂယဉ်ကျေးမှုအဖွဲ့အစည်းတွေက မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသ ကြီးနဲ့ ပြည်နယ်အသီးသီးမှာ ပျံ့နှံ့နေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုအားလုံးကို ဖိတ်ခေါ်ကာ သွားရေး၊ လာရေး၊ နေရေး၊ စားရေး၊ ထိုင်ရေး ကိစ္စတွေကို စီစဉ်ပေးရ ပါတယ်။ သီးခြား ပြည်တွင်းပြည်ပက လေ့လာသူအဖွဲ့အစည်းတွေကိုလည်း မိမိတို့ တတ်နိုင်တဲ့အပိုင်းက ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ပြည်တွင်းမှာ မဖွံ့ဖြိုးသေးတဲ့ လေရှီးဒေသကို နိုင်ငံတော်မှ အလေးထားလေ့လာကာ လိုအပ်သောဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ပေးလျက်ရှိတဲ့အပြင် ပြည်ပမှလည်း နာဂဒေသကို လေ့လာနေကြပါတယ်" ဟု ပွဲတော်ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်ဟန်က ပြောသည်။

"ထူးခြားချက်အနေနဲ့ မြန်မာနိုင်ငံရဲ့တတိယအမြင့်ဆုံးဖြစ်တဲ့ အမြင့်ပေ ၁၃၀၀၀ ကျော်ရှိတဲ့ စာရာမေရိတောင်ကတော့ နာဂဒေသရဲ့အထင်ကရ နေရာဖြစ်တဲ့အတွက် ပြည်တွင်းပြည်ပ ဧည့်သည်တွေက စိတ်ဝင်တစားလေ့လာကြပါတယ်။ အရင်ကဆိုရင် လေရှီးမြို့မှ အခြေပြုပြီး သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ခွင့်ပြုချက်ရယူပြီး ဒေသခံလမ်းပြတွေနဲ့ ပေါင်းစပ်ကာ စာရာမေရိတောင်ပေါ်ကို မြန်မာနိုင်ငံက ခြေလျင်တောင်တက်အဖွဲ့နှင့် ပြည်ပခြေလျင်တောင်တက်အဖွဲ့တွေ တက်ရောက် ကြပါတယ်။ အသွားအပြန် ၁၃ ရက်ကြာပါတယ်။ တစ်နှစ်ကို ခုနစ်ကြိမ်ထက်မနည်း တက်ရောက်လေ့လာကြပါတယ်။ တောင်ပေါ်သို့ တစ်ကြိမ်တက်လျှင် အနည်းဆုံး လူဦးရေ ၄၀ ရှိကြောင်း သိရပါတယ်။

"နှစ်စဉ် တောင်ထိပ်ပေါ်ကို အောက်တိုဘာလကစပြီး မတ်လအထိ ခြောက်လတာကာလမှာ တက်ရောက်ကြတာ များပါတယ်။ တောင်ထိပ်မရောက်ခင် ငါးမိုင်အလိုမှာ စခန်းချရပါတယ်။ ၂၀၁၈ ခုနှစ် နှစ်ဦးပိုင်းမှ ယနေ့အချိန်အထိ ခြေလျင် တောင်တက်အဖွဲ့ ပြည်တွင်းသုံးဖွဲ့နဲ့ ပြည်ပနှစ်ဖွဲ့ စုစုပေါင်း ငါးဖွဲ့တက်ရောက်ပြီးကြောင်း သိရပါတယ်။ အခု ၂၀၁၉ ခုနှစ်မှာ စာရာမေရိတောင်ပေါ်ကို တက်ရောက်လေ့လာဖို့ အကွာအဝေး ၁၃ မိုင်လောက်၊ လမ်းတစ်ဝက်လောက် ဆိုင်ကယ်လမ်းပေါက်တဲ့အတွက် ခြေလျင်တောင်တက် အသွားအပြန်ခရီးက ခုနစ်ရက်ကြာပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



နာဂရိုးရာနှစ်သစ်ကူးပွဲတော် အားကစားပြိုင်ပွဲ၌ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ကြည့်ရှုအားပေးသူများဖြင့် စည်စည်ကားကား တွေ့ရစဉ်။

**နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားရေး အလေးထား**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် ၂၀၀၁ ခုနှစ်မှ စတင်ကာ ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၅ ခုနှစ်အထိ (၆)ကြိမ်မြောက် အဖြစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့နှင့် နာဂရိုးရာစာပေယဉ်ကျေးမှု(ဗဟို) ကော်မတီတို့ဦးစီး၍ ကျင်းပပေးပြီးဖြစ်ကြောင်း သိရသည်။ ယခု ၂၀၁၉ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စေရေးကို အလေးထားကာ အားကစား ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီစဉ်များပါမကျန် ဆောင်ရွက်ပေးထားခြင်း၊ ဌာနဆိုင်ရာ အသိပညာပေးပြခန်းများ၊ ရိုးရာဝလေ့ပြခန်းများ ဖွင့်လှစ်ပြသပေးသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကုသဆောင်ရွက်ပေးလျက်ရှိကာ နာဂရိုးရာ အမှတ်တရအဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းအရောင်းဆိုင်များကိုပါ ဖွင့်လှစ် ပေးထားပြီး ပွဲတော်လာပြည်သူများအတွက် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် လုံခြုံရေးကိစ္စများကို တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အနွေးထည်များ ထောက်ပံ့ပေးမည်**

ထို့အပြင် ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လေရှီး၊ လဟယ်၊ နန်းယွန်း စသည့် သုံးမြို့နယ်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စောင်(အထူ/ အပါး) ၆၃၀၈ ထည်၊ ခြင်ထောင်(ကြီး/သေး) ၃၉၄၄ ထည်၊ (အမျိုးသား)လုံချည် အထည် ၆၃၅၀၊ (အမျိုး သမီး)လုံချည် ၄၁၅၈ ထည်၊ အမျိုးသားဝတ် ဖလန်ထည်လက်ရှည် အထည် ၂၀၃၀ နှင့် ပဲစင်းငုံ ပိဿာ ၂၅၀၀ ကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ဆန်အိတ် ၃၅၀၀၊ သွပ် ၆၀၀၀၊ ဆိုလာ အစုံ ၂၀၀၊ ဗလာစာအုပ် ဒါဇင် ၁၀၀၀၊ ကျောင်းဝတ်စုံ (ဖြူ/စိမ်း) အစုံ ၃၀၀ တို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကလည်း အမျိုးသားဝတ်အနွေးထည် ၁၉၅ ထည်နှင့် အမျိုးသားဝတ် လေဖောင်း အနွေးထည် ၁၉၂ ထည်တို့ကို လည်းကောင်း ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူး ပွဲတော်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်း စသည့် သုံးမြို့နယ်အတွက် စုပေါင်းထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော်ဖြင့် လုံခြုံရေးလုပ်ဆောင်မည်



**လေရှီး ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး မြို့နယ်တွင် ကျင်းပမည့် ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူး ပွဲတော်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂၀ အသုံးပြုသွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့်၏ ပြောကြားချက် အရ သိရသည်။

"၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပတဲ့ ကွင်းကြီးနဲ့ အနီးဝန်းကျင်မှာ လုံခြုံရေးတွေ လုပ်ဆောင်နေတယ်။ ရဟတ်ယာဉ်ကွင်း၊ ယာဉ်တန်းလုံခြုံရေး၊ နေရာလုံခြုံရေးတွေ အကုန်ပါတယ်။ အဝေးစည်းလုံခြုံရေး၊ အပြင်စည်းတွေရှိတယ်။ ဝင်ပေါက်၊ ထွက်ပေါက်တွေမှာ စစ်ဆေးကြပ်မတ်မှုတွေ လုပ်နေ တယ်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနိုင်ဖို့၊ ပြည်တွင်းပြည်ပက လာရောက်လည်ပတ်ကြတဲ့ ခရီးသွားပြည်သူတွေ၊ ဒေသခံ ပြည်သူတွေ စိတ်အေးချမ်းသာစွာနဲ့ ပါဝင်ဆင်နွှဲနိုင်ဖို့အတွက် လုံခြုံရေးကို လုပ်ဆောင်ပေးနေတာပါ" ဟု တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှိုင်တင့်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၀ ရက်မှ လုံခြုံရေးတာဝန်များကို စတင်ထမ်းဆောင်လျက်ရှိပြီး ပွဲတော်ကာလအပြီးအထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# "သရဲသဘော်" ရုပ်ရှင်ဇာတ်ကား ဇန်နဝါရီ ၁၈ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်

ရန်ကုန် ဇန်နဝါရီ ၁၃

**"အောင်သီရိ" ရုပ်ရှင်ထုတ်လုပ်ရေးကထုတ်လုပ်ပြီး ဇာတ်လမ်းနှင့် ဒါရိုက်တာ ရာဇဝင်ကို ရိုက်ကူးသည့် "သရဲသဘော်" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြို မိတ်ဆက်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇန်နဝါရီ ၁၈ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်သည်။**



ဒါရိုက်တာ ရာဇဝင်ကို



သရုပ်ဆောင် သွန်းဆက်



သရုပ်ဆောင် ဇော်ဝင်းနိုင် (မန်း)



သရုပ်ဆောင် ဆုအိမ့်စံ

ဇာတ်လမ်းနှင့် ဒါရိုက်တာ ရာဇဝင်ကိုက "သရဲနဲ့ ဟာသပေါင်းစပ်ထားပြီး သဘော်ပေါ်မှာ ရိုက်ခဲ့တဲ့ဇာတ်ကားလေးပါ။ ရန်ကုန်မြစ်ကြောင်း တစ်လျှောက်မှာ ရိုက်ထားတာပါ။ မိုးရာသီမှာ သဘော်ပေါ်မှာ ရိုက်ခဲ့ရတာဆိုတော့ မိုးတိတ်မယ့် အချိန်ကို စောင့်ပြီးရိုက်ခဲ့ရတယ်။ ကင်မရာတည်တဲ့အခါမှာလည်း ကိုယ်လိုချင်တဲ့ အနေအထားမျိုးရဖို့ အခက်အခဲတွေ ရှိခဲ့တယ်။ ကြိုတင်ပြင်ဆင်မှု အပိုင်းတွေ အများကြီးလုပ်ပြီးမှ ရိုက်ခဲ့ရတာပါ" ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် ခန့်စည်သူ၊ သူရိယ၊ ညီထွဋ်ခေါင်၊ ခိုင်သင်းကြည်၊ ယုသန္တာတင်၊ သွန်းဆက်၊ ဆုအိမ့်စံ၊ ရှောပြိမ်းချမ်း၊ ဇော်ဝင်းနိုင်(မန်း)၊ ဝါဝါအောင်၊ ကေညီ၊ ဖိုးသဲ၊ သီဟနှင့် အနုပညာရှင်များစွာပါဝင်ပြီး ရယ်ရွှင်ဖွယ်ရာ သရဲနှင့် ဟာသပေါင်းစပ် ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။

သရုပ်ဆောင် သွန်းဆက်က "ဒီကားထဲမှာပါဝင်တဲ့ ဇာတ်ရုပ်ကတော့ သရဲမကြောက်တတ်ဘူး။ သတ္တိရှိတဲ့ပုံစံမျိုးပါ။ အပြင်မှာကတော့ သရဲဆိုရင် တော်တော် ကြောက်တတ်တယ်။ ဒါ့ကြောင့် တော်ရုံတန်ရုံ သရဲဇာတ်ကားတွေရိုက်ဖို့ ကမ်းလှမ်းရင်တောင် မရိုက်ဖြစ်ဘူး။ ဒီကားလေးကတော့ ဟာသကားလေးဖြစ်တဲ့အတွက် ရိုက်ဖြစ်ခဲ့တာပါ" ဟုပြောသည်။

ဇော်ဝင်းနိုင်(မန်း) က "သဘော်ပေါ်မှာ ဖြစ်ပျက်သွားတဲ့ ပြဿနာလေးတွေနဲ့ ရယ်စရာလေးတွေ လုပ်ထားတာပါ။ တစ်ကားလုံး အမှတ်တရတွေပါပဲ။ ဒီဇာတ်ကားထဲမှာကတော့ ကျွန်တော်က စုံထောက်ရူး ရူးနေတဲ့သူပါ။ ပုရတဲ့အထဲ ကုတ်အင်္ကျီ အမည်းကြီးဝတ်၊ မှန်ဘီလူးကြီးကိုင်ပြီး ဟိုရှာ၊ ဒီရှာလုပ်တဲ့ ဇာတ်ရုပ်မျိုးပါ" ဟုပြောသည်။

ယင်းဇာတ်ကားသည် သဘော်ပေါ်မှာရိုက်ခဲ့သည့် ဇာတ်လမ်းဖြစ်သည့်အတွက် ပျော်ရွှင်စရာကောင်းပြီး အမှတ်တရ များစွာရှိခဲ့ကြောင်း၊ ဟာသသရဲဇာတ်ကားဖြစ်သည့်အတွက် လာရောက်ကြည့်ရှုကြသူများအနေဖြင့် ရင်ခုန်စိတ်လှုပ်ရှားကာ ပျော်ရွှင်ကြရလိမ့်မည်ဖြစ်ကြောင်း သရုပ်ဆောင် ဆုအိမ့်စံက ဆိုသည်။

ရုပ်ရှင် သရုပ်ဆောင်တစ်ဦး၏ မွေးနေ့ပွဲကို သဘော်ပေါ်၌ကျင်းပစဉ် မွေးနေ့ပွဲသို့ တက်ရောက်လာကြသည့် ပရိသတ်များ အမှတ်တရဖြစ်စေရန်နှင့် ပျော်ရွှင်မှုများရရှိစေရန်အတွက် ဖန်တီးပြီး သရဲခြောက်ရာမှ စတင်ခဲ့သည့် ရယ်မောပျော်ရွှင်ဖွယ်ကောင်းသော ဟာသသရဲဇာတ်ကား ဖြစ်သည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# ဖန်းမော်မြို့၌ ကာယဗလနှင့် အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်၏ ကူညီပံ့ပိုးမှုဖြင့် ဖန်းမော်မြို့နယ် ကာယဗလနှင့် အလေးမအသင်း (၇၂)နှစ်ပြည့် အထိမ်းအမှတ် ကာယဗလနှင့်အမျိုးသား ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက် ညပိုင်းက ဖန်းမော်မြို့ မင်္ဂလာသိမ်မဟာခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ပြိုင်ပွဲတွင် လူသစ်တန်း ကာယဗလမောင် ၁၅ ဦး၊ အလွတ်တန်းမောင်ခုနစ်ဦး၊ မင်းဖီးစစ် အမျိုးသား ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲဝင် ကိုးဦး ပါဝင်ပြိုင်ခဲ့ကြသည်။

ရှေးဦးစွာ လူသစ်တန်းနှင့် အလွတ်တန်းကာယဗလမောင် ဆန်ခါတင်ငါးဦးစီ၊ အမျိုးသားကာယကြံ့ခိုင်မှု ဆန်ခါတင်ငါးဦး ရွေးချယ်ခဲ့ကြပြီး ဗိုလ်လုပွဲကို ဆက်လက်ယှဉ်ပြိုင်ခဲ့ကြရာ ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်သန်းနှင့် တာဝန်ရှိသူများကဆုများ ချီးမြှင့်ပေးခဲ့ကြသည်။



ဆက်လက်၍ အဖွဲ့ချုပ်မှ မောင်မြန်မာကမ္ဘာ့အဆင့်၊ အာရှအဆင့်တွင် ရွှေတံဆိပ်ဆုရ ထွန်းမင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပထမရွှေတံဆိပ်ဆုရမယ် မြန်မာမီမီကျော်နိုင်၊ ငွေတံဆိပ်ဆုရ ကချင်ပြည်နယ် ကာယဗလမောင် ဂျော်ဝါးနောင်၊ ၂၀၁၈ တံခွန်စိုက်ဒိုင်းဆုရ ကာယဗလမောင် ဇော်တောင်နှင့် ကာယကြံ့ခိုင်မယ် တတိယဆုရ မသင်းညွန့်ထွန်းတို့က သရုပ်ပြသခဲ့ကြပြီး မြို့နယ်ကာယဗလနှင့် အလေးမအသင်း ဥက္ကဋ္ဌ ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဗလစိုး**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၁) နှစ်အောက် ဘောလုံးပြိုင်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၃)၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြရာ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ရန်ကုန်တိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး - နှစ်ဂိုးဖြင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၁) ၌ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြရာ နေပြည်တော်အသင်းမှ မန္တလေးတိုင်းဒေသကြီး အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၃)၌ မွန်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြရာ မွန်ပြည်နယ် အသင်းမှ ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

စိုးမြတ်သူက ဂိုးစတင်သွင်းယူခဲ့၍ ဒဂုံအသင်း ယုံကြည်မှုပိုရသွားပြီး ဇွဲကပင်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ဇွဲကပင်အသင်းသည် ဂိုးပေးလိုက်ရသောကြောင့် ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာပြီး ၁၀ မိနစ်တွင် ဂျပန်ကွင်းလယ်ကစားသမား ကင်မ်က ဂိုးပြန်သွင်းခဲ့သည်။ ဇွဲကပင်အသင်းသည် သရေကျပြီးနောက်ပိုင်းတွင် ဂိုးထပ်ရရန် ကြိုးစားသော်လည်း သီဟထက်အောင်နှင့် အန်ဒါဆင်ဝက်စ်တို့၏ ခံစစ်အတွဲမှာ လိုအပ်ချက်များခဲ့၍ ဒဂုံအသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်း မရှိခဲ့ပေ။ ပထမပိုင်းပြီးခါနီးတွင် ဒဂုံအသင်း ဂိုးထပ်ရခဲ့ပြီး စိုးမြတ်သူက သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးရရန် ကြိုးစားသော်လည်း ဒဂုံအသင်းက အချိတ်အဆက်မိမိဖြင့် ဆက်လက်ဖိကစားနိုင်ခဲ့သည်။ ဒဂုံအသင်းအတွက် တတိယဂိုးကို ၆၅ မိနစ်တွင် မျိုးမင်းဇော်က ခေါင်းတိုက်သွင်းယူခဲ့သည်။

ဗထူးကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံနှင့် ရှောဝတီအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံအသင်းနှင့် တစ်သင်းလုံးနီးပါး အပြောင်းအလဲပြုလုပ်ထားသည့် ရှောဝတီအသင်းတို့၏ ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဒုတိယပိုင်းသွင်းဂိုးများဖြင့် သရေကျခဲ့ခြင်းဖြစ်သည်။ မိနစ် ၆၀ တွင် ဇော်လင်းက ရှောဝတီအတွက် ဂိုးစတင်သွင်းယူသော်လည်း ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် မြတ်ကောင်းခန့်က ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက Chinland အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ Southern အသင်းအတွက် အနိုင်ဂိုးများကို ၅၉ မိနစ်တွင် ဝင်းမင်းထွဋ်နှင့် ၉၀+ ၂ မိနစ်တွင် ထူးထူးအောင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် စစ်တွေမြို့ရှိ ဝေသာလီကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရခိုင်အသင်းနှင့် မကွေးအသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

❂ *ကျောဖုံးမှ*

ဖေဖော်ဝါရီလ ပထမပတ်တွင် ယှဉ်ပြိုင်ရမည့် အိန္ဒိယဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲမတိုင်မီ ကစားသမားများလျှော့ချရန် ခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းမှာမူ ဧပြီလနောက်ဆုံးပတ်တွင် ကျင်းပမည့် အာရှ ယူ-၁၉ အမျိုးသမီး ဒုတိယအဆင့် ခြေစစ်ပွဲအတွက် ပဏာမကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းမှာလည်း ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်အထိ ကျင်းပမည့် အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ပဏာမကစားသမား ၃၂ ဦး ရွေးချယ်ထားသည်။ နည်းပြချုပ်များအဖြစ် လက်ရွေးစင်အသင်းကို ဦးဝင်းသူမိုး၊ ယူ-၁၉ အသင်းကို ဒေါ်သက်သက်ဝင်း၊ ယူ-၁၆ အသင်းကို ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်လျက်ရှိသည်။

ယင်းခြေစစ်ပွဲများအနက် အာရှ ယူ-၁၆ နှင့် ယူ-၁၉ ခြေစစ်ပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး အိုလံပစ်ခြေစစ်ပွဲကိုလည်း ထပ်မံကျင်းပခွင့်ရရန် အာရှဘောလုံးအဖွဲ့ချုပ်ထံ တောင်းဆိုထားသည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- မန်ယူအသင်းသည် အသင်းတွင် အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်နိုင်ရေးအတွက် အင်္ဂလန်နည်းပြ ဆောက်ဂိတ်အား ချဉ်းကပ်မှုပြုလုပ်ရန် စဉ်းစားနေကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။ မေရာ၏ ဖော်ပြချက်တွင်မူ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော နည်းပြ ဆီမြွန်နီကိုလည်း အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ရန် စိတ်ဝင်စားနေကြောင်း ဖော်ပြထားသည်။
- တော့တင်ဟမ်အသင်းသည် ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားခြင်းခံနေရသော အင်္ဂလန်တိုက်စစ်ကစားသမား ဟယ်ရီကိန်းအား ပေါင်သန်း ၃၀၀ သတ်မှတ်လိုက်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ် စပိန်လာလီဂါတွင် ၁၈ ပွဲကစားပြီး ရဂိုး ၂၆ ဂိုးသာ ရရှိထားသည့်အပြင် အမှတ်ပေးဇယားတွင်လည်း အဆင့် ၅ နေရာတွင် ရပ်တည်နေသည်အထိ ရလဒ်များဆိုးရွားနေကြောင်း သိရသည်။
- အာဆင်နယ်အသင်းသည် ဂျူဗင်တပ်စ်အသင်းအား ၎င်းတို့အနေဖြင့် နွေရာသီတွင် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော အသက် ၂၈ နှစ်အရွယ် ဝေးလ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် မစောင့်ဆိုင်းနိုင်ဘဲ ယခုအပြောင်းအရွှေ့ကာလတွင် ခေါ်ယူမည်ဆိုပါက ပေါင် ၁၈ သန်းပေးချေရလိမ့်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။
- ရီးရဲမက်ဒရစ်အသင်းသည် စာချုပ်သက်တမ်းတစ်နှစ် ကျန်ရှိနေသေးသော ချယ်လ်ဆီးတိုက်စစ်ကစားသမား ဟာဇက် (၂၈နှစ်)နှင့် တော့တင်ဟမ်ကွင်းလယ်ကစားသမား အဲရစ်ဆင် (၂၆နှစ်) တို့ကို နွေရာသီတွင် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် ကွင်းလယ်ကစားသမား ရှယ်ဗေး အတွက် ပေါင် ၁၀ သန်း ကမ်းလှမ်းမှုတစ်ရပ်ကို နယူးကာဆယ်အသင်းက ပယ်ချလိုက်ပြီးနောက် နောက်ထပ်တစ်ကြိမ် ကမ်းလှမ်းသွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြထားသည်။
- မန်ယူအသင်းခေါင်းဆောင် ဗလင်စီယာ (၃၃နှစ်) သည် နွေရာသီတွင် သက်တမ်းကုန်ဆုံးသည့်အခါ အိုးထရက်ဖို့ဒ်မှ ထွက်ခွာဖွယ်ရှိကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ အီကွေဒေါကစားသမားကို အင်တာမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။
- အေစီမီလန်အသင်းသည် မန်ယူနှင့် ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဖယ်လိုင်နီ (၃၁နှစ်) ကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းသည် ဘာစီလိုနာအသင်းက ခေါ်ယူရန်ပစ်မှတ်ထားနေသော ပီအက်စ်ဂျီအသင်းမှ အသက် ၂၃ နှစ်အရွယ် ပြင်သစ်ကစားသမား ရာဘီရော့အား ခေါ်ယူရန် စုံစမ်းမှုများပြုလုပ်လိုက်ကြောင်း ပြင်သစ်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။
- မန်စီးတီးအသင်းသည် နာပိုလီနှင့် ဘရာဇီးကွင်းလယ်ကစားသမား အယ်လန်း (၂၈နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- မန်စီးတီးနှင့် ဝေးလ်ကွင်းလယ်ကစားသမား မာတွန်ဒို (၁၈နှစ်) သည် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုတစ်ရပ်အား ပယ်ချလိုက်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ဇန်းမော်၌ ဆီတွဲရေယာဉ်မှ ဆီသယ်ယာဉ်ပေါ်သို့ ဆီဖြည့်စဉ် မီးလောင်သဖြင့် သုံးဦးသေ၊ နှစ်ဦးဒဏ်ရာရ



**ဗန်းမော် ဇန်နဝါရီ ၁၃**
ကချင်ပြည်နယ် ဗန်းမော်မြို့၌ ယနေ့ နံနက် ၁၀ နာရီခန့်က ရော၀တီမြစ်ကမ်းဘေး၌ ဆိုက်ကပ်ထားသည့် ပုဂ္ဂလိကပိုင်ဆီတွဲရေယာဉ်ပေါ်မှ မြစ်ကမ်းပါးပေါ်ရပ်တန့်ထားသည့် ဆီဘောက်ဆာယာဉ်အတွင်း ဆီဖြည့်စဉ် မီးလောင်မှုကြောင့် သုံးဦးသေဆုံးပြီး နှစ်ဦးမီးလောင်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁၀ နာရီခန့်က ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအုပ်စု (ဒေသအခေါ်)ဘုံဘိုင်ရပ်ရှိ ရော၀တီမြစ်ကမ်းနားဘေးတွင် ရပ်တန့်ထားသည့် ပုဂ္ဂလိကပိုင် ဆီတွဲရေယာဉ်ပေါ်မှတစ်ဆင့် မြစ်ကမ်းပါးပေါ် ရပ်တန့်ထားသည့် ဆီဘောက်ဆာယာဉ်သို့ ဆီဖြည့်နေစဉ် ဆီဖြည့်သည့် ပိုက်ဂေါက်နှင့် ဆီသယ်ယာဉ်နှုတ်ခမ်း၀တို့ ပွတ်တိုက်မိရာမှ မီးလောင်ခဲ့သည်။

မီးလောင်မှုကြောင့် ခနေဖြူမြို့နယ် ကျုံကဆင်းကျေးရွာနေ အောင်သန်းထိုက်(ခ)အာကာ(၂၃ နှစ်)၊ ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်နေ နိုင်လင်းထွန်း(၂၃ နှစ်)နှင့် ထွန်းထွန်း၀င်း(စီစစ်ဆဲ)တို့သုံးဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး မန္တလေးတိုင်းဒေသကြီး အုန်းချောကျေးရွာနေ သက်နောင်ဦး(၂၃ နှစ်)နှင့် မြင်းခြံမြို့နေ ဟိန်းဇော်(၁၈ နှစ်)တို့နှစ်ဦးမှာ မီးလောင်ဒဏ်ရာများ ရရှိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများကို ဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြန်မာ့ရုပ်မြင်သံကြား

၁၄-၁-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**
- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၁၅ - BBC Click
- ၉း၃၀ - ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ " Sanchi" (India)
- ၁၀း၃၀ - စိုက်ပျိုးရေးရာအဖြေရှာ "သရက်စိုက်ပျိုးရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်အကြောင်းသိကောင်းစရာ"
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၄၀ - "သာလာဝတီ မြစ်နဒီကို ကျော်လွန်ဖြတ်သွား ချင်းတွင်းတံတား"
- ၁၃း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း" (အပိုင်း -၁၄)

**ညပိုင်း**
- ၁၆း၂၅ - "၂၀၁၉ ခုနှစ်၊ မတ်လ တက္ကသိုလ်ဝင်စာမေးပွဲတွင် စတင်အသုံးပြုမည့်မေးခွန်းပုံစံသစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ" (ဇီဝဗေဒဘာသာရပ်)
- ၁၆း၃၅ - "(၂၀၁၉) ခုနှစ်၊ ဇန်နဝါရီလ၊ လပတ်မိုးလေ၀သအစီအစဉ်"
- ၁၇း၂၀ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် "ဥတုနှင့်အညီ လိုက်နာနေထိုင်စားသောက်ပါ"
- ၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "ဥပဒေရေးရာသိကောင်းစရာအမေးအဖြေ" (အပိုင်း-၂) (ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ဦးစံပေါ်၊ ဒေါ်အမာကြည်) ဒါရိုက်တာ- ဝေဠု(ဝသန်)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေ၀သအခြေအနေ
- ၂၀း၃၅ - "ဆင်ခြေထောက်ရောဂါ ကင်းဝေးရေးသန်ချဆေးပေါင်းတိုက်ကျွေးပေး" (အပိုင်း-၂)

## ကသာမြို့နယ်၌ တရားမဝင် ကျွဲ၊ နွား ၃၂ ကောင် သယ်ဆောင်လာသူများ ဖမ်းမိ

**ကသာ ဇန်နဝါရီ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကသာ-ဗန်းမော်သွား ကားလမ်းပေါ်ရှိ ပန်သစ္စာဆီပန့်ဆိုင်အနီး၌ ဇန်နဝါရီ ၁၃ ရက် နံနက်က တရားမဝင် ကျွဲ၊ နွားများ တင်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၃ ရက် နံနက်က ကသာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အောင် ဦးစီးသော ပူးပေါင်းအဖွဲ့သည် "ပန်သစ္စာ" စက်သုံးဆီဆိုင်အနီးတွင် ကသာမြို့ဘက်မှ ကချင်ပြည်နယ် ရွှေကူမြို့သို့ စိုးမြတ်သူ မောင်းနှင်လာသော 8J/-------- ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ တရားမဝင်သယ်ဆောင်လာသော နွား ၂၂ ကောင်၊ ကျွဲ ၁၀ ကောင် စုစုပေါင်း ကျွဲ၊ နွား ၃၂ ကောင် ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ဈေးရုံပိုလ်တဲရပ် ကောလင်းမြို့နေသူ ယာဉ်မောင်း စိုးမြတ်သူ၊ ကျော်ဇေယျာရပ် ကောလင်းမြို့နေသူ ယာဉ်နောက်လိုက် ထက်ပိုင်စိုး၊ နောင်ကွတ်ကျေးရွာ ဗန်းမော်မြို့နေသူ ခင်လှိုင်နှင့် ကျွဲ၊ နွားများ ပိုင်ရှင်သည့်ကောလင်းမြို့နေသူ ဦးဇော်ဝင်းတို့ကို ကသာမြို့မရဲစခန်းက အရေးယူထားကြောင်း ရဲမှူးမြင့်အောင်ထံမှ သိရသည်။ **လူအောင်(ကသာ)**



## ဗန်းမော်မြို့နယ်၌ သစ်ခွရှာရန်သွားသည့် ရွာသားတစ်ဦး မိုင်းပေါက်ကွဲ၍ သေဆုံး

**ဗန်းမော် ဇန်နဝါရီ ၁၃**
ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၌ ဇန်နဝါရီ ၁၁ ရက် ညနေက သစ်ခွရှာရန်သွားသည့် ကောင်ဂျာယန်ကျေးရွာသားတစ်ဦး မိုင်းထိသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် ညနေ ၅ နာရီခန့်က ဗန်းမော်မြို့နယ် ကောင်ဂျာယန်ကျေးရွာနေ ဦးဘရန်တောင်(၅၅) နှစ်သည် သားနှစ်ဦးဖြစ်သူ ဦးနန်အောင်၊ ဦးလာရွယ်နှင့် သဖန်းပင်ကျေးရွာနေ ဦးမာဘောက်တို့နှင့်အတူ ဗန်းမော်မြို့နယ် မြစေတီကျေးရွာနှင့် ၂၅ မိုင်ခန့်အကွာရှိ ရုရှားရွှေမော်အနီး တောင်ပေါ်သို့ သစ်ခွရှာဖွေရန် သွားရောက်စဉ် မိုင်းတစ်လုံးပေါက်ကွဲခဲ့၍ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သူ ဦးဘရန်တောင်သည် ဆေးကုသမှုခံယူနေစဉ် ဇန်နဝါရီ ၁၂ ရက် နံနက် ၅ နာရီတွင် သေဆုံးသွားခဲ့၍ ဗန်းမော်မြို့မရဲစခန်းက စစ်ဆေးနေကြောင်း သိရသည်။

၁၂၇

## လားရှိုးမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်က လားရှိုးမြို့နယ် ခါးသျှို(အောက်)ကျေးရွာအဝင် လားရှိုး-တန့်ယန်းသွားကားလမ်းတွင် အကျုံးဖာနှင့် အဆေးဖာတို့နှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီး ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းစိမ်း ခုနစ်ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖယ်ခုံမြို့နယ် နားဟီးကျေးရွာအုပ်စု နားကုန်းကျေးရွာနှင့် ကာလကျေးရွာ သွားလမ်းတွင် သန်းထွန်း(ခ)သန်းထွန်းပိန် မောင်းနှင်လာသော ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းစိမ်း ၄ ဒသမ ၄ ကီလိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## ဟိုပုံး၊ ဆီဆိုင်နှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၁၃**
ဟိုပုံးမြို့နယ် ဒုံကောင်ကျေးရွာအရှေ့တောင်ဘက် ၁ မိုင်ခန့်အကွာ၌ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဟန် ဦးစီးပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၂ ရက်က အမြင့် တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၂၆ ဧကခန့်ကို လည်းကောင်း၊ ဆီဆိုင်မြို့နယ် ထမ့်ယန်းကျေးရွာ၌ ဘိန်းစိုက်ခင်း ၁၈ ဧကခန့်ကို လည်းကောင်း၊ မိုင်းပျဉ်းမြို့နယ် ဟွေလစ်ကျေးရွာ၌ ဘိန်းစိုက်ခင်း ခုနစ်ဧကခန့်ကို လည်းကောင်း ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## စစ်ကိုင်းမြို့ ပွဲဆိပ်ရပ်ရှိ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်

**စစ်ကိုင်း ဇန်နဝါရီ ၁၃**
စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက် ပွဲဆိပ်ရပ်ရှိ နေအိမ်တစ်လုံး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က မီးလောင်ခဲ့ကြောင်း စစ်ကိုင်းမီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ဒေါ်စန်းခိုင်ထွန်း(၅၃ နှစ်)၏ နေအိမ်၌ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ရေနွေးအိုးတည်ထားရာမှ အပူလွန်ကဲပြီး နေအိမ်ကို မီးကူးစက်လောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ စစ်ကိုင်းခရိုင် မီးသတ်စခန်းမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်နိုင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြှိမ်းသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်ငြှိမ်းသတ်ရာ မွန်းလွဲ ၁ နာရီတွင် မီးလုံးဝငြှိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ ပျဉ်ခင်းနေအိမ်တစ်လုံး ဆုံးရှုံးခဲ့သဖြင့် အိမ်ပိုင်ရှင် ဒေါ်စန်းခိုင်ထွန်း (၅၃ နှစ်)ကို စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

## ကလေးမြို့ စမ်းမြို့ရပ်ကွက်တွင် မီးလောင်မှုဖြစ်

**ကလေး ဇန်နဝါရီ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စမ်းမြို့ရပ်ကွက် နယ်မြေ(၁၀)နေ ဦးလားလ်အွန်ပွီးယာ (၃၆ နှစ်)၏ နေအိမ်တွင် ဇန်နဝါရီ ၁၂ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်ခဲ့ကြောင်း သိရသည်။

ကလေးမြို့ စမ်းမြို့ရပ်ကွက် နယ်မြေ(၁၀)နေ ဦးလားလ်အွန်ပွီးယာ၏ တစ်ထပ်နေအိမ်နှင့်တွဲလျက် ရက်ကန်းစင်အဆောက်အအုံသည် မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်ခဲ့ရာ အဆိုပါနေရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စန်း ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကလေးမြို့နယ်ရဲမှူး ဦးဉာဏ်လှိုင်ဦး၊ တာဝန်ရှိသူများနှင့် ပြည်သူများက မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ည ၇ နာရီခွဲတွင် လုံးဝမီးငြိမ်းသွားသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးလားလ်အွန်ပွီးယာကို ကလေးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ချင်းတွင်းသား**

## ခမောက်ကြီးမြို့ အမှတ်(၄)ရပ်ကွက်တွင် နေအိမ်တစ်လုံးမီးလောင်

**ခမောက်ကြီး ဇန်နဝါရီ ၁၃**
ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အမှတ်(၄)ရပ်ကွက်တွင် ဇန်နဝါရီ ၁၂ ရက် ည ၈ နာရီ ၄၅ မိနစ်က နေအိမ်တစ်လုံးမီးလောင်ခဲ့ကြောင်း ခမောက်ကြီးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၂ ရက် ည ၈ နာရီခွဲခန့်က ဒေါ်မေအောင်(၃၈ နှစ်)၏ မိသားစုဝင်များ နေအိမ်အပြင်သို့ ရောက်ရှိနေစဉ် မီးဖိုချောင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးနေလင်းအောင်၊ စခန်းမှူး ရဲအုပ်ဆန်းမောင်၊ မီးသတ်ဦးစီးမှူး ဦးရဲလင်းထက်၊ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးဇော်ဇော်၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများက မီးသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ည ၉ နာရီတွင် မီးငြိမ်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်မေအောင်ကို ခမောက်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

## ဘားအံ-သထုံသွားကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်၍ အမျိုးသမီးနှစ်ဦးသေဆုံး

**ဘားအံ ဇန်နဝါရီ ၁၃**
ကရင်ပြည်နယ် ဘားအံမြို့နယ် ဓမ္မပါလရပ်ကွက် ဘားအံ-သထုံ ကားလမ်း တံတားအမှတ် ၂/၂၃ အနီး၌ ဇန်နဝါရီ ၁၃ ရက် နံနက် ၅ နာရီခန့်က အမျိုးသမီးနှစ်ဦးကို ယာဉ်တိုက်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘားအံ-သထုံကားလမ်းအတိုင်း ဘားအံမှ သထုံဘက်သို့ လသာမြို့နယ်နေသူ အောင်ကျော်စိုး (၄၁ နှစ်) မောင်းနှင်ပြီး ဦးအေးဟန် (၄၇ နှစ်) လိုက်ပါလာသော KYN 9B/ ------- မတ်အိက်စ်ယာဉ်သည် ဘားအံ-သထုံ ကားလမ်း တံတားအမှတ် ၂/၂၃ အနီးတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းတစ်ဖက်ခြမ်းမှ လမ်းလျှောက်သွားနေသော အင်းလေး ၂လမ်း ဘားအံမြို့နေသူ ဒေါ်သောင်းမြ(၇၀ နှစ်)နှင့် ဓမ္မပါလရပ်ကွက် ဘားအံမြို့နယ်နေသူ ဒေါ်မာလာမြင့် (၅၅ နှစ်)တို့ နှစ်ဦးကို နောက်မှဝင်ရောက်တိုက်မိသဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ယာဉ်မှာ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း အောင်ကျော်စိုးကို မြိုင်ကလေးရဲကင်းစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# ပြင်သစ်အစိုးရကို ဆန္ဒပြသူများ ပိုမိုများပြားလာ



ပါရီရှိ ပြင်သစ်နိုင်ငံတော်အလံကို ဝှေ့ယမ်းနေကြသည့် ဆန္ဒပြပြည်သူများကို တွေ့ရစဉ်။

**ပါရီ ဇန်နဝါရီ ၁၃**

ပြင်သစ်နိုင်ငံ၌ အဝါရောင်အပေါ်ဝတ်အင်္ကျီဝတ်ဆင်ထားကြသူများ၏ ဆန္ဒပြလှုပ်ရှားမှုများ ရက်သတ္တကိုးပတ်ထဲသို့ ရောက်ရှိလာချိန်တွင် ဆန္ဒပြပြည်သူများသည် ပိတ်ရက်များအတွင်း ပင်ပန်းနွမ်းနယ်လာကြဟန်ရှိသော်လည်း စနေနေ့တွင် ဆန္ဒဖော်ထုတ်သူ ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။

ပြင်သစ်အစိုးရက ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများ အဆုံးသတ်သွားစေရေးအတွက် ပြည်သူလူထုနှင့်ညှိနှိုင်းမှုရယူရန် ကြိုးပမ်းလျက်ရှိသည်။ ဆန္ဒဖော်ထုတ်သူများသည် စနေနေ့က ပြင်သစ်နိုင်ငံတစ်ဝန်းရှိ လမ်းများပေါ်သို့ ချီတက်ခဲ့ကြကြောင်း ရဲတပ်ဖွဲ့ သတင်းရင်းမြစ်များ၏ ပြောပြချက်ကို ကိုးကားလျက် BFMTV သတင်း ချန်နယ်က ဖော်ပြခဲ့သည်။

လူမှုကွန်ရက်မှတစ်ဆင့် သမ္မတမက်ခရွန်၏ ခေါင်းဆောင်အုပ်ချုပ်မှုကို ဆန့်ကျင်သည့် အဝါရောင်ဝတ်ဆင်သူများ၏ ဆန္ဒပြလှုပ်ရှားမှုများသည် စနေနေ့တွင် ပါဝင်လှုပ်ရှားသူ ၈၀၀၀ ရှိလာခဲ့ပြီး ဇန်နဝါရီ ၅ ရက်က ဆန္ဒပြသူ ၂၀၀၀ ရှိရာမှ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစိုးရ၏ မူဝါဒအပေါ် ဆန့်ကျင်သည့်ဆန္ဒဖော်ထုတ်မှုသည် မူလအစတွင် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုဖြင့်စတင်လာခဲ့ပြီး အကြီးစားထိခိုက်မှုများမရှိသော်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်များတွင် ပြင်းထန်လာခဲ့ကာ ဆန္ဒပြသူအချို့သည် အဓိကရုဏ်းရဲများနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည်။ အစိုးရအဆောက်အအုံ ပရဝဏ်များဆီသို့ ကျူးကျော်မှုများလည်းရှိလာပြီး မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်လာခဲ့သည်။ အဓိကရုဏ်းဖြစ်ပွားမှုကို ထိန်းချုပ်သည့် အာဏာပိုင်များက မျက်ရည်ယိုဓာတ်ငွေ့များ၊ မေ့ဆေးဗုံးများနှင့် ရေပိုက်များကိုအသုံးပြုကာ လူစုခွဲရန် လုပ်ဆောင်ခဲ့သည်။ ပါရီမြို့အတွင်း၌ ပြည်သူ ၁၀၂ ဦးတို့ကို လက်နက်များအဖြစ် အသုံးပြုနိုင်သည့်အရာများ ကိုင်ဆောင်မှုဖြင့် ဖမ်းဆီးလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ဖော်ပြချက် အရ သိရသည်။

**ဆင်ဟွာ**

# ယီမင်နိုင်ငံ အေဒင်ဆိပ်ကမ်းရှိ ရေနံသန့်စင်စက်ရုံ မီးလောင်ပေါက်ကွဲမှုဖြစ်ပွား



ရေနံသန့်စင်စက်ရုံ ပေါက်ကွဲမှုဖြစ်ပွားရာမှ ထွက်ပေါ်လာသည့် မီးခိုးလုံးကြီးကို တွေ့ရစဉ်။

**အေဒင် ဇန်နဝါရီ ၁၃**

ယီမင်နိုင်ငံတောင်ပိုင်း အေဒင်ဆိပ်ကမ်းမြို့ရှိ နိုင်ငံပိုင် ရေနံသန့်စင်စက်ရုံတစ်ရုံ၌ ပြီးခဲ့သည့် စနေနေ့ညနေက အကြီးစား ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ၁၅ ဦး ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးအာဏာပိုင်တစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

တစ်ရက်အကြာက လောင်ခဲ့သော မီးသည် ရေနံတင်ယာဉ်တစ်စီးကို ကူးစက်လောင်ကျွမ်းရာမှ ပြင်းထန်သည့် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး ရေနံသန့်စင်စက်ရုံထဲတွင် ရှိနေသော အလုပ်သမားများနှင့် မီးသတ်ကယ်ဆယ်ရေးအဖွဲ့ ၁၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးသတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုသည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅၀ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးသတ်ကယ်ဆယ်ရေးသမားများက မီးတောက်များကို ငြှိမ်းသတ်နိုင်ရန် ကြိုးစားခဲ့ကြပြီး လူနာတင်ယာဉ်များလည်း အခင်းဖြစ်ပွားရာသို့ ချက်ချင်းရောက်ရှိလာခဲ့သည်။

အေဒင်ရှိ Buraigah ဒေသတစ်ခွင်လုံး၌ ပြင်းထန်သည့် ပေါက်ကွဲသံကြီးကို ကြားလိုက်ရပြီး ပေါက်ကွဲမှုဖြစ်ရာ အဆောက်အအုံမှ အနက်ရောင်မီးခိုးလုံးကြီး ပျံတက်လာသည်ကို တွေ့မြင်ခဲ့ရသည်ဟု မျက်မြင်သက်သေတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ယီမင်၏မြို့တော်အဖြစ် ယာယီသတ်မှတ်ထားသည့် အေဒင်ဆိပ်ကမ်းသည် ဆော်ဒီ ကျောထောက်နောက်ခံပြုထားသည့် ယီမင်အစိုးရက ၂၀၁၅ ခုနှစ်မှစတင်ကာ အခြေစိုက်ခဲ့သည့် ဆိပ်ကမ်းမြို့ဖြစ်သည်။ အာရပ်နိုင်ငံတစ်ခုဖြစ်သည့် ယီမင်သည် ၂၀၁၄ ခုနှစ်နှောင်းပိုင်းမှ စတင်ကာ ပြည်တွင်းစစ်အတွင်းသို့ ကျရောက်ခဲ့ရသည်။ ရှီးယိုက် ဟူသီသူပုန်များက မြို့တော်ဆာနားအပါအဝင် နိုင်ငံ၏ မြောက်ပိုင်းပြည်နယ်များအားလုံးကို သိမ်းပိုက်ထားသည်။

**ဆင်ဟွာ**

# ဒရုန်းတိုက်ခိုက်မှုများအတွင်း ယီမင်စစ်ဘက် ထိပ်တန်း အာဏာပိုင်တစ်ဦးသေဆုံး

**ဒူဘိုင်း ဇန်နဝါရီ ၁၃**

ယီမင်နိုင်ငံ၏ အကြီးဆုံးလေတပ်အခြေစိုက်စခန်းတစ်ခုကို ဟူသီသူပုန်တို့က ဒရုန်းလေယာဉ်ဖြင့် တိုက်ခိုက်ခဲ့မှုအတွင်း ယီမင်စစ်ဘက်ထိပ်တန်းအာဏာပိုင်တစ်ဦးသေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာသတင်းရင်းမြစ်များက ဖော်ပြသည်။

ယီမင်၏ ဒုတိယမြို့ကြီးဖြစ်သည့် အေဒင်ဆိပ်ကမ်းမြောက်ဘက်မှ ကီလိုမီတာ ၆၀ အကွာ အစိုးရထိန်းချုပ်ထားသည့် လာဟစ်ချ်ပြည်နယ်ရှိ အယ်လ်အာနက် လေတပ်အခြေစိုက်စခန်းကို ပြီးခဲ့သည့်ကြာသပတေးနေ့က ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ရာ ဗိုလ်မှူးချုပ် ဆာလက်တာမက် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

### ဆေးရုံ၌ သေဆုံးသွားခဲ့

ဆေးဘက်ဆိုင်ရာသတင်းရင်းမြစ်များ၏ ဖော်ပြချက်အရ တာမက်သည် ဒရုန်းတိုက်ခိုက်မှုအတွင်း ဒဏ်ရာများရရှိခဲ့ပြီးနောက် အေဒင်ရှိဆေးရုံတစ်ရုံတွင် ခွဲစိတ်ကုသမှုအချို့ပြုလုပ်ခဲ့သော်လည်း တနင်္ဂနွေနေ့နံနက်ပိုင်းတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

### ခြိမ်းခြောက်မှုတစ်ခုဖြစ်

ကြာသပတေးနေ့ကဖြစ်ပွားခဲ့သည့် အဆိုပါတိုက်ခိုက်မှုတွင် တာမက်အပါအဝင် သစ္စာခံ ခုနစ်ဦးတို့သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုသည် ကုလသမဂ္ဂဦးဆောင်သည့် ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေသည့် ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်ဟု မီဒီယာအချို့က ဖော်ပြခဲ့ကြသည်။

**အေအက်ဖ်ပီ**



တရုတ်ကုန်သွယ်ရေးဝန်ကြီး ကျုံရှန်။

# အမေရိကန်နှင့် ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုကို တရုတ်ကိုင်တွယ်ဆောင်ရွက်မည်

**ပေကျင်း ဇန်နဝါရီ ၁၃**

ယခုနှစ်တွင် အမေရိကန်နှင့်ကုန်သွယ်ရေးဆိုင်ရာ ပဋိပက္ခများကို ပြန်လည်ကောင်းမွန်ညီညွတ်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးဝန်ကြီးက ယခုရက်ပိုင်းအတွင်း အမေရိကန်နှင့် စေ့စပ်ညှိနှိုင်းသည့် ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီးနောက်တွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် တင်းမာမှုများဖြစ်ပွားနေသည့် ကုန်သွယ်ရေးဆိုင်ရာ အခွန်အခများနှင့်ပတ်သက်၍ သုံးလကြာ ပြေငြိမ်းရန် သဘောတူညီခဲ့ကြသည်။ ဆွေးနွေးပွဲများသည် ကုန်သွယ်ရေးဆိုင်ရာ အပြန်အလှန် စိုးရိမ်ကြောင့်ကြရမှုများကို ဖြေရှင်းရန် အခြေခံအုတ်မြစ်တစ်ခုကို တည်ထောင်လိုက်သည့် ဆွေးနွေးပွဲများဖြစ်ကြောင်း တရုတ်က ပြောကြားခဲ့သည်။

ကျွန်ုပ်တို့သည် တရုတ်-အမေရိကန် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပဋိပက္ခများကို ပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းသွားကြမည် ဖြစ်သည်ဟု တရုတ်ကုန်သွယ်ရေးဝန်ကြီး ကျုံရှန်က ပြောကြားခဲ့ကြောင်း ဆင်ဟွာ သတင်းမီဒီယာက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်သွားမည်ဖြစ်သည့်အပြင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ်ကို အတည်ပြုနိုင်ရန်နှင့် အငြင်းပွားဖွယ်ဖြစ်နေသည့် ဖြေရှင်းမှုနည်းစနစ်ပုံစံကိုလည်း အဆင့်မြှင့်တင်သွားနိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုတွာ

### လာဘ်ပေးလာဘ်ယူပြုလုပ်သည်ဟု စွပ်စွဲခံထားရမှုအပေါ် ဂျပန်အိုလံပစ်ကော်မတီဥက္ကဋ္ဌ ရှင်းလင်းမည်

**တိုကျို ဇန်နဝါရီ ၁၃**
ဂျပန်အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဆူနဲခါဇုတာကဲဒါသည် အိုလံပစ်ကော်မတီက လာဘ်ပေးလာဘ်ယူ ပြုလုပ်သည်ဟု စွပ်စွဲခံရသည့်အပေါ် သတင်းစာရှင်းလင်းပွဲကို လာမည့်အင်္ဂါနေ့တွင် ပြုလုပ်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်ကို တိုကျို၌ လက်ခံကျင်းပနိုင်ရေးအတွက် အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့မှုနှင့် ပတ်သက်၍ သံသယရှိသဖြင့် ပြင်သစ်စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ဂျပန်အိုလံပစ်ကော်မတီက စနေနေ့တွင် အဆိုပါ ကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အိုလံပစ် အားကစားပြိုင်ပွဲကို လက်ခံကျင်းပနိုင်ရေးအတွက် မစ္စတာ တာကဲဒါသည် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်ကို လာဘ်ပေးခဲ့သည်ဟု၍ စွပ်စွဲခံထားရပြီး ယင်းကိစ္စနှင့်ပတ်သက်၍ အမှုဖွင့်ဆောင်ရွက်ရန် ရှိမရှိကို တရားရုံး၌စိစစ်နေကြောင်း ပြင်သစ်အရာရှိများက ပြောကြားသည်။

မစ္စတာ တာကဲဒါက သောကြာနေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်ပြီး ယင်းစွပ်စွဲချက်ကို ငြင်းပယ်လိုက်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### အစိုးရယန္တရားရပ်ဆိုင်းမှုကြောင့် ထိခိုက်မှုရှိသူများအတွက် ငွေကြေးဆိုင်ရာ လျှော့ပေါ့ဆောင်ရွက်ပေးရန် ဗဟိုဘဏ်ဥက္ကဋ္ဌ တိုက်တွန်း

**ဝါရှင်တန် ဇန်နဝါရီ ၁၃**
အမေရိကန်၌ အစိုးရယန္တရား တစ်စိတ်တစ်ပိုင်း ရပ်တန့်မှု ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ရာ ထိုသို့ဖြစ်ပွားမှု၏အကျိုးဆက်ကြောင့် အခက်အခဲဖြစ်နေသည့် ငွေချေးယူထားသူများအပေါ် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် လျှော့ပေါ့ဆောင်ရွက်ပေးရန် ဗဟိုဘဏ်က တိုက်တွန်းလိုက်ကြောင်း သိရသည်။

အစိုးရယန္တရားအချို့ ရပ်ဆိုင်းမှုကြောင့် အစိုးရဝန်ထမ်းများကို လစာငွေထုတ်ပေးနိုင်ခြင်း မရှိသည့်အတွက် ဗဟိုဘဏ်က သောကြာနေ့တွင် ထိုသို့တိုက်တွန်းလိုက်ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။

အစိုးရယန္တရား ရပ်ဆိုင်းမှုကြောင့် အိမ်ရာချေးငွေ၊ ပညာရေးချေးငွေနှင့် မော်တော်ကားဝယ်ယူမှု ချေးငွေတို့အတွက် အရစ်ကျငွေပေးချေမှု ပြုလုပ်နေသူများအနေဖြင့် ဘဏ်များသို့ပေးဆပ်နိုင်ရန် ယာယီအခက်အခဲဖြစ်ပွားနိုင်သည့်အတွက် ထိုသို့တောင်းဆိုရခြင်းဖြစ်ကြောင်း ဗဟိုဘဏ်၏ကြေညာချက်တွင် ဖော်ပြထားသည်။

အစိုးရ ယန္တရားရပ်ဆိုင်းမှုအကျိုးဆက်အနေဖြင့် ဝယ်လိုအားကျဆင်းကာ စီးပွားရေးထိခိုက်လာနိုင်သည့် အခြေအနေကို ရှောင်လွှဲရန် ဗဟိုဘဏ်က ထိုသို့ ကြေညာချက် ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်အင်အားလျှော့ချလိုက်တဲ့ အရှေ့အလယ်ပိုင်းဒေသမှာ ဘာတွေဆက်ဖြစ်လာမလဲ

**ချေးစန္ဒီနွေး**

**တူရကီ၊ အီရန်နဲ့ ရုရှားတို့ပေါင်းပြီး ဆီးရီးယားစစ်ပွဲပြီးဆုံးရေးအတွက် ဆွေးနွေးကြတဲ့အခါ အဲဒီဆွေးနွေးပွဲမှာ အမေရိကန် ပါမလာခဲ့ပါဘူး။ အစ္စရေး-ပါလက်စတိုင်းပြဿနာဟာလည်း နှစ်ပေါင်းများစွာတိုင်အောင် ဖြေရှင်းနိုင်ခြင်းမရှိဘဲ အေးစက်နေပါတယ်။ ဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းဖို့ သမ္မတထရမ့်ရဲ့ အကြံအစည်ဟာလည်း ထွက်ပေါက်မရောက်ဘဲ လမ်းပျောက်နေပါတယ်။**



ဆီးရီးယားနိုင်ငံ မန်းဘစ်ဂျ်မြို့အနီး အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

### ကမ္ဘာပေါ်မှာပြဿနာအများဆုံးဒေသ

အရှေ့အလယ်ပိုင်းဒေသမှာ ဘယ်လိုပြဿနာဆိုးတွေပဲရှိရှိ၊ နောက်ထပ် ဘာပြဿနာမျိုးပဲလာလာ အမေရိကန်ကတော့ ဆီးရီးယားကနေ နောက်ဆုတ်ဖို့ လုပ်နေပါပြီ။ ဆီးရီးယားမှ အမေရိကန်တပ်တွေကို ရုပ်သိမ်းမှု စတင်တဲ့အနေနဲ့ သောကြာနေ့ကပဲ လက်နက်တွေကို စတင်ဖယ်ရှားမှုတွေ ပြုလုပ်နေပြီလို့ အမေရိကန်တပ်ဖွဲ့က ပြောပါတယ်။

အမေရိကန်ဟာ အရှေ့အလယ်ပိုင်းဒေသနဲ့ ကင်းကွာသွားတော့မှာဖြစ်ပြီး ဒီလိုဆိုရင် ကမ္ဘာပေါ်မှာ ပြဿနာအဖြစ်အများဆုံးဒေသဖြစ်တဲ့ အရှေ့အလယ်ပိုင်းမှာ ရိုက်ခတ်မှုကြီးကြီးမားမား သက်ရောက်နိုင်ပါတယ်။ အခုလို အမေရိကန်က နောက်ဆုတ်သွားတဲ့အခါ ရုရှား၊ အီရန်နဲ့ ဒေသတွင်းအင်အားကြီးခေါင်းဆောင်တွေဟာ ဒေသတွင်း အနာဂတ်အတွက် အစီအစဉ်တွေရေးဆွဲဖို့ ခြေလှမ်းတွေစတင်နေပါပြီ။

### အရှေ့အလယ်ပိုင်း၌ အမေရိကန်၏ပါဝင်မှု

စစ်အေးကာလပြီးဆုံးကတည်းက အရှေ့အလယ်ပိုင်းအရေးကိစ္စဟာ အမေရိကန်နိုင်ငံခြားရေးမူဝါဒမှာ ထိပ်ဆုံးကရှိနေခဲ့ပါတယ်။ ၁၉၉၀-၁၉၉၁ ပါရှန်းပင်လယ်ကွေ့စစ်ပွဲ၊ ၂၀၀၃ ခုနှစ် အမေရိကန်တို့က အီရတ်နိုင်ငံအပေါ်ကျူးကျော်မှု၊ အာရပ် နွေဦးတော်လှန်မှု၊ အိုင်အက်စ်စစ်သွေးကြွတွေကို နှိမ်နင်းမှု အစရှိတဲ့ဖြစ်ရပ်တွေမှာ အမေရိကန်က ပါဝင်ခဲ့တာချည်းပါပဲ။ ဒီဒေသမှာ အမေရိကန်တွေရဲ့ သွေးတွေ၊ ဘဏ္ဍာငွေတွေရင်းနှီးခဲ့ရတာတွေလည်း အများကြီးပါပဲ။ ဒီအတွက်လည်း အမေရိကန် ခေါင်းဆောင်တွေမှာ အကြောင်းပြချက်အများကြီးရှိပါတယ်။ အာဏာရှင်စနစ်နေရာမှာ ဒီမိုကရေစီ စနစ်ကိုအစားထိုးဖို့၊ တရားဥပဒေစိုးမိုးမှုကို မြှင့်တင်ဖို့၊ အစိုးရရဲ့ မဟာမိတ်တွေဘက်က ရပ်တည်ပေးဖို့နဲ့ အကြမ်းဖက်မှုကို တိုက်ဖျက်ဖို့ စတဲ့ အကြောင်းပြချက်တွေနဲ့ပဲ လှုပ်ရှားသက်ဝင်ခဲ့ပါတယ်။ အမေရိကန်ဟာ အရှေ့အလယ်ပိုင်းမှာ ပါဝင်ပတ်သက်မှုတွေကို လျှော့ချဖို့ ပြင်ဆင်နေပါတယ်။

ဘာကြောင့်လဲဆိုရင် ကမ္ဘာ့ အခြားနေရာတွေမှာ လုပ်ဆောင်ဖို့ကျန်ရှိနေတာတွေ အများကြီးရှိနေလို့ပါလို့ ကိုလံဘီယာတက္ကသိုလ်မှ အရှေ့အလယ်ပိုင်းအရေးကျွမ်းကျင်သူ ဂယ်ရီစတစ်က ပြောပါတယ်။ ဂယ်ရီစတစ်ဟာသမ္မတသုံးဆက်တိုင်တိုင် အမျိုးသားလုံခြုံရေးကောင်စီမှာ တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်တယ်။

### တပ်ဖွဲ့ဝင်တွေ ပြန်ရုပ်သိမ်းဖို့ဆန္ဒရှိ

သမ္မတ အိုဘားမားလက်ထက်တုန်းကရော၊ အခုလက်ရှိသမ္မတထရမ့်လက်ထက်မှာရော အစိုးရအဖွဲ့ဟာ အရှေ့အလယ်ပိုင်းဒေသအပေါ် အမြင်ချင်းကတော့ အတူတူပါပဲ။ သူတို့ရဲ့စကားလုံးတွေ၊ ပုံစံတွေကွဲပြားပေမယ့် သူတို့နှစ်ဦးစလုံးကတော့ အရှေ့အလယ်ပိုင်းဒေသကို စိတ်အနှောင့်အယှက်ဖြစ်စရာ၊ အမေရိကန်တွေရဲ့ဦးစားပေးအခွင့်အရေးတွေကို စုပ်ယူသွားတဲ့နေရာအဖြစ် ရှုမြင်ကြပါတယ်။ အီရန်ကို အမေရိကန်တို့ ဝင်ရောက်တိုက်ခိုက်ပြီး နှစ်အနည်းငယ်အကြာ အရှေ့အလယ်ပိုင်းက တပ်ဖွဲ့ဝင်တွေကို ပြန်ရုပ်သိမ်းဖို့ ဆန္ဒရှိခဲ့ပါတယ်။

### အစ္စရေးအင်အားတောင့်တင်းလာ

အမေရိကန်ရဲ့စစ်ရေးအရပါဝင်မှုဟာ ပိုပြီးကောင်းအောင် လုပ်လာနိုင်တဲ့ကိစ္စတွေမရှိဘူးလို့လည်း ထင်လာပါတယ်။ ပါရှန်းပင်လယ်ကွေ့က ရေနံတွေ လွတ်လွတ်လပ်လပ်စီးဆင်းဖို့ရာ အမေရိကန်ရဲ့ ကာကွယ်ပေးမှု ဒီထက်ပိုပြီးမလိုအပ်တော့ပါဘူး။ ဥပမာ-ပြည်တွင်းမှာပဲ ထုတ်လုပ်နိုင်မှုကြောင့် အရှေ့အလယ်ပိုင်းက ရေနံအပေါ် မှီခိုအားထားရလွန်းခြင်းကို လျော့နည်းလာစေနိုင်ပါတယ်။ အစ္စရေးဟာလည်း အခုဆိုရင် အရှေ့အလယ်ပိုင်းဒေသမှာအကောင်းဆုံးစစ်ရေးအင်အားကို ပိုင်ဆိုင်ထားပြီး အိမ်နီးချင်းနိုင်ငံတွေ စီးပွားရေးယိုင်နဲ့နေတဲ့အချိန်မှာ အစ္စရေးကတော့ ခိုင်မာတောင့်တင်းတဲ့ စီးပွားရေးအင်အားကို ပိုင်ဆိုင်ထားပါတယ်။ ဒါဟာလည်း စစ်ရေးမှာ အမေရိကန်ကိုမှီခိုအားထားရလွန်းခြင်းကို လျှော့ချနိုင်တဲ့အချက်တစ်ချက်ပါ။

### အကောင်းနဲ့အဆိုး ရောထွေးနေ

အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်ရဲ့ ပါဝင်မှုဟာ ပိုပြီးကောင်းလာတာတွေရှိသလို ဆိုးသွားစေတဲ့ အချက်တွေလည်းရှိပါတယ်။ အကောင်းနဲ့အဆိုးဟာ ရောထွေးနေပါတယ်လို့ မစ္စတာဂယ်ရီစတစ်က ဆက်ပြောပါတယ်။ အမေရိကန်ရဲ့ ပါဝင်မှုကြောင့် ပိုပြီးဆိုးသွားစေတဲ့အရာတွေလည်းရှိခဲ့သလို အမေရိကန်က ဒီဒေသကနေ ဆက်လက်ပါဝင်ခြင်းမရှိတော့ဘဲ နုတ်ထွက်သွားတော့မယ်ဆိုရင်လည်း ဆိုးဆိုးရွားရွားပျက်စီးသွားမယ့်အရာတွေမရှိပါဘူးလို့ သူကဆက်ပြောပါတယ်။

ဒါပေမယ့်လည်း အမေရိကန်ရဲ့ပါဝင်မှုကြောင့် ကောင်းသွားတဲ့ အရာတွေလည်းရှိတယ်ဆိုပြီး အငြင်းပွားကြသူတွေလည်း ရှိပါတယ်။ ဥပမာ-လစ်ဗျားက အာဏာရှင် ကဒါဖီဟာဆိုရင် အမေရိကန်ရဲ့ဖိအားပေးမှုကြောင့် နျူကလီးယားစီမံကိန်းကို လက်လျှော့လိုက်ရတာပါ။ အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်ဟာလည်းအမေရိကန်ရဲ့ပါဝင်မှု နဲ့ အစပြုခဲ့တာပါ။ ဒါပေမယ့် သမ္မတထရမ့်ရဲ့ ဆုံးဖြတ်ချက်ဖြစ်တဲ့ တဲလ်အဗစ်မြို့က အစ္စရေးသံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့လိုက်တာကတော့ ခွင်းချက်တစ်ခုဖြစ်သွားခဲ့ပါတယ်။ ဒီလိုဖြစ်ရပ်ရှိခဲ့တဲ့အတွက် ပါလက်စတိုင်းဟာ အမေရိကန်ကို ယခင်ကအစ္စရေးနဲ့ ပါလက်စတိုင်းကြား စေ့စပ်ပေးသူအဖြစ် လက်ခံထားပေမယ့် အခုအခါမှာတော့ ယုံကြည်မှုတွေ ယိုင်နဲ့လာပါတယ်။ ပြီးတော့ အီဂျစ်နဲ့ဆော်ဒီအာရေဗျကိုလည်း နိုင်ငံရေးအရ ပွင့်လင်းမှုတွေရှိလာအောင် အမေရိကန်သမ္မတ အဆက်ဆက်က ဖိအားပေးခဲ့ပါတယ်။

**“သမ္မတအိုဘားမားလက်ထက်တုန်းက အီဂျစ်မှာ အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့ အရပ်သားရာနဲ့ချီပြီး သတ်ဖြတ်တာခံခဲ့ ရပါတယ်။ အလားတူ ဆော်ဒီအာရေဗျမှာလည်း တစ်မနက်တည်းနဲ့တင် လူပေါင်း ၄၇ ဦးကို သုတ်သင်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီနှစ်နိုင်ငံစလုံးဟာ ဘယ်အရေးယူပိတ်ဆို့မှုနဲ့မှ မကြုံခဲ့ရပါဘူး။ အဲဒီလိုဖြစ်ရပ်တွေကြောင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့မှာ ချန်ပီယံလို့ ကြွေးကြော်နိုင်ခဲ့တဲ့ အမေရိကန်ဟာ အရှေ့အလယ်ပိုင်းဒေသမှာတော့ ဂုဏ်သိက္ခာကျဆင်းခဲ့ရ”**

### ဂုဏ်သိက္ခာကျဆင်း

လက်ရှိအမေရိကန်သမ္မတ ထရမ့်ဟာ လူ့အခွင့်အရေးအကြောင်း အပြောနည်းပေမယ့် အမေရိကန်ပြည်ထောင်စုဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးမှာ ချန်ပီယံပဲလို့ ပြောစမှတ်ပြုဆဲပဲလို့ သုတေသီတွေက ပြောပါတယ်။ သမ္မတအိုဘားမားလက်ထက်တုန်းက အီဂျစ်မှာ အာဏာသိမ်းမှုကို ဆန့်ကျင်တဲ့ အရပ်သားရာနဲ့ချီပြီး သတ်ဖြတ်တာခံခဲ့ရပါတယ်။ အလားတူ ဆော်ဒီအာရေဗျမှာလည်း တစ်မနက်တည်းနဲ့တင် လူပေါင်း ၄၇ ဦးကို သုတ်သင်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီနှစ်နိုင်ငံစလုံးဟာ ဘယ်အရေးယူ ပိတ်ဆို့မှုနဲ့မှ မကြုံခဲ့ရပါဘူး။ အဲဒီလိုဖြစ်ရပ်တွေကြောင့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့မှာ ချန်ပီယံလို့ ကြွေးကြော်နိုင်ခဲ့တဲ့ အမေရိကန်ဟာ အရှေ့အလယ်ပိုင်းဒေသမှာတော့ ဂုဏ်သိက္ခာကျဆင်းခဲ့ရပါတယ်။ ဒီလိုမျိုးစံနှုန်းတွေ ဆုံးရှုံးသွားတာဟာဆိုရင် ဝမ်းနည်းစရာကောင်းလှပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ သူ့ရဲ့စံနှုန်းတွေကို ဒီထက်ပိုပြီး ထိန်းမထားနိုင်တော့ဘူးလို့ ကာနီဂီအရှေ့အလယ်ပိုင်းစင်တာမှ ညွှန်ကြားရေးမှူး မဟာရာရာ က ပြောပါတယ်။

### ကွက်လပ်ဖြည့်ဖို့ ကြိုးစား

အာရပ်အုပ်ချုပ်သူတွေမှာ လူ့အခွင့်အရေးချိုးဖောက်လို့ ဘာမှမဖြစ်ဘူးဆိုပြီး အတွေးတွေဝင်လာတဲ့အချိန် အမေရိကန်က ဒီလိုနောက်ဆုတ်သွားတော့ ဒေသတွင်းအာဏာတွေဟာ အခြားနိုင်ငံတွေအပေါ် လွှဲပြောင်းသွားပါတယ်။ အမေရိကန်က သိပ်ပြီးအရေးတယူမလုပ်တော့ ဆော်ဒီကလည်း ယီမင်နိုင်ငံကို ကျူးကျော်လာနိုင်တယ်။ ရှည်ကြာတဲ့ ပြည်တွင်းစစ်ဖြစ်လာပြီး ကမ္ဘာပေါ်မှာ အဆိုးရွားဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာဖြစ်လာတယ်။ အီရန်ကလည်းဆီးရီးယား၊ အီရတ်၊ လက်ဘနွန်၊ ယီမင်တို့မှာ စစ်ရေးအရ ချည်နှောင်မှုတွေအများကြီး လုပ်လာနိုင်တယ်။ အမေရိကန်က ဆီးရီးယား အရှေ့ပိုင်းကနေ ဆုတ်ခွာလာတာဟာဆိုရင် ရုရှား၊ တူရကီနဲ့ အီရန်တို့ကြား အမေရိကန်ရဲ့ကွက်လပ်ကို ဖြည့်ဆည်းဖို့ ကြိုးစားမှုတွေ ပေါ်ပေါက်လာတယ်။

### နှိုင်းယှဉ်မှုတွေလုပ်လာ

အမေရိကန်ဟာ ဆီးရီးယားက သူ့ရဲ့တပ်ဖွဲ့ဝင်တွေကို ပြန်ခေါ်တော့မယ်လို့ ကြေညာပြီးတဲ့နောက် သုတေသီတွေဟာ သမ္မတအိုဘားမားလက်ထက် အီရတ်က တပ်ဖွဲ့ဝင်တွေကို ရုပ်သိမ်းဖို့စီစဉ်ခဲ့တဲ့ ဆုံးဖြတ်ချက်နဲ့ နှိုင်းယှဉ်မှုတွေ ပြုလုပ်လာကြတယ်။ အီရတ်မှာတုန်းကလည်း အမေရိကန်ရဲ့စစ်ရေးအရ ပါဝင်မှုဟာ ဒီထက်ပိုပြီး အရေးမပါတော့ဘူးဆိုတာ သိလာတဲ့နောက် တပ်ဖွဲ့ဝင်တွေပြန်ခေါ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒီလို ဆုံးဖြတ်ပြီး နှစ်အနည်းငယ်အတွင်းမှာပဲ အစွန်းရောက်တွေ အားကောင်းပြီး အကြမ်းဖက်မှုတွေ ပြန်လည်ခေါင်းထောင်လာခဲ့တယ်။ အဲဒီနောက် အိုင်အက်စ်ဆိုပြီး ဖြစ်လာခဲ့တယ်။ အဲဒီအခါမှာ အမေရိကန်ရဲ့စစ်ဆင်ရေးတွေ ပြန်လုပ်လာရတယ်။ အခုတစ်ခါ ဆီးရီးယားက တပ်ဖွဲ့ဝင်တွေ ရုပ်သိမ်းတဲ့အခါမှာရော နောက်ဆက်တွဲဘာတွေဖြစ်လာမှာလဲဆိုပြီး စိုးရိမ်သူတွေလည်းရှိနေကြပါတယ်။ ॥ **ကိုးကား -နယူးယောက်တိုင်းမ်**

# မွန်ပြည်နယ်မှ ကတိုက်ရေလှောင်တမံနှင့် ရင်းငြိမ်ရေထိန်းတံခါးတို့ကြောင့် တောင်သူများ စီးပွားတိုးကာ အကျိုးများနေ

ပေါင် ဇန်နဝါရီ ၁၃

**မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်အတွင်းရှိ ကတိုက်ရေလှောင်တမံမှ ဆည်ရေဖြင့် နွေစပါးများ စိုက်ပျိုးနေပြီဖြစ်သည်။ ရေပေးဝေရာတွင် ကတိုက်ရေလှောင်တမံ၏ ဆည်ရေကို တူးမြောင်းမကြီးဖြင့် သယ်ဆောင်လာကာ ရင်းငြိမ်ရေထိန်းတံခါးမှ တစ်ဆင့် သိုလှောင်ထိန်းသိမ်းလျက် နွေစပါးစိုက်ကွင်းများအတွင်းသို့ ရေပေးဝေလျက်ရှိကြောင်း၊ ရင်းငြိမ်ရေထိန်းတံခါးမှာ မိုးရာသီတွင် မိုးစပါးများ ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးခြင်း၊ နွေရာသီတွင် နွေစပါးရေပေးဝေနိုင်ရေးအတွက် ရေချိုများ သိုလှောင်ပေးခြင်း စသည့် Double Function ဖြင့် အကျိုးပြုလျက်ရှိကြောင်း သိရှိရသည်။**

ကတိုက်ရေလှောင်တမံမှ ဆည်ရေဖြင့်နွေစပါးစိုက်ပျိုးရာတွင် မိုးစပါးထက် အထွက်နှုန်း ပိုမိုကောင်းမွန်ခြင်း၊ စပါးဈေးနှုန်းများ ကောင်းလာခြင်းတို့ကြောင့် ဒေသခံလယ်သမားများအကျိုးများလာသဖြင့် စိုက်ကေများတဖြည်းဖြည်းတိုးပွားလာနေပြီဖြစ်သည်။ မူလစိစစ်ပြီး ဆည်ရေသောက်ဧရိယာမှာ ဧက ၁၀၀၀၀ သာဖြစ်သော်လည်း ဒေသခံလယ်သမားများမှာ တွက်ခြေကိုက်သော နွေစပါးစိုက်ပျိုးရန် စိတ်အားထက်သန်မှုများကြောင့် ပြည်နယ်အစိုးရအဖွဲ့၏ ညှိနှိုင်းဆုံးဖြတ်မှုအရ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၆၉၇၃ ဧကပိုမိုလာကာ စုစုပေါင်း ၁၆၉၇၃ ဧက စိုက်ပျိုးခဲ့ပြီး ရာနှုန်းပြည့်အောင်မြင်ခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ခုနှစ်တွင်လည်း ယင်းဧကအတိုင်းပင် စိုက်ပျိုးရန်လျာထားသတ်မှတ်စိုက်ပျိုးနေပြီ ဖြစ်သည်။

မူလထက်နွေစပါးစိုက်ဧရိယာများပြားလာသဖြင့် ရေဖူလုံစိတ်ချစွာပေးဝေနိုင်ရေးအတွက် ကတိုက်ရေလှောင်တမံ၏ ရေပိုလွှဲပေါ်တွင် (၃ ' - ၀ ") အမြင့်သဲအိတ်ဆင့်စီ၍ ရေပိုမိုသိုလှောင်ခြင်း၊ ရင်းငြိမ်ရေထိန်းတံခါးနှင့် လက်တက်ချောင်းများကို မိုးအကုန်တွင် အချိန်မီပိတ်ဆို့၍ ရေသိုလှောင်ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နွေစပါးစိုက်ပျိုးရေး စတင်မပေးဝေမီ တစ်လခန့်အလိုတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအဖွဲ့များ၊ မိတ်ဖက်ဌာနဆိုင်ရာများ၊ နွေစပါးစိုက်တောင်သူလယ်သမားများနှင့် ကြိုတင်တွေ့ဆုံ ညှိနှိုင်းကာ နွေစပါး စတင်ရေပေးဝေမည့်ရက်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးအပတ်အတွင်း သတ်မှတ်ခဲ့ကာ ရေပေးဝေလျက်ရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သောင်း က ပြောသည်။

သတ်မှတ်နွေစပါး စိုက်ကေများ ရာနှုန်းပြည့်အောင်မြင်စေရေးအတွက် ရနိုင်သမျှ ရေအရင်းအမြစ်များကို အချိန်မီ ပိုမိုသိုလှောင်ထိန်းသိမ်းခြင်း၊ သက်တမ်းတို စပါးမျိုးများ အသုံးပြုစိုက်ပျိုးခြင်း၊ စတင်စိုက်ပျိုးချိန်ကွာဟမှု နည်းပါးအောင် ကြိုးပမ်းခြင်း စသည့်လုပ်ငန်းများအား ဒေသအာဏာပိုင်၊ ဌာနဆိုင်ရာနှင့် တောင်သူလယ်သမားများ စုပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း ဦးစီးအရာရှိဦးတင်ဝင်းလှိုင်က ပြောသည်။



မွန်ပြည်နယ်သည် မိုးရေချိန်များပြားသော်လည်း နွေရာသီတွင် ရေချိုလိုအပ်မှုရှိသဖြင့် ကတိုက်ရေလှောင်တမံမှ ဆည်ရေဖြင့် နွေစပါးအတွက်သာမက သောက်သုံးရေနှင့် နွေရာသီ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက်ပါ အသုံးပြုနိုင်သဖြင့် ကတိုက်ရေလှောင်တမံနှင့်ရင်းငြိမ်ရေထိန်းတံခါးတို့သည် ဒေသခံများအတွက် လွန်စွာအကျိုးပြုလျက်ရှိပါကြောင်း တင်ပြလိုက်ရသည်။

**မြန်မာ့အလင်း**

# ကော်ဖီစိုက်တောင်သူများအတွက် အရည်အသွေးမြင့် အထူးတန်းဝင် ကော်ဖီစိုက်ပျိုးထုတ်လုပ်နည်းပညာများ ပို့ချပေး

**တာချီလိတ် ဇန်နဝါရီ ၁၃**

မြန်မာ့အရည်အသွေးမြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်ကော်ဖီ အသီးခူးရာသီဖြစ်သော ဒီဇင်ဘာမှ မတ်လအထိ ကာလများတွင် စိုက်ပျိုးရေးဦးစီးဌာန ကျွမ်းကျင်ပညာရှင်များက ဒေသအရောက်နည်းပညာပေး သင်တန်းများ သင်ကြားပို့ချပေးလျက်ရှိသည်။

ကော်ဖီစိုက်ပျိုးဧက အများဆုံးဖြစ်သည့် ရှမ်းပြည်နယ်အတွင်း အထူးတန်းဝင်ကော်ဖီထုတ်လုပ် နည်းပညာသင်တန်းကို တာချီလိတ်မြို့နယ်တွင် ဇန်နဝါရီ ၉ ရက်မှ ၁၀ရက်အထိ ကျင်းပခဲ့ရာ ကော်ဖီစိုက်ပျိုးပြုစုနည်း၊ ဆွတ်ခူးချိန်နှင့် နောက်ဆက်တွဲ လုပ်ငန်းစဉ်များတွင် လိုက်နာရမည့် နည်းပညာများ ဆွေးနွေးပို့ချပေးခဲ့သည်။ တောင်သူ ၁၀၉ ဦး တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်တို့က အမှာစကားပြောကြားပြီး ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ မြန်မာ့ကော်ဖီ၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်မဲခေါင်မြစ်ဝှမ်း ငါးနိုင်ငံဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများပါဝင်သည့် လန်ချန်း-မဲခေါင် အထူးရန်ပုံငွေဖြင့် စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို အသိပေးကြေညာခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက လန်ချန်း - မဲခေါင်စီမံကိန်းဧရိယာတွင် တာချီလိတ်မြို့နယ် ပါဝင်မှုနှင့် စီမံကိန်း၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



**ပေးအပ်**

အဆိုပါ အခမ်းအနားတွင် ကော်ဖီလက်စွဲစာအုပ်၊ ကော်ဖီအခွံချွတ်စက်၊ ကော်ဖီ GAP စာအုပ်၊ ကော်ဖီမျိုးစေ့များကို တာဝန်ရှိသူတို့က တက်ရောက်လာသော တောင်သူများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**

# GAP စနစ် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်

**မင်းဘူး ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊မင်းဘူး(စကု) မြို့နယ်တွင် GAP စနစ်ဖြင့် ပဲတီစိမ်းသီးနှံစိုက်ပျိုးသော တောင်သူများကို ပဲတီစိမ်း GAP အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ဇန်နဝါရီ ၁၁ ရက်က မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးရုံးတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်းက မင်းဘူး(စကု) မြို့နယ်တွင်း ပဲတီစိမ်းသီးနှံကို GAP စနစ်ဖြင့် ဌာနကအသိအမှတ်ပြုအားပေးသည့်အတွက် တောင်သူများအနေဖြင့် GAP စနစ်အသုံးပြု၍ ကြိုးစားဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း၊ မကွေး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက မင်းဘူးမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူ ၁၅ ဦးကို ပဲတီစိမ်း GAP အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# ဆောင်းသီးနှံများတွင် ပိုးမွှားကျရောက်မှု ကွင်းဆင်းစစ်ဆေး

**ဂန့်ဂေါ ဇန်နဝါရီ ၁၃**

ဂန့်ဂေါမြို့နယ်အတွင်း စိုက်ပျိုးထားသော ဆောင်းသီးနှံများတွင် ပိုးမွှားရောဂါကျရောက်မှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများသည် စိုက်ခင်းများအရောက် ဇန်နဝါရီ ၁၂ ရက်မှစတင်ကာ ကွင်းဆင်းစစ်ဆေးပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးမြင့်ဇော်နှင့်အဖွဲ့သည် ဟံသာဝတီကျေးရွာနှင့် မြောက်ခင်ရန်းကျေးရွာတို့ရှိ တောင်သူများနှင့်တွေ့ဆုံ၍ ပိုးမွှားအန္တရာယ်ကို သတိပြုစောင့်ကြည့်ပြီး လိုအပ်သည့် ကာကွယ်နှိမ်နင်းမှုများကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **စိန်ကျော်**

# ဈေးကောင်းရသည့် ဝါသီးနှံကို တောင်သူများ ပိုမိုစိုက်ပျိုးလာ

**မကွေး ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီးတွင် ဆောင်းကာလကြားသီးနှံအဖြစ် ဈေးကောင်းရနေသည့်ဝါသီးနှံကို တောင်သူများကပိုမိုစိုက်ပျိုးလာသည့်အတွက် ဝါသီးနှံစိုက်ဧကပေါင်း ၁၈၀၀၀၀ ကျော်အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

ယခုနှစ်ဆောင်းရာသီတွင် ဝါစိုက်ပျိုးမှုအနေဖြင့် မကွေးခရိုင်တွင် ၇၃၈၅၄ ဧက၊မင်းဘူးခရိုင်တွင် ၂၅၃၈၈ ဧက၊ သရက်ခရိုင်တွင် ၇၉၉၉၄ ဧက၊ ပခုက္ကူခရိုင်တွင် ဧက ၈၁၈၀၊ ဂန့်ဂေါခရိုင်တွင် သုံးဧက စုစုပေါင်းစိုက်ဧက ၁၈၇၄၁၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းတွင် ဝါသီးနှံမျိုးများအနေဖြင့် အထွက်နှုန်းကောင်းသည့် ရွှေတောင်(၈)နှင့် ငွေချည်(၉)ကိုသာအစိုက် များကြပြီး ဝါဈေးနှုန်းအနေဖြင့် ယခင်က တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀ မှ ၁၂၀၀ အထိရှိသော်လည်း ယခုလက်ရှိတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ အထိပေါက်သည့်အတွက် တွက်ခြေကိုက်သောကြောင့် ဝါသီးနှံကို ဆောင်းကာလကြားသီးနှံအဖြစ် စိုက်ပျိုးခြင်းဖြစ်ကြောင်း ဝါစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးဌာနအစီအစဉ်ဖြင့် မျိုးကောင်းမျိုးသန့်များထိန်းသိမ်းဝယ်ယူခြင်း၊ ဝယ်ယူရရှိသည့်ဝါဂွမ်းများကို အစေ့ထုတ်၍ မျိုးသန့်အဖြစ် တိုင်းဒေသကြီးအတွင်းတွင် ပြန်လည်အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ထားကြောင်းနှင့် ယခင်က ရပ်ဆိုင်းထားသည့် စကုမြို့ရှိ ဝါစက်ရုံကိုလည်း မျိုးစေ့ထုတ်လုပ်ငန်းအတွက် လည်ပတ်နိုင်ရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

“ယခုနှစ်ဝါသီးနှံကို ပညာပေးလုပ်ဆောင်မှုနဲ့ ဈေးကွက်သတင်းလုပ်ဆောင်မှုတွေကြောင့် တောင်သူတွေက ဝင်ငွေအခွင့်အလမ်းရနိုင်မယ့် ဝါသီးနှံကို ပိုပြီး စိတ်ဝင်စားလာကြတယ်။ အထွက်နှုန်းကောင်းတဲ့ ရွှေတောင်(၈)နဲ့ ငွေချည်(၉)ကို အစိုက်



များကြတဲ့အတွက်လည်း အထွက်နှုန်းက စိတ်ချရတဲ့ အနေအထား တွေ့ရတယ်။ ရာသီဥတုစိန်ခေါ်မှုကို အန်တုနိုင်တဲ့အတွက်လည်း မိုးကြိုနှမ်း၊ ပဲတီစိမ်းစိုက်မယ့်နေရာတွေမှာ ဝါသီးနှံစိုက်မယ်ဆိုရင် တောင်သူအတွက် ဝင်ငွေသေချာတဲ့ သီးနှံတစ်ခုဖြစ်လာနိုင်ပါတယ်” ဟု တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

**မေသူလွင်(မကွေး)**

# ရန်ကုန် - ရေး - ထားဝယ် - မြိတ် အာဆီယံကုန်သွယ်ရေးလမ်းပိုင်း စတင်ခင်း

**ရေး ဇန်နဝါရီ ၁၃**

ရန်ကုန်-ရေး-ထားဝယ်-မြိတ်လမ်း အာဆီယံကုန်သွယ်ရေးလမ်းပိုင်းကို ပြည်နယ်လမ်းဦးစီးဌာနဘတ်ဂျက် ၂၀၁၈ - ၂၀၁၉ ခုနှစ်မှ ကျပ်သန်းပေါင်း ၃၅၀၀ အကုန်အကျခံကာ နိုင်လွန်ကတ္တရာလမ်းပိုင်းအဖြစ် ဇန်နဝါရီ ၁၀ ရက်မှစ၍ စတင်ခင်းကျင်းနေပြီဖြစ်ကြောင်း သိရသည်။

လမ်းပေအရှည် ခုနစ်မိုင်မှာ အာဆီယံလမ်းပိုင်းဖြစ်သည့် မွန်ပြည်နယ် ရေးမြို့နယ်ရှိ အဏ္ဏဝါရပ်မှ စုံနံ့ကျေးရွာအထိ နိုင်လွန်ကတ္တရာလမ်းကို မော်လမြိုင်ခရိုင်လမ်းဦးစီးက မတ်လအထိ တာဝန်ယူခင်းကျင်းပေးနေကြောင်း သိရသည်။

အာဆီယံကုန်သွယ်ရေး လမ်းပိုင်းလည်းဖြစ်သည်နှင့်အညီ အများပြည်သူများ သွားလာရာတွင် ယခင်ထက် လျင်မြန်အဆင်ပြေ ချောမွေ့မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း၌ ရေးမြို့နယ် လမ်းဦးစီးဌာနမှ ငွေကျပ်သန်း ၈၀ ကုန်ကျမည့် ပျက်စီးနေသည့် လမ်းပိုင်းကို ထပ်မံခင်းကျင်းပေးနေကြောင်း လမ်းဦးစီးဌာနထံမှ သိရသည်။

**နေမျိုးထွဋ် (ရေး)**



# သားအိမ်ခေါင်းကင်ဆာရောဂါ အကြိုအဆင့်ကို အခမဲ့စမ်းသပ်ကုသပေး

**မူဆယ် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ယမန်နေ့က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်း၌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းမြင့်ရွှေ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သားအိမ်ခေါင်းကင်ဆာရောဂါ အကြိုအဆင့်ကို အခမဲ့ စမ်းသပ်ကုသပေးကြောင်း သိရသည်။

အဆိုပါ ကုသမှုသည် ပြည်နယ်အမျိုးသမီးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ကုသပေးခြင်းဖြစ်ပြီး မူဆယ်ခရိုင်အတွင်း ကွင်းဆင်း၍ ပြည်သူလူထု အခြေပြုကာ သားအိမ်ခေါင်းကင်ဆာ(အကြိုအဆင့်) ကုသစစ်ဆေးမှုအား မူဆယ်ခရိုင် သားဖွားမီးယပ်ဆရာဝန်ကြီးများကိုယ်တိုင် အခမဲ့ကုသပေးနေကြောင်း သိရသည်။

"သားအိမ်ခေါင်းကင်ဆာဟာ မြန်မာနိုင်ငံမှာ ဒုတိယအဖြစ်အများဆုံးနဲ့ အသေအပျောက်အများဆုံး ရောဂါဖြစ်ပြီး ဒီရောဂါဖြစ်တဲ့ အမျိုးသမီးတွေဟာ အသက်အန္တရာယ် သေဆုံးတဲ့အထိ ဖြစ်လာနိုင်ပါတယ်။ ဒါပေမယ့် ကြိုတင်သိရှိရင်တော့ ရောဂါကို ကုလို့ရပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့က အကြိုအဆင့်ကို စစ်ဆေးစမ်းသပ်မှု ပြုလုပ်ပေးနေပါတယ်။ ဒီရောဂါစမ်းသပ်နိုင်ဖို့ ကျွန်မတို့အမျိုးသမီးရေးရာအဖွဲ့တွေနဲ့ ကျန်းမာရေးဌာနမှ ဝန်ထမ်းတွေက သင်တန်းတက်ရပါတယ်။ ကမ္ဘောဇဖောင်ဒေးရှင်းက အမျိုးသမီးရေးရာအဖွဲ့ကို ဒီရောဂါကုသဖို့ စက်နှစ်လုံးလှူဒါန်းပေမယ့် ကျွန်မတို့က ပညာရှင်မဟုတ်တဲ့အတွက် ပညာရှင်ဖြစ်တဲ့ ကျန်းမာရေးဌာနတွေနဲ့ စမ်းသပ်ကုသပေးနေပါတယ်"ဟု ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က ပြောသည်။



သားအိမ်ခေါင်းကင်ဆာရောဂါ စမ်းသပ်ကုသမှုကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ဥက္ကဋ္ဌ ဒေါ်နန်းမြအေးနှင့် မူဆယ်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ကျန်းမာရေးဦးစီးဌာနမှ မီးယပ်သားဖွားဆရာဝန်ကြီး၊ မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး အဆိုပါစမ်းသပ်ကုသမှုကို ဇန်နဝါရီ ၁၂ ရက်မှ ၁၃ ရက်အထိ နှစ်ရက်ကြာ စမ်းသပ်ကုသပေးခဲ့ကြောင်း သိရသည်။

**ဆိုင်ဖြူ(မူဆယ်)**

# မြန်မာနိုင်ငံအကြောအဆစ်ပညာရှင်များအသင်း ကျန်းမာရေး အခမဲ့ပြုစု ကုသပေး

**ပုဂံ ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံကျေးလက်နေပြည်သူများ သက်ရှည်ကျန်းမာပြီး မိသားစုဘဝ စိတ်အေးချမ်းသာစွာ နေထိုင်သွားနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအကြောအဆစ်ပညာရှင်များအသင်းမှ ဒေါက်တာဒေါ်မိမိရီ ဦးဆောင်သော အကြောအဆစ်ပညာရှင် ၄၅ ဦးအဖွဲ့သည် ပုဂံမြို့ပန်းတော်ကုသိုလ်ပြု ဆေးခန်းတာဝန်ခံ ဒေါ်မော်မော်အောင် ဦးဆောင်သော ကျန်းမာရေးဆရာဆရာမများအဖွဲ့နှင့် ပူးပေါင်း၍ ယမန်နေ့က ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်သို့ လာရောက်ပြီး ဒေသခံကျေးလက်နေပြည်သူများကို အခမဲ့ကျန်းမာရေး ပြုစုကုသခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအကြောအဆစ်ပညာရှင်များအသင်းမှ ဒေါက်တာဒေါ်မိမိရီနှင့် အကြောအဆစ်ပညာရှင် ၄၅ ဦးအဖွဲ့က ပုဂံမြို့ပန်းတော်ကုသိုလ်ပြုဆေးခန်းမှ တာဝန်ခံ ဒေါ်မော်မော်အောင် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းအဖွဲ့နှင့်အတူ ပုဂံညောင်ဦးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် အနီးဝန်းကျင်ကျေးရွာများမှ လာရောက်ပြသသည့် လေဖြတ်ရောဂါဝေဒနာရှင်၊ ဒူးနာခါးနာဝေဒနာရှင်၊ အရိုးကျိုးပေါင်းရောဂါနှင့်



ကလေးပိုလီယို ရောဂါဝေဒနာရှင် ၁၁၀၀ ကို ကျန်းမာရေး စမ်းသပ်စစ်ဆေးပြီး ဆေးဝါးများဖြင့် အခမဲ့ပြုစုကုသပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၃-၁-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၉၀ | ကျပ် | ၉၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၉၀၀ | ကျပ် | ၉၁၀/၉၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၆၄၅/၇၁၀ | ကျပ် | ၇၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၉၀ | ကျပ် | ၈၃၅/၈၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၁ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၆၁ ・ ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၃၂ ・ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၅၂ ・ ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၁၂ ・ ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၉ ・ ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၅ ・ ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ ・ ၇၃၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၆ ・ ၉၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၃ ・ ၃၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ ・ ၉၁၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ဓမ္မစကူးလ်ကျောင်း သွားကြမယ်

**အေးအေးသန်း(ခရမ်း)**

"မမရေ- ကီလီမရေ"

အိမ်ရှေ့မှ ခေါ်သံကြားရသည်။ စာရေးသူအိပ်ရာမှ လူးလဲထ၍ အခန်းပြင်သို့ ထွက်ရသည်။

"ဩော် - ညီမတို့ပါလား။ လာကြ။ လာကြ။"

စာရေးသူ၏ ညီမ မခင်ဝင်းတို့ မိသားစု စာရေးသူကို လာကန်တော့ကြခြင်းဖြစ်ပါသည်။

"မမတစ်ယောက်တည်းလား"

"အေး ဟုတ်တယ်"

"ကီလီမ ဘယ်သွားနေလို့လဲ"

"သမီးက ဒီနေ့ တနင်္ဂနွေမို့လို့ ဓမ္မစကူးလ်သွားတယ်လေ"

"ဖြစ်မှဖြစ်ရလေ မမရယ်။ မိခင်ဝေဒနာသည်ကြီးကို ပစ်ထားပြီး ဓမ္မစကူးလ်မှာ စာသွားသင်ရတယ်လို့။ ရွှေတံဆိပ်ရမှာမို့လား။ နိဗ္ဗာန်ကို ချက်ချင်းပဲ ရောက်တော့မယ့်အတိုင်း"

**လူသားတွေအကျင့်ပျက်လာကြ**

ညီမက သူ့ထုံးစံအတိုင်း ဟောဟောဒိုင်းဒိုင်း ရင်ထဲရှိတာ ပြောချလိုက်ခြင်းဖြစ်ပါသည်။ စာရေးသူမှာ အသက် ၈၀ ကျော်ပါ။ နာတာရှည်ရောဂါသည်တစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူကို ပစ်ထားရက်သည်ဟု ကရုဏာနှင့် ပြောခြင်းပါ။

"ကဲပါအေ ထိုင်ကြ၊ အမောဖြေကြပါဦး။ ဒီမှာ ရေနွေး၊ ကော်ဖီသောက်ကြ၊ မုန့်တွေက ဒီမှာကြိုက်ရာစားကြ။ သစ်သီးတွေလည်း ရှိတယ်။ အအေးလည်း ရှိတယ်။ စားကြပါဦး။ စားရင်းပဲ မမရှင်းပြတာ နားထောင်ကြပါကွယ်"

"အိမ်အကူလည်း မရှိဘဲ ဒီလောက်ရောဂါသည်ကြီးကို အိမ်ကြီးတစ်လုံးထဲ ထားပစ်ခဲ့တယ်၊ စိတ်ချနိုင်စရာ မရှိဘူး"

"အေး ဒါတော့ ဒါပေ့ါ ညီမရယ်၊ သူကလည်း တောင်းတောင်းပန်ပန်၊ သမီးလည်း အခြားကုသိုလ်တွေ ဘာမှ မလုပ်နိုင်လို့ ဒီလုပ်အား အလှူလေးနဲ့ ကုသိုလ်ယူပါရစေ ပြောရှာပါတယ်"

"သီတဂူဆရာတော်ကြီးက ယခုခေတ်ကြီးက ကလိယုဂ်ခေတ်ကြီးဖြစ်နေပြီ၊ သူယုတ်မာတရား ၁၈ ပါးလုံး ထွန်းကားလာနေပြီတဲ့။

"ကမ္ဘာပေါ်မှာ သူယုတ်တရား ၁၈ ပါးလုံး ထွန်းကားနေပြီတဲ့။ ဖခင်ကို လုပ်ကျွေးစရာမလိုဘူး။ မိခင်ကို လုပ်ကျွေးစရာမလိုဘူး။ သက်ကြီးရွယ်အိုများကို ရိုသေလေးစားစရာမလိုဘူး စသည်ဖြင့် လူသားတွေ အကျင့်ပျက်လာကြပြီတဲ့။

"တို့နိုင်ငံကိုလည်း ဒီသူယုတ်မာတရားတွေ ပြန့်ပွားကူးစက်လာနေပြီတဲ့။ ဒါကို တားဆီးကာကွယ်နိုင်ဖို့၊ သူတော်ကောင်းတရားတွေကို ထိန်းသိမ်းနိုင်ဖို့ ဗုဒ္ဓရဲ့ အဆုံးအမ သာသနာပိုမိုထွန်းကားခိုင်မာဖို့ အရေးကြီးနေပါပြီတဲ့။

**လေးချောင်းထောက်ရမည့် ဒေါက်တိုင်များ**

"ဒါကြောင့် မျိုးဆက်သစ်လူငယ်တွေ အသိအလိမ္မာရှိစေဖို့၊ ယဉ်ကျေးကြစေဖို့ မြတ်ဗုဒ္ဓရဲ့ တရားဓမ္မကို သက်ဝင်နာခံတတ်စေရန် လိုအပ်နေပါပြီတဲ့။

"တိုင်းပြည်အနာဂတ်ကို ပိုင်ဆိုင်မယ့် မျိုးဆက်သစ်လူငယ်တွေကို ပြုပြင်ထိန်းသိမ်းပြီး သူယုတ်တရားတွေ ထွန်းကားနေတဲ့ ကလိယုဂ်ခေတ်ကို တွန်းလှန်ဖို့ အရေးကြီးနေပါပြီတဲ့။ ကလိယုဂ်ခေတ်ဆိုးကြီးကို တွန်းလှန်ကာကွယ်ဖို့ လေးချောင်းထောက် ကူညီပံ့ပိုးမှုနဲ့ ဝိုင်းဝန်းကြိုးပမ်းဖို့ပါတဲ့။"

လေးချောင်းထောက်ရမည့် ဒေါက်တွေကတော့-

(၁) သာသနာ့ဝန်ဆောင် ရှင်ရဟန်းများမှာလည်း တာဝန်ရှိပါတယ်။ ရဟန်းတော်များ၏ အားဟူသော ဒေါက်နဲ့လည်း ထောက်ရမှာပါ။

> **"တိုင်းပြည်အနာဂတ်ကို ပိုင်ဆိုင်မယ့် မျိုးဆက်သစ်လူငယ်တွေကို ပြုပြင်ထိန်းသိမ်းပြီး သူယုတ်တရားတွေ ထွန်းကားနေတဲ့ ကလိယုဂ်ခေတ်ကို တွန်းလှန်ဖို့ အရေးကြီးနေပါပြီတဲ့။ ကလိယုဂ်ခေတ်ဆိုးကြီးကို တွန်းလှန်ကာကွယ်ဖို့ လေးချောင်းထောက်ကူညီပံ့ပိုးမှုနဲ့ ဝိုင်းဝန်းကြိုးပမ်းဖို့ပါတဲ့"**

(၂) ယနေ့ ထွန်းကားနေသော လူမှုရေးအဖွဲ့များ၏ ထောက်ပံ့ခြင်းဆိုတဲ့ ဒေါက်လည်း တစ်ချောင်းပါ။

(၃) တတိယဒေါက်ကတော့ နိုင်ငံတော်အစိုးရ၏ ကူပံ့မှုဒေါက်။

(၄) စတုတ္ထဒေါက်ကတော့ ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှားကူညီပံ့ပိုးခြင်းဆိုတဲ့ ဒေါက်ပါ။

"ဒီဒေါက်လေးချောင်းနှင့် စုပေါင်းညီညာထောက်ကြပါမှ မြန်မာနိုင်ငံရဲ့ ဘာသာ သာသနာယဉ်ကျေးမှု လူမှုထုံးချွန်မှု တိုင်းပြည်ရဲ့ ခိုင်မာတိုးတက်မှု တည်တံ့မှာ ဖြစ်ပါတယ်တဲ့။ ဒါကြောင့် ဆရာတော်တွေလည်း ဦးဆောင်ပါဝင်ပြီး ဓမ္မစကူးလ်ကျောင်းတွေ ဖွင့်လှစ်တည်ထောင်တယ်။ လူငယ်တွေ လိမ္မာယဉ်ကျေးပြီး တိုင်းပြည်အတွက် ခေါင်းဆောင်ကောင်းတွေ ပေါ်ထွန်းလာအောင် ကြိုးစားနေကြတာပါ ညီမတို့ရယ်။ သမီးလေးဆို ဓမ္မစကူးလ်သင်ကြားဖို့ နည်းပြသင်တန်းလည်း တက်ထားတယ်။ ဓမ္မစကူးလ် ဖောင်ဒေးရှင်းက မြို့တိုင်းရွာတိုင်းကို လာရောက်ပြီး သင်တန်းနည်းပြတွေနဲ့ စနစ်တကျ ပို့ချပေးခဲ့တာ။

**ကြည်နူးပျော်ရွှင်စရာ**

"သမီးဆိုရင် ယခု သွားသင်ကြားပေးနေတဲ့ ခရမ်းမြို့ အောင်ဓမ္မရိပ်သာရဲ့ ဓမ္မစကူးလ်ကျောင်းကြီးမှာ လေးနှစ်တိုင်တိုင် လုပ်အားအလှူပေးပြီး ကုသိုလ်တွေယူနေတယ်။ ခရမ်းမြို့ပေါ်က ကျောင်းပေါင်းများစွာနဲ့ ခရမ်းပိုင်ရွာတိုင်းမှာ ဓမ္မစကူးလ်ကျောင်းတွေ ဖွင့်လှစ်သင်ကြားပေးနေကြပါပြီ။ တာဝန်ခံဆရာတော်ဆိုရင် မျက်နှာထားခပ်တည်တည်နဲ့ နေလာခဲ့တာပါ။ အခုဆို ဓမ္မစကူးလ်ကျောင်းသားလေးတွေ ကျောင်းသူလေးတွေကို သီလပေးရ၊ ဩဝါဒပို့ချရနဲ့ မျက်နှာထားတည်ဖို့တောင် မေ့နေဟန်တူပါတယ်။ ပြုံးလို့ ရွှင်လို့၊ ရယ်လို့မောလို့။

"ဓမ္မစကူးလ်ကျောင်းအတွက် ဝေယျာဝစ္စသမားတွေကလည်း နွှမိုးဆောင်း မမောနိုင်မပန်းနိုင် မပျက်မကွက် လာရောက်ကုသိုလ်ယူနေကြတာ အံ့ဩလောက်တယ်။ အာဟာရကုသိုလ်ရှင်တွေကလည်း ဓမ္မစကူးလ်သို့ နေ့တိုင်းကို မုန့်ဟင်းခါး၊ ကြာဆံကြီး၊ မုန့်ဖက်ထုပ် စသည်ဖြင့် ဝမ်းပန်းတသာ ကိုယ်တိုင်ကိုယ်ကျပြုပြင်ကာ လာရောက်ကျွေးမွေး လှူဒါန်းကြတယ်။ သင်တန်းဖွင့်ပွဲ၊ သင်တန်းဆင်းပွဲကိုလည်း ထိုက်ထိုက်တန်တန် ခမ်းခမ်းနားနား ကျင်းပပေးပါတယ်။ သင်တန်းမှာ ပျက်ရက်မရှိသူကို ဆုပေးခြင်း၊ ဗလာမပါကံစမ်းမဲ စသည်ဖြင့် ချီးမြှင့်ခြင်းတွေလည်း ဆရာတော်ဦးဆောင်ပြီး လှူကြတန်းကြတာတွေဟာ ကြည်နူးပျော်ရွှင်စရာ မှတ်တိုင်တွေပါ။

"ကဲ - ဒါကြောင့် သီတဂူ ဆရာတော်ဘုရားကြီး ဆိုမိန့်တဲ့အတိုင်း မြန်မာနိုင်ငံရဲ့ အနာဂတ်လှပခိုင်မာဖို့ မျိုးဆက်သစ်လူငယ်တို့ အရည်အသွေးမြင့်မားစေဖို့ ဒီဓမ္မစကူးလ်ကျောင်းကြီးတွေ ဖွင့်လှစ်ခြင်းကို ဝမ်းမြောက်ဝမ်းသာ သာခုခေါ်ကြရမှာပါ။ သမီးလေးကိုလည်း အပြစ်မမြင်ပါနဲ့တော့။ တိုင်းပြည်နဲ့ လူမျိုးအတွက် မျိုးဆက်သစ်လူငယ်များအတွက်မို့ လုပ်အားပေးပြီး လေးချောင်းထောက်ခြင်းပဲလို့ ကျေနပ်ခွင့်လွှတ်လိုက်ပါကွယ်။"

**ဓမ္မကားလက်ဆောင်ပါး**

"ဟုတ်ပါပြီ မမရယ်။ မမတရားဟောကောင်းလို့ ကျွန်မတို့လည်း နားလည်သွားရပါပြီ။ ကျွန်မတို့မြို့မှာရှိတဲ့ ဓမ္မစကူးလ်ကိုလည်း အာဟာရ ဒါန၊ လုပ်အားဒါန၊ ဝေယျာဝစ္စဒါန စသည်ဖြင့် နိုင်သလောက်" စွမ်းသလောက် ဝိုင်းချီးမြှောက်ပါမယ်လို့ ကတိပြုပါတယ် မမရယ်"

"သာခု သာခု သာခုပါကွယ်"

"မမရေ ခရီးပန်းလာလို့ အမောပြေ တီဗွီလေးကြည့်ပါရစေ၊ ဖွင့်ပေးပါ"

"အေးအေး ဖွင့်ပေးမယ်"

စာရေးသူ တီဗွီခလုတ်ကို နှိပ်လိုက်ပါသည်။ သီချင်းသံလေး လွင့်ပျံ့လာပါသည်။

"တနင်္ဂနွေနေ့မှာကွယ်
ဓမ္မစကူးလ်သွားကြမယ်
တရားစကားနားထောင်မယ်
တရားတွေထိုင်ကြမယ်
တို့လည်းလိုက်မယ်ကွယ်
အတူတူသွားကြမယ်
မြတ်ဗုဒ္ဓ၏ အဆုံးအမကို နာခံကြစို့ကွယ်။
ဘာသာ သာသနာရယ် အကျိုးများကိုသာ
ဝိုင်းဝန်းလို့ ကာကွယ်ကြမယ်
ကုသိုလ်သည်သာ စိတ်ရဲ့ငြိမ်းအေးရာ
တရားတော်သည်သာ ဘဝရဲ့လွတ်မြောက်ရာ
ဓမ္မစကူးလ်ကျောင်းကြီးကို
သွားကြမယ်
သွားကြမယ်
သွားကြ... မယ်။"

"သီချင်းလေးကလည်း ဓမ္မစကူးလ်ရဲ့ အနှစ်သာရကို ဖော်ကျူးထားတယ်နော်"

"အေးကွဲ့၊ သီချင်းနောက်တစ်ပုဒ်လည်း ရှိသေးတယ်။ မမတိုးတိုးတော့ ဆိုနိုင်ပါတယ်။ ဆိုပြမယ်နော်"

"နံနက်ခင်း အလင်းရောက်တဲ့ ရောင်နီဦးမှာ
ကျေးငှက်တို့ နိုးထလို့ တွန်သံကျူးလာ
နေမင်းကြီးအရှေ့က ထွက်ပေါ်လို့လာ
အလင်းတန်းပေးမယ့် နံနက်ခင်းမင်္ဂလာ
အားလုံးပဲ မင်္ဂလာ
အားလုံးပဲ မင်္ဂလာ
မင်္ဂလာနံနက်ခင်းချိန်ခါ
မြတ်ဗုဒ္ဓရဲ့သာသနာ ထွန်းလင်းဝေဆာ
ဓမ္မစကူးလ်ကျောင်းကြီး ထွက်ပေါ်လာ
သားသားလေးတွေ လိမ္မာဖို့
မီးမီးလေးတွေ လိမ္မာဖို့
ဓမ္မစကူးလ်ကျောင်းသွားကြမယ်လာ။
ဓမ္မစကူးလ်ကျောင်းသွားကြမယ်လာ။
ဓမ္မစကူးလ်ကျောင်းသွားကြမယ်လာ။"

"ကောင်းလိုက်တာ မမရယ်။ ဒီတစ်ခေါက် မမဆီ လာရတာ အမြတ်ပဲ။ ဓမ္မစကူးလ်ကျောင်းရဲ့ဂုဏ်အင်ကို စုံလင်စွာ သိလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ် မမရယ်။ ဓမ္မစကူးလ်ကျောင်းတွေ ဆက်လက်ရှင်သန် တိုးပွားပြီး မြန်မာနိုင်ငံကြီး ကမ္ဘာ့အလယ်မှာ ခံ့ညားထည်ဝါ ငြိမ်းချမ်းသာယာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်လာဖို့ မျှော်မှန်းနိုင်ကြပြီပေါ့ မမရယ်။"

"အေးကွယ် - တို့ရဲ့မြန်မာနိုင်ငံတော်ကြီးဟာ ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံဖြစ်တယ်။ ဗုဒ္ဓတရားတော်များကို သင်ကြားပို့ချရာ စာသင်တိုက်ကျောင်းတိုက်ကြီးတွေ အများဆုံးရှိတဲ့ နိုင်ငံ၊ တရားဓမ္မတွေကို ဟောပြောတဲ့ ဓမ္မကထိကတွေ အများဆုံးရှိတဲ့ နိုင်ငံ၊ တရားဓမ္မကို ကျင့်ကြံအားထုတ်ရာ တရားရိပ်သာများ အများဆုံးရှိသော နိုင်ငံ၊ ဗုဒ္ဓကို ရည်မှန်းပူဇော်တဲ့ စေတီပုထိုးအများဆုံးရှိတဲ့ နိုင်ငံအဖြစ် ဂုဏ်ရောင်ဝင့်ကြွား ထင်ရှားခဲ့ပါတယ်။ ဒီလိုဂုဏ်ပုဒ်တွေနဲ့ ပြည့်ဝတင့်တယ်နေတဲ့ နိုင်ငံတော်ကြီး ခိုင်ခံ့တည်တံ့ငြိမ်းချမ်းဖို့လှည်းနေလှေအောင်းမြင်းဇောင်းမကျန်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းနေကြပါပြီလို့ ရင်မှာခံစား မုဒိတာ ပွားနိုင်ကြဖို့ ဓမ္မကားလက်ဆောင်ပါးလိုက်ရပါတယ်"။ ။

---

# ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ကားမောင်းအဖွဲ့ မော်လိုက်မြို့သို့ လာရောက်လည်ပတ်

**မော်လိုက် ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးမှ ကြီးမှူးဖိတ်ခေါ်ကျင်းပသည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး Journey to the Naga Land Rally Sagaing/ MHTTR 7-2019 ကားမောင်းအဖွဲ့မှ ခရီးသွားလုပ်ငန်းရှင်များ ကားမောင်းဝါသနာပါသူများ လူဦးရေ ၇၀ ပါဝင်သည့် ကားအစီးရေ ၂၀ သည် ဇန်နဝါရီ ၁၁ ရက်က မော်လိုက်မြို့သို့ ရောက်ရှိလာခဲ့ကြသည်။

အဆိုပါအဖွဲ့ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဝန်ထမ်းများ မြို့မိမြို့ဖများ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများက လွတ်လပ်ရေးကျောက်တိုင်ကွင်းမှ နေ၍ ကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ခဲ့ကြပြီး မော်လိုက်မြို့၌ ခေတ္တညအိပ်ရပ်နားခဲ့ကြကြောင်း သိရသည်။

ယင်းနောက် နံနက်ပိုင်းတွင် အဆိုပါကားမောင်းအဖွဲ့သည် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် မော်လိုက်မြို့ရှိ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့လာလေ့ရှိသည့် ကိုလိုနီခေတ် အဆောက်အအုံများ၊ ဂေါက်ကွင်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအား လာရောက်လည်ပတ်နိုင်စေရန် ရည်ရွယ်၍ ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ထားသည့် မော်လိုက်ပျားစွဲဆင်ထိန်းသိမ်းရေးစခန်းသို့ သွားရောက်ကာ ဆင်များကို အစားအစာကျွေးခြင်းနှင့် ရေချပေးနေပုံများကို ကြည့်ရှုခဲ့ကြပြီး (အပေါ်ပုံ) မော်လိုက်-ပြောင်ဘုတ် ကားလမ်းဘေးတွင် တည်ရှိသည့် ဘုရားလက်ဆေးကန်သို့ သွားရောက် ဖူးမြော်ခဲ့ကြပြီး မော်လိုက်မြို့မှ တမူးမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။ ၁၄၂



Times City

# ကျေးဇူးတင်လွှာ

၂၀၁၉ခုနှစ်၊ဇန်နဝါရီလ(၁၂)ရက်နေ့ နှင့် (၁၃)ရက်နေ့တွင်ကျင်းပပြုလုပ်သော Crown Advanced Construction Co.,Ltd ၏ Times City Complex ရှိ Jewellery Mall နှင့် Times Mall ရှိ ရုံးခန်း၊ ဆိုင်ခန်းများငှားရမ်းမိတ်ဆက်ပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော

အစိုးရဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများအားလည်းကောင်း၊

အမေရိကန်သံရုံးမှ တာဝန်ရှိလူကြီးမင်းများအားလည်းကောင်း၊

သဘောတူစာချုပ်ချုပ်ဆိုသော

Hilton Yangon Hotel ၊

Performance Auto Co.,Ltd (Volvo Cars Myanmar) နှင့်

AGB Communication Co.,Ltd

တို့အား လှိုက်လှဲစွာဂမ်းမြောက်ဂုဏ်ယူ ကျေးဇူးတင်ရှိပါသည်။

အခမ်းအနား စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှပိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော မိတ်ဖက်ကုမ္ပဏီများ၊ဆိုင်ခန်းများလာရောက် ပူးပေါင်းဖွင့်လှစ်ပေးပါသောလုပ်ငန်းရှင်များ၊ပြပွဲရက်များအတွင်းဆိုင်ခန်းများ ဝယ်ယူ ငှားရမ်းအားပေးကြသောမိတ်ဆွေများ၊ ကြွရောက်ချီးမြှင့် ဂုဏ်ပြုပေးပါသော မိတ်ဆွေများအားလုံးကိုလည်း

Times City မိသားစု မှခင်မင်ရင်းနှီးစွာဖြင့်

အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။

Tokyo Pipe
Ngwe Zin Yaw
Myat Noe Thu
Citicom

Shwe Yone 925
Morning Glory 925
ဇမ္ဗူလင်းစိန်ရွှေရတနာ
ခမ်းလီစိန်ရွှေရတနာ
ပါဂါစိန်ရွှေရတနာ
Girl Armour
Plus Nine Five
Basin International
Black Out
Waiza Yandar Learning Centre
Lala.com.mm,Studio
SR Worlding Consulting co.,Ltd
Speak Up Myanmar
Brighter
Apex
My Cakery
Little Yangee

SHEW Pop Corn
MIKUCHA
Min Min
Myanmar Greaterst Lighting
Lucky man
Mother Industry
Service Master
Noti Stationary
Bio Cosmetic
စိန်စားသောက်ဖွယ်
အာရော့ဂျ် / အကယ်ဒမီ
သုခပြည့်စုံ
ရွှေထီးပိုထား

Times City

# အထူးကြည်ညိုလေးစားဂုဏ်ယူဝမ်းမြောက်ခြင်း

(၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၉ရက် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉ဖြင့် မိုးကုတ်မြို့၊ ညောင်သုံးပင်ရပ်ကွက်၊ ညောင်သုံးပင်သာမဏေကျော်စာသင်တိုက် **ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ** အား **ဓမ္မကထိက ဗဟုဇနဟိတဓရ** ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့်အတွက် ဆရာတော်အနေဖြင့် အမျိုးဘာသာ သာသနာအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ရှိခိုးပူဇော်ကန်တော့၍ ဝမ်းမြောက်မိပါသည်ဘုရား။

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ-ဦးနန္ဒာ**
**သုဓမ္မသီဂီ-ဒေါ်ကာလာဝတီ(ခ)ဒေါ်စန်းစန်း**
**ဦးပါရာကပ်စ်(ခ)အောင်ဇော်ဝင်း**
**ဒေါ်လက်ချမ်း(ခ)သက်သက်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဆိပ်ဖြူမြို့နယ်၊ ကဖွန်းမကျေးရွာ အထက သတ္တမတန်းမှ မောင်သိန်းဌေးဦးနှင့် သပြေပင်ကျေးရွာ အမက စတုတ္ထတန်းမှ မစုမြတ်မွန်တို့၏ဖခင် ဦးဇော်ဌေးနှင့် ဦးသိန်းဇော် ၈/ဆဖန(နိုင်)၀၅၅၆၇၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဇော်ဌေး(ခ)ဦးသိန်းဇော်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုတက္ကသိုလ် သတ္တဗေဒမှ မလှလှဝင်းသွယ် ၉/စကန(နိုင်)၁၂၀၇၁၉၏ ဖခင်အမည်မှန်မှာ ဦးလွင်ဦး ၅/ခဥန(နိုင်)၀၂၁၈၀၅ ဖြစ်ပါကြောင်း။ **ဦးလွင်ဦး**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီး**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လဥ္စမ်းပြင်ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်း ရေတံခါးရွက်များတပ်ဆင်ခြင်း၊ Steel Sheet Pile နှင့် Concrete Bearing Pile ဝယ်ယူခြင်း၊ ရိုက်ခြင်းလုပ်ငန်းအစရှိသည်တို့အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါ ရောင်းချမည့်ရက်/အချိန်** - ၁၆-၁-၂၀၁၉ ရက်မှ ၃၀-၁-၂၀၁၉ရက်အထိ ရုံးချိန်အတွင်း

(ခ) **အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်/အချိန်** - ၁၃-၂-၂၀၁၉ ရက်၊ ညနေ ၄:၃၀ နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။

၂။ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဖုန်း-၀၁-၅၇၇၅၅၃၊ ၀၁-၂၃၃၆၄၀၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဘွဲ့ရ ဒုရဲအုပ်သင်တန်း အပတ်စဉ်(၈)ဖောင်ကြီး သူရတပ်ခွဲ(၁၀-၁၁-၁၉၇၁)

သူငယ်ချင်းတို့ရေ ......

တို့မိသားစုတွေ အတူတွေ့ဆုံ ကုသိုလ်ယူရအောင်နှင့် ကျဆုံး ကွယ်လွန်ပြီးသော သူငယ်ချင်းများအားရည်စူး၍ အလှူဒါနပြုကြရအောင်-

**နေ့ရက်- ၁၅ - ၁ - ၂၀၁၉ရက် (အင်္ဂါနေ့)**
**အချိန် - နံနက် ၉:၄၅နာရီ**
**နေရာ - ပေါက်စေတီကျောင်းတိုက်၊ရှစ်မိုင်( Junction 8 အနီး)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
## သတင်းကြေညာချက်(၁၂-၁-၂၀၁၉)

၁။ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၇ ဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြဋ္ဌာန်းခဲ့ရာ ဥပဒေ၏ အခန်း ၄ ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် မှတ်ပုံတင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန်အလို့ငှာ ကောင်စီကအသိအမှတ်ပြုထားသောဘွဲ့၊ ဒီပလိုမာရသူများ တတ်မြောက်ရန် လိုအပ်သောလုပ်ငန်းဆိုင်ရာအရည်အချင်းများသတ်မှတ်ခြင်းပါဝင်ပါသည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ၂၆ တွင် ပြည်တွင်းပြည်ပရှိအင်ဂျင်နီယာတက္ကသိုလ်တစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်တစ်ခုခုကဖြစ်စေ အပ်နှင်းသော အင်ဂျင်နီယာပညာဆိုင်ရာဘွဲ့ရရှိသူသည်လည်းကောင်း၊ ကောင်စီကအသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့်သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းတစ်ခုခုကထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး ကောင်စီကသတ်မှတ်သည့် အရည်အချင်းပြည့်မီသူသည်လည်းကောင်း မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်ဟုဖော်ပြထားပြီး ကောင်စီသည် ပညာရေးဝန်ကြီးဌာနအသိအမှတ်ပြု အင်ဂျင်နီယာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ အင်ဂျင်နီယာကောလိပ်နှင့်သိပ္ပံများ၊ နည်းပညာကောလိပ်နှင့်သိပ္ပံများမှ ထုတ်ပေးသည့်ဘွဲ့၊ ဒီပလိုမာများနှင့်ကောင်စီကအသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့်သက်ဆိုင်သည့် အဖွဲ့အစည်းဌာနတစ်ခုခုကထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ်များကို အသိအမှတ်ပြုထားပါသည်။

၃။ ကောင်စီဥပဒေ၏ အခန်း ၈ ပုဒ်မ ၂၀ မှ ၂၅ အထိ နှင့် နည်းဥပဒေ ၅၆ မှ ၆၀ အထိတို့တွင် မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်ရယူပြီးနောက် မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူလက်မှတ်ရယူခြင်း၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ် ရယူပြီးနောက် မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ရယူခြင်းတို့ကို အဆင့်ဆင့်သတ်မှတ်ဖော်ပြထားပြီး နည်းဥပဒေ ၆၄ မှ ၆၇ အထိတွင် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူများ ဖြည့်ဆည်းရမည့် လိုအပ်ချက်များကို သတ်မှတ်ဖော်ပြထားပါသည်။

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေနှင့် နည်းဥပဒေများ သက်တမ်းနုသေးသည့်ကာလများတွင် ကောင်စီကအသိအမှတ်ပြုသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှသက်ဆိုင်ရာဘွဲ့၊ ဒီပလိုမာရရှိပြီးနောက် ထိုက်သင့်သည့်လုပ်သက်အတွေ့အကြုံရရှိပြီးသူများ နစ်နာခြင်းမရှိစေရန် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီသည် နည်းဥပဒေ ၆၈ ပါ ကင်းလွတ်ခွင့်ကို ကျင့်သုံး၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)၊ (၆/၂၀၁၆) နှင့် (၈/၂၀၁၆) တို့ကို ထုတ်ပြန်ပြီး ကောင်စီကအသိအမှတ်ပြုသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ သက်ဆိုင်ရာဘွဲ့၊ ဒီပလိုမာရရှိပြီးနောက် သတ်မှတ်လုပ်သက်ပြည့်မီပြီးသူများအား အင်ဂျင်နီယာအဆင့်လူတွေ့စစ်ဆေးပြီး အောင်မြင်သူများကို မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်ထုတ်ပေးခြင်း၊ စာမေးပွဲကင်းလွတ်ခွင့်အရည်အချင်းပြည့်မီသူများအား သတ်မှတ်လိုအပ်ချက်များဖြည့်ဆည်းစေပြီး ပြည့်မီအောင်မြင်သူများကို မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်ရရှိပြီးနောက် သတ်မှတ်လုပ်သက်ပြည့်မီသူများအား သတ်မှတ်လိုအပ်ချက်များဖြည့်ဆည်းစေပြီး ပြည့်မီအောင်မြင်သူများကို မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

၅။ ၂၀၁၈ ဒီဇင်ဘာလ ၃၁ အထိ ကာလအတွင်း ကောင်စီကအသိအမှတ်ပြုသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ သက်ဆိုင်ရာနည်းပညာဒီပလိုမာ (AGTI) ရရှိပြီးနောက် သတ်မှတ်လုပ်သက်၊ သတ်မှတ်လိုအပ်ချက်များပြည့်မီအောင်ဖြည့်ဆည်းကာ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် အရည်အချင်းပြည့်မီသူ (၂၂၆၉) ဦး၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ် အရည်အချင်းပြည့်မီသူ (၁) ဦးတို့အား မှတ်ပုံတင်လက်မှတ်များထုတ်ပေးပြီးဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအနေဖြင့် ကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောင်စီကအသိအမှတ်ပြုသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ သက်ဆိုင်ရာနည်းပညာဒီပလိုမာရရှိပြီးနောက် သတ်မှတ်လုပ်သက်၊ သတ်မှတ်လိုအပ်ချက်များပြည့်မီအောင် ဖြည့်ဆည်းပြီးသူများ မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် အသိအမှတ်ပြုလက်မှတ်များ အဆင့်ဆင့်ရယူနိုင်ရန် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၇။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသော သက်ဆိုင်ရာဥပဒေပြုအဖွဲ့အစည်းများ၏ ကြားနာစစ်ဆေးမှုများတွင်လည်း နိုင်ငံတော်က သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာနှင့်ဒေသတွင်း သဘောတူညီချက်များနှင့်မကွဲလွဲစေဘဲ ကောင်စီဖွဲ့စည်းပုံကို ပိုမိုဒီမိုကရေစီကျစေမည့် ပြုပြင်ပြောင်းလဲမှုများကိုသာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အကြံပြုဆွေးနွေးထားပြီး နည်းပညာဒီပလိုမာရရှိထားသူများ သတ်မှတ်လုပ်သက်၊ သတ်မှတ်လိုအပ်ချက်များပြည့်မီအောင် ဖြည့်ဆည်းပြီးနောက် မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ၊ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် အသိအမှတ်ပြုလက်မှတ်များ အဆင့်ဆင့်ရယူနိုင်မည့်လမ်းကြောင်းကို ပြောင်းလဲစေမည့် မည်သည့်အကြံပြုဆွေးနွေးမှုကိုမျှ ပြုလုပ်ထားခြင်းမရှိကြောင်းအသိပေးကြေညာအပ်ပါသည်။

၈။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေသည် အများပြည်သူကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ဝန်ဆောင်မှုများနှင့် ဆက်စပ်နေသဖြင့် ဥပဒေအရ ကန့်သတ်ထားသည့် အင်ဂျင်နီယာလုပ်ငန်းများကိုသာ သက်ရောက်မှုရှိပြီး အခြားအင်ဂျင်နီယာလုပ်ငန်းများကို သက်ရောက်မှုမရှိကြောင်းအတည်ပြုသိစေအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းကို နိုင်ငံခြားသုံးငွေ(USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန်ဖိတ်ခေါ်အပ်ပါသည်-

(က) News Room System Upgrade 1-Lot
(Convergence News Room System &
Central Equipment Room System)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၅-၁-၂၀၁၉ရက်မှ ၁၄-၂-၂၀၁၉ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင်လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၂-၂၀၁၉ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်းအသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော ဘိလပ်မြေ (52.5)၊ သံချောင်းလုံးရှယ်စုံ၊ လမ်းခင်းကျောက်မျိုးစုံ၊ သဲကြမ်း၊ သစ်ခွဲသားရှယ်စုံ၊ ဒီဇယ်ဆီများအား (မြန်မာ)ကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

**တင်ဒါအမှတ်စဉ်(၂)** **၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်**

(က) **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်ရက်** - ၂၁-၁-၂၀၁၉ရက်

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၁၄-၂-၂၀၁၉ရက် မွန်းတည့် ၁၂နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာနှင့် စိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့

အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မိုးညှင်းမြို့၊ ဖုန်း-၀၇၄-၆၀၀၁၀တွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေးလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဗန်းမော်ခရိုင်၊ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပိုင်းတွင်(5.5mm)ကတ္တရာကွန်ကရစ်လမ်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသား၊ တိုင်းရင်းသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ၂၁-၁-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ၊ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါကအတွင်းရေးမှူး၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ(ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့)၊ ဖုန်း-၀၇၄-၂၅၂၂၃၂၊ ၂၅၂၂၃၆၉ တို့တွင် စုံစမ်းဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

(က) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၁၄-၂-၂၀၁၉ရက် ညနေ ၄နာရီ

(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## ပြည်ထောင်စုနေ့အထိမ်းအမှတ် Myanmar Union Day Peace Run ပြိုင်ပွဲအဖြစ် (၅)ကီလိုမီတာအပြေးပြိုင်ပွဲများ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့ကြီးများတွင် ကျင်းပမည်

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူများအားလုံးပါဝင်ဆင်နွှဲနိုင်ရန် ရည်ရွယ်၍ ၂၀၁၉ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် ၇၂နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် Myanmar Union Day Peace Run (၅)ကီလိုမီတာအပြေးပြိုင်ပွဲကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် Pocari Sweat၊ Milo(Nestle)တို့ပူးပေါင်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိရုံးစိုက်ရာမြို့ကြီးများတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၆း၀၀ နာရီတွင် တစ်ပြိုင်တည်းကျင်းပမည်ဖြစ်ပါသည်။

ပြိုင်ပွဲမှာ (၅)ကီလိုမီတာဖြစ်ပြီး ပန်းဝင်ဦးရေ (၅၀)အထိ ဆုများချီးမြှင့်မည်ဖြစ်ပြီး ပန်းဝင်သူအားလုံးကို အမှတ်တရလက်ဆောင်များပေးအပ်သွားမည်ဖြစ်ပါသည်။

ရန်ကုန်၊ တောင်ကြီး၊ ပဲခူး(ပြည်)တို့အား Pocari Sweatမှလည်းကောင်း၊ မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်း၊ ဧရာဝတီ၊ ပဲခူး၊ မကွေးတို့ကို Milo (Nestle)မှလည်းကောင်း၊ ကချင်ပြည်နယ်အား Nat Ray Life Fitness Co.,Ltd မှလည်းကောင်း၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များဖြစ်သော ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ တနင်္သာရီတို့အား အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စိတ်ဝင်စားသူ မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ရက်မှစတင်၍ ပြိုင်ပွဲဝင်ပုံစံအားစာရင်းပေးသွင်းဖြည့်စွက်၍ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း အသိပေးအကြောင်းကြားပါသည်။

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
## ရုံးသုံး၊ လုပ်ငန်းသုံး စက်ကိရိယာပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး၊ လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများကို ပြည်တွင်း သုံးမြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| | (I) Non Control Items | |
| | (1) Pallet Truck | 2Nos |
| | (II) Machinery and Equipment | |
| | (1) 4 Unit Sheetfed offset Printing machine | 1No |
| | (2) Digital Colour High Speed Copier | 1No |
| | (3) Computer To Plate (CTP) Machine | 1No |
| | (4) Thermal Embossing Machine | 1No |
| | (5) Double Head Stitcher With Semi-Auto Feeding System | 1No |
| | (6) Hard Cover Book Casing in Machine | 1No |
| | (7) Air Con (1HP) (Window Type) | 3Nos |
| | (8) Air Con (1.5HP) (Split Type) | 10Nos |
| | (9) Air Con (2HP) (Split Type) | 8Nos |
| | (10) Air Con Floor Standing Type (5HP) | 4Nos |
| | (11) Earth Tester (KYORITSU) | 1No |
| | (12) CCTV | 1Set |
| | (13) Transformer (200KVA) | 1No |
| | (14) Exhaust Fan Fan (16") | 8Nos |
| | (15) Stand Fan(18") | 4Nos |
| | (II) Office Equipment | |
| | (1) Copier (Bizhub 206) | 6Nos |
| | (2) Desktop Computer Core i7 | 17Nos |
| | (3) Laptop | 2Nos |
| | (4) Scanner Lide 200 | 5Nos |
| | (5) Printer | 11Nos |
| | (6) Barcode Printer | 2Nos |
| | (7) Colour Printer | 9Nos |
| | (8) UPS (650 VA) | 27Nos |
| | (9) Plane Paper Fax | 4Nos |
| | (10) PA System Set | 2Sets |
| | (11) Refrigerator(Two Door) | 1No |
| | (12) Air Curtain | 2Nos |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၄-၁-၂၀၁၉ရက်မှ ၁၃-၂-၂၀၁၉ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၅-၂-၂၀၁၉ ရက်မှ ၁၃-၂-၂၀၁၉ရက်အထိလည်းကောင်း၊ ဈေးနှုန်းပါသော Specification & Catalogue များကို ၁၃-၂-၂၀၁၉ရက်တွင်လည်းကောင်း၊ နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ထုတ်လုပ်မှုဌာနသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၉၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၉၀**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## တည်ဆောက်ရေးလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| **လုပ်ငန်းတည်နေရာ** | **ဆောင်ရွက်မည့်လုပ်ငန်း** |
|---|---|
| မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အမှတ်(၁)၊ သံမဏိစက်ရုံ(မြင်းခြံ)၊ မြင်းခြံမြို့ | အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၊ ဝန်ထမ်းအိမ်ရာအတွင်း အမှုထမ်းအိမ်ထောင်သည် ခြောက်ခန်းတွဲတစ်ထပ် ရေ/မီးပါနှစ်လုံးတည်ဆောက်ခြင်း လုပ်ငန်း (၁၂၆'×၃၅' ၆")ဆက်စပ်လုပ်ငန်းများ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို သတင်းစာကြော်ငြာသည့်ရက်မှ ၁၁-၂-၂၀၁၉ရက်ထိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် တင်ဒါပုံစံများကို သတ်မှတ်ရုံးချိန်အတွင်းလာ ရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) ဖုန်း-၀၉-၂၆၁၀၀၅၈၀၉၊ ၀၉-၄၀၂၅၂၉၃၁၇၊ ၀၉-၂၀၅၆၅၄၅၊ ၀၉-၇၈၅၁၉၄၂၄၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၁-၂-၂၀၁၉ရက်၊ ညနေ ၄ နာရီ

၄။ **တင်ဒါသွင်းရမည့်နေရာ** - အမှတ်(၁)၊ သံမဏိစက်ရုံ (မြင်းခြံ)

၅။ တင်ဒါဖွင့်မည့်ရက်အား ထပ်မံကြေညာပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညောင်ဦးမြို့နယ်၊ တောင်ဇင်းမြစ် ရေတင်ရေပေးရေးလုပ်ငန်းအတွက် လိုအပ်သောအောက်ပါတို့အား တိုင်းရင်းသားလုပ်ငန်းရှင်များမှ တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | lot-1 | ရေမော်တာပန့် | (၇)စုံ |

၂။ တင်ဒါအဆိုပြုလွှာများကို ၁၄-၂-၂၀၁၉ရက် နံနက် ၁၀း၃၀နာရီတွင် နောက်ဆုံးထား၍တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် (၃၆)၊ နေပြည်တော် (ဖုန်း-၀၆၇-၄၁၈၆၃၃၊ ၄၁၈၆၅၇) တို့တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်း (၂) ခု ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းတည်နေရာ |
|---|---|---|
| (က) | RC(၄)ခန်းတွဲ (၄)ထပ်၊ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း အလျား (၆၁.၆)ပေ၊ အနံ (၅၁)ပေ၊ အမြင့် (၄၅)ပေ။ | ၃၄×၃၅၊ ၆၄×၆၅လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ |
| (ခ) | RC(၂)ခန်းတွဲ (၂)ထပ်၊ ချမ်းမြသာစည်မြို့နယ်ဥပဒေရုံး ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်း အလျား(၄၀)ပေ၊အနံ(၃၀)ပေ၊ အမြင့်(၂၃.၆)ပေ | အကွက်(၉၀၃)၊ ၇၈ လမ်း၊ ရတနာပူရပြတိုက်လမ်းနှင့်စစ်ကိုင်းလမ်းခွဲကြား၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်း) နှုန်းဖြင့် ၁၄-၁-၂၀၁၉ရက်မှ ၂၈-၁-၂၀၁၉ရက်အထိ မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ လမ်း ၃၀၊ ၆၈×၇၀လမ်းကြား၊ ရုံးကြီးဝင်း၊ ချမ်းအေးသာစံမြို့နယ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၁၄-၂-၂၀၁၉ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး ဖုန်း-၀၂-၄၀၆၈၁၅၀ နှင့် ၀၂-၄၀၃၂၀၆၄ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**

## သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှဖမ်းဆီးရမိ ပုံစံ(၈)သစ်၊ သစ်မှအပ နွား၊ လှည်းဘီးနှင့်အခြားသစ်တောထွက်ပစ္စည်းများရောင်းချရန်လေလံကြော်ငြာ

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်အတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များမှ ဖမ်းဆီးရမိသော ပုံစံ(၈)ဝင်သစ်၊ အခြားသစ်တောထွက်ပစ္စည်းများ၊ နွား၊ လှည်းဘီးများကို သစ်တောဦးစီးဌာန၊ တောင်ကြီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ၂၁-၁-၂၀၁၉ရက်၊ နံနက် ၁၀ နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

| စဉ် | မြို့နယ် | လက်ပုံအမှတ် | အမျိုးအမည် | ရေတွက်ပုံ | ပမာဏ | တည်နေရာ |
|---|---|---|---|---|---|---|
| ၁။ | ကလော | ၁ | ထင်းရှူးပင်ကျပ် | လုံး | ၉၉၅ | မြို့နယ်ရုံးဝင်း |
| ၂။ | ရပ်စောက် | ၁ | ထင်းရှူးဆီခဲ | ပိဿာ | ၁၂၆၆ | မြို့နယ်ရုံးဝင်း |
| ၃။ | ညောင်ရွှေ | ၁ | အုပ်စု(၁)သစ်လုံး/ ခွဲသား/၃'အောက် | တန် | ၀.၃၅၄၆ | မြို့နယ်ရုံးဝင်း |
| ၄။ | ညောင်ရွှေ | ၂ | အခြားသစ်လုံး/ ခွဲသား/၃'အောက် | တန် | ၂.၃၀၇၆ | မြို့နယ်ရုံးဝင်း |
| ၅။ | ရွာငံ | ၁ | ထင်း<br>မီးသွေး<br>ဝါး | တန်<br>တန်<br>လုံး | ၄.၁၃၈<br>၅၄.၄<br>၃၅၀၀ | မကျီးတား/မြို့ကြီးစခန်း<br>တမံ(၃)<br>တမံ(၃) |
| ၆။ | ရွာငံ | ၂ | နွား<br>လှည်းဘီး | ကောင်<br>ခု | ၆<br>၂ | တမံ(၃) |

၂။ လေလံလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို လက်ထောက်ညွှန်ကြားရေးမှူးရုံး၊တောင်ကြီးခရိုင်၊ သစ်တောဦးစီးဌာနတွင် ၁၄-၁-၂၀၁၉ ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးခရိုင်၊ သစ်တောဦးစီးဌာန၊ ဖုန်း-၀၈၁-၂၁၂၂၂၈၃၊ ၂၁၂၁၁၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## ကျိုင်းတုံတက္ကသိုလ်
## ဒသမအကြိမ် ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ ကျိုင်းတုံတက္ကသိုလ်က ကျင်းပခဲ့သည့် ၂၀၁၇-၂၀၁၈ပညာသင်နှစ် ဘွဲ့အသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် ၁၅-၂-၂၀၁၉ရက်တွင် ကျင်းပမည့် ကျိုင်းတုံတက္ကသိုလ် ဒသမအကြိမ်ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့)အဝေးရောက်ဘွဲ့ယူရန်အတွက် လျှောက်ထားနိုင်ကြပါသည်။

(က) ပထမပိုင်း ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ၊ သမိုင်း)၊ သိပ္ပံဘွဲ့(ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ)၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ (သမိုင်း)၊ သိပ္ပံဂုဏ်ထူးဘွဲ့ (ဓာတုဗေဒ၊ ရူပဗေဒ)၊ မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)၊ မဟာသိပ္ပံဘွဲ့(ရူပဗေဒ)

(ခ) ဒုတိယပိုင်း ဝိဇ္ဇာဘွဲ့(မြန်မာစာ၊ ပထဝီဝင်)၊ သိပ္ပံဘွဲ့(သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ)၊ သိပ္ပံဂုဏ်ထူးဘွဲ့(သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ)၊ မဟာဝိဇ္ဇာဘွဲ့(ပထဝီဝင်)၊ မဟာသိပ္ပံဘွဲ့(သင်္ချာ၊ သတ္တဗေဒ)

**ဘွဲ့နှင်းသဘင်ကြေး**

**တက်ရောက်ဘွဲ့ကြေး** - ကျပ် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
**အဝေးရောက်ဘွဲ့ကြေး** - ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
**လျှောက်လွှာတင်သွင်းရက်** - ၁၄-၁-၂၀၁၉ရက်မှ ၃၁-၁-၂၀၁၉ရက်ထိ

၂။ ရပ်ဝေးမှပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့ရမည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ နေရပ်လိပ်စာအပြည့်အစုံနှင့် တက်ရောက်ဘွဲ့(သို့မဟုတ်) အဝေးရောက်ဘွဲ့အတွက်ဟု တိကျစွာဖော်ပြရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူများသည် ကျိုင်းတုံတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်
(၁) သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ
(၂) (၆)လအတွင်း ရိုက်ကူးထားသော မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံ(အမျိုးသား) တို့ဖြင့် (၂"×၁.၅")အရွယ် ဆံပင်အရောင်မဆိုးထားသော ဓာတ်ပုံ (၃)ပုံ။
(၃) မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ပူးတွဲ၍ လျှောက်ထားရပါမည်။

၄။ ဘွဲ့ဝတ်စုံ၊ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်လက်မှတ်နှင့် ဧည့်လက်မှတ်၊ လိုအပ်သည့်စာရွက်စာတမ်းများကို ၁၁-၂-၂၀၁၉ရက်မှ ၁၂-၂-၂၀၁၉ရက် ရုံးချိန်အတွင်း ကျောင်းသားရေးရာဌာနတွင် ငွေသွင်းပြေစာကို ပြသ၍ ထုတ်ယူနိုင်ပါသည်။

၅။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအားလုံးသည် (၁၃-၂-၂၀၁၉)ရက်တွင် ကျင်းပမည့်အစမ်းလေ့ကျင့်ခြင်းအခမ်းအနားကို မပျက်မကွက်တက်ရောက်ရမည်။ ဘွဲ့နှင်းသဘင်အခမ်းအနားကို ပထမပိုင်းဘွဲ့ယူမည့်သူများသည် ၁၅-၂-၂၀၁၉ရက် နံနက် ၁၀း၀၀နာရီနှင့် ဒုတိယပိုင်းဘွဲ့ယူမည့်သူများသည် ၁၅-၂-၂၀၁၉ရက် မွန်းလွဲ ၁း၀၀နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများသည် ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို ကျိုင်းတုံတက္ကသိုလ်ဘွဲ့နှင်းဌာန ဖုန်း-၀၈၄-၂၂၅၃၇၊ ၀၈၄-၂၁၆၁၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ခင်သန်းဆွေ(ဌာနမှူး)**
**သင်တန်းရေးရာကျိုင်းတုံတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးအကျဉ်းထောင်တွင် အကျဉ်းသားနှစ်ထပ်အိပ်ဆောင်တစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် တင်ဒါအဆိုပြုလွှာများကို ၁၄-၁-၂၀၁၉ရက်မှစ၍ အကျဉ်းဦးစီးဌာန၊ ရုံးအမှတ် -၄၉တွင် ဝယ်ယူနိုင်ပြီး ၂၇-၁-၂၀၁၉ရက် နောက်ဆုံးထားကာ ကုမ္ပဏီမှတ်ပုံတင် Profile နှင့်အတူ တင်သွင်းသွားရန် ဖိတ်ခေါ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖုန်း-၀၆၇-၄၃၁၄၂၆၊ ၀၆၇-၄၃၁၄၂၀**
**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**
**အကျဉ်းဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သောဆေးဝါးများကိုဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၁၄-၁-၂၀၁၉ရက်
**တင်ဒါပိတ်မည့်ရက်** -၁၃-၂-၂၀၁၉ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ကျိုင်းတုံဆေးရုံကြီး**
**ဖုန်း-၀၈၄-၂၁၅၁၁**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၁၇-၁-၂၀၁၉ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - ညနေ ၄း၀၀နာရီ

**ပစ္စည်းစီမံရေးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**

၂။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (www. moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**(၃/၂၀၁၉)**

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် (Corporate Social Responsibility-CSR) ရန်ပုံငွေဖြင့် ရေနံမြေများတွင် ထိစပ်ကျေးရွာများ၌ လျှပ်စစ်မီးရရှိရန် Solar Home စနစ်ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | MOGE/CSR-001(18-19) | 8 Watt & 60 Watt Solar Home System (2) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှု၍ အခမဲ့ Download ရယူနိုင်ပါသည်။ တင်ဒါပုံစံများအား ရောင်းချမည်မဟုတ်ပါ။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၂-၂၀၁၉ရက် မွန်းလွဲ ၂း၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော် (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၂၀၆၊ ၀၆၇-၄၁၁၂၇၄**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ စက်ရုံများအတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် (DDP Paung Laung & DDP At Site) အရောက်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | Tender No.36/ EPGE/2018-2019 | ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွက် စက်မှုပိုင်းဆိုင်ရာစက်အရန်ပစ္စည်းများ ဝယ်ယူခြင်း | (12 Items) |
| (ခ) | Tender No.37/ EPGE/2018-2019 | ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ စက်ရုံများအတွက် လိုအပ်သော Oil Pump, Governor Stepping Motor Combined Valves, Oil Cooler, Drainage Pump, Dewatering Pump, High Pressure Air Compressor များ ဝယ်ယူခြင်း | (16 Items) |
| (ဂ) | Tender No.38/ EPGE/2018-2019 | ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ စက်ရုံများအတွက် Pressure Reducing Valve, Control Valve, Gate Valve, Wicket Gate Bushing, Shaft Seal, Air Seal နှင့် Brake Shoe များ ဝယ်ယူခြင်း | (18 Items) |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၇-၂-၂၀၁၉ရက် မွန်းလွဲ ၂း၀၀ နာရီနောက်ဆုံးထား၍ အောက်ပါလိပ်စာတွင် (လူကိုယ်တိုင်)လာရောက် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ဝန်ကြီးဌာနဝက်ဆိုဒ် (www.moee.gov.mm) တွင် Download ဆွဲယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ JICA ODA Loan (MY-P17) စီမံကိန်းတွင်ပါဝင်သော မိတ္ထီလာမြို့ ရေရရှိရေးစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော အောက်ပါတို့အား တိုင်းရင်းသားလုပ်ငန်းရှင်များမှ တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | Lot | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | lot-1 | ရေသန့်စင်ခြင်းလုပ်ငန်း (Water Treatment) | (၁)ရပ် |
| (ခ) | lot-2 | ရေဖြန့်ဝေခြင်းလုပ်ငန်း (Distribution System) | (၁)ရပ် |

၂။ တင်ဒါအဆိုပြုလွှာများကို ၁၅-၂-၂၀၁၉ရက် နံနက် ၁၀း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ Pre-Bid Meeting Session နှင့် on-site explanation အား ၁-၂-၂၀၁၉ရက်၊ နံနက် ၁၀း၀၀နာရီတွင် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် (၃၆)၊ နေပြည်တော် (တယ်လီဖုန်း-၀၆၇-၄၁၈၆၃၃၊ ၄၁၈၆၅၇)တို့တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## တောင်ကြီးတက္ကသိုလ်

### (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တောင်ကြီးတက္ကသိုလ်မှ ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

**(က) (၂၃-၂-၂၀၁၉)ရက် နံနက်ပိုင်း၊ နံနက် (၀၉း၀၀)နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ရူပဗေဒ၊ သတ္တဗေဒ အထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်း၊ ဒဿနိကဗေဒ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒ၊ သတ္တဗေဒ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ၊ သတ္တဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | သမိုင်း၊ ဒဿနိကဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒအထူးပြုအားလုံး။ |

**(ခ) (၂၃-၂-၂၀၁၉)ရက် ညနေပိုင်း၊ မွန်းလွဲ (၁း၀၀)နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | မြန်မာစာ၊ သင်္ချာအထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | သင်္ချာအထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | သင်္ချာအထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာအထူးပြုအားလုံး။ |

**(ဂ) (၂၄-၂-၂၀၁၉)ရက် နံနက်ပိုင်း၊ နံနက် (၀၉း၀၀)နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ဓာတုဗေဒ အထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာဘွဲ့ | ပထဝီဝင်၊ စိတ်ပညာအထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒအထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | ပထဝီဝင်၊ စိတ်ပညာအထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ဘူးဘွဲ့ | ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | ပထဝီဝင်၊ စိတ်ပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒအထူးပြုအားလုံး။ |

**(ဃ) (၂၄-၂-၂၀၁၉)ရက် ညနေပိုင်း၊ မွန်းလွဲ (၁း၀၀)နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ရုက္ခဗေဒ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ရုက္ခဗေဒ အထူးပြုအားလုံး။ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| ဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရုက္ခဗေဒ၊ ဘူမိဗေဒအထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | အရှေ့တိုင်းပညာ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအထူးပြုအားလုံး။ |

**အစမ်းလေ့ကျင့်မည့်အစီအစဉ်**

**(၂၁-၂-၂၀၁၉)ရက် နံနက်ပိုင်း၊ နံနက် (၀၉း၀၀)နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | မြန်မာစာ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ အထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒအထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ အထူးပြုအားလုံး။ |

**(၂၁-၂-၂၀၁၉)ရက် ညနေပိုင်း၊ မွန်းလွဲ (၁း၀၀)နာရီ**

| | |
|---|---|
| မဟာသုတေသနဘွဲ့ | ဓာတုဗေဒ၊ ရုက္ခဗေဒအထူးပြုအားလုံး။ |
| မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ | ပထဝီဝင်၊ စိတ်ပညာ၊ ဓာတုဗေဒ၊ ရုက္ခဗေဒအထူးပြုအားလုံး။ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး။ |
| ဥပဒေဘွဲ့ | ဥပဒေပညာအထူးပြုအားလုံး |
| ဝိဇ္ဇာ/သိပ္ပံဂုဏ်ထူးဘွဲ့ | ပထဝီဝင်၊ စိတ်ပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒအထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |

ဘွဲ့နှင်းသဘင် တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁၉-၂-၂၀၁၉ရက်မှ ၂၀-၂-၂၀၁၉ရက်ထိ ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

ဘွဲ့ဝတ်စုံများကို တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်တွင် ၁၉-၂-၂၀၁၉ ရက်နှင့် ၂၀-၂-၂၀၁၉ရက် နံနက် ၉း၀၀နာရီမှ စတင်ထုတ်ပေးမည်ဖြစ်၍ မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာကြရမည်ဖြစ်သည်။

**(ဝေဝေနိုင်)**
**ဌာနမှူး**
**သင်တန်းရေးရာ**
**တောင်ကြီးတက္ကသိုလ်**

# နှစ်ထပ်တိုက်တစ်လုံး ရောင်းချရန်

# ဈေးပြိုင်တင်ဒါကြော်ငြာ

၁။ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စာချုပ်စာတမ်းဖြင့် လွှဲပြောင်းလှူဒါန်းခဲ့ပြီးဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ် (၁၆)ရှိ မြေနှင့်နှစ်ထပ်တိုက် တစ်လုံးကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ဈေးပြိုင်တင်ဒါတင်သွင်းလိုသူများသည် တင်ဒါစည်းကမ်းချက်တစ်စုံလျှင် ကျပ် ၅၀၀၀၀/- (ငါးသောင်းကျပ်တိတိ)နှုန်းဖြင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံးတွင် ၁၅-၁-၂၀၁၉ရက်မှ ၁၈-၁-၂၀၁၉ရက်အတွင်း ဝယ်ယူပြီး ၂၂-၁-၂၀၁၉ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ ဖုန်း-၀၁-၃၇၁၀၈၉၊ ၀၁-၃၇၅၇၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရှုကြည်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၂၁/၈၆)**
**အမှတ် (၉၇)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနတွင် လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ခြင်းအား ၁-၂-၂၀၁၉ရက်မှ ၃၁-၇-၂၀၁၉ ရက်အထိ (၆)လ ငှားရမ်းလုပ်ကိုင်မည်ဖြစ်ရာ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရန် ငှားရမ်းလုပ်ကိုင်မည့် ဈေးနှုန်းလွှာများကို ဒုတိယညွှန်ကြားရေးမှူး (ဖြန့်ဖြူးရေး)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ် (၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ** - ၁၄-၁-၂၀၁၉ရက်
**စတင်ရောင်းချမည့်ရက်**
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁-၂၀၁၉ရက် မွန်းလွဲ ၂း၀၀ နာရီ
**ဆက်သွယ်ရန် ဖုန်း-၀၁-၃၇၁၂၈၄၊ ၀၁-၃၇၄၄၉၇**
**ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

**တင်ဒါအမှတ်(၀၃/၂၀၁၈-၂၀၁၉)**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါ အိမ်ရာစီမံကိန်းတွင် လျှပ်စစ်လုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

သန်လျင်မြို့နယ်၊ သီလဝါတန်ဖိုးနည်းအိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၁၁/၀.၄)ကေဗွီ၊ ဓာတ်အားခွဲရုံနှင့် (၁၁)ကေဗွီဓာတ်အားလိုင်း၊ (၄၀၀)ဗို့ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း

၂။ **တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက်** - ၁၄-၁-၂၀၁၉ရက်မှ ၁၃-၂-၂၀၁၉ရက်အထိ

၃။ **တင်ဒါအဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန်** - ၁၄-၂-၂၀၁၉ရက် (ကြာသပတေးနေ့) ၁၅း၀၀နာရီ

၄။ **တင်ဒါအဆိုပြုလွှာရောင်းချမည့် နေရာ၊ တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြအခြေခံအဆောက်အအုံစီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲ ရုံးအမှတ် (၄၀)၊ နေပြည်တော်

၅။ အသေးစိတ်သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြအခြေခံအဆောက်အအုံစီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ် (၄၀)၊ နေပြည်တော် ဖုန်း-၀၆၇၃၄၀၇၆၉၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**အမည်ပြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပင်လုံရပ်ကွက်နေ ဦးစောလျံဘွဲ၏သား မောင်ဖြိုးပြည့်မောင်အား မောင်ပြည့်ဖြိုးမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ပြည့်ဖြိုးမောင်**

## ဇနီးဒေါ်ရွှေချင်းနှင့် အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မုံရွာတက္ကသိုလ်-ဥပဒေပညာဌာန ကထိကဖြစ်သူ ဒေါက်တာတီလ်နှင်း ၄/ဟခန(နိုင်)၀၀၂၉၅၁၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ လှိုင်သာယာရပ်ကွက်၊ နယ်မြေ (၁)၊ အိမ်အမှတ် (၁၂၇)ဟုခေါ်တွင်သော အိမ်နှင့် ဝင်းမြေကို ၁၅-၅-၂၀၁၄ရက်တွင် ပိုင်ရှင်ဖြစ်သူ ကလေးမြို့၊ တာဟန်းရပ်ကွက်နေ ဦးဇုံဟရင်းထံမှ ၎င်းအမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယနေ့အချိန်အထိ အဆိုပါအိမ်နှင့်ဝင်းမြေအား ကျွန်ုပ်မိတ်ဆွေ ဒေါက်တာတီလ်နှင်းက အခြားသူတစ်ပါးထံသို့ ရောင်းချ/ပေါင်းနှံ/လှူဒါန်း/ငှားရမ်း/ပေးကမ်းထားခြင်းများမရှိပါ။

အထက်ဖော်ပြပါအိမ်နှင့်ဝင်းမြေအား ကျွန်ုပ်မိတ်ဆွေ ဒေါက်တာတီလ်နှင်း၏ဇနီးဖြစ်သူ ဒေါ်ရွှေချင်း ၄/ဟခန(နိုင်)၀၀၂၉၇၄မှ ၂၀၁၈ခုနှစ် ဇူလိုင်လအတွင်းက ငွေကျပ်သိန်း ၅၀၀ဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါက်တာတီလ်နှင်း၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ ရောင်းချခဲ့ပြီး ၄-၈-၂၀၁၈ရက်တွင် ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ရာ တစ်စုံတစ်ရာ ဆက်သွယ်ခြင်း၊ နေအိမ်သို့ပြန်လာခြင်းမရှိခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်သည်။

သို့ဖြစ်ပါ၍ ဒေါ်ရွှေချင်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စအဝဝအား ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါက်တာတီလ်နှင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၃၇၃/၂၀၀၄)**
**အမှတ် (၁၄/၁၂၀)၊ ပိတောက်မြိုင်လမ်း၊**
**တာဟန်းရပ်ကွက်၊ ကလေးမြို့၊ ဖုန်း-၀၉-၄၄၂၀၇၄၃၂၆**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ်၊ ရုက္ခဗေဒအထူးပြုဘာသာရပ် ဂုဏ်ထူးတန်းအောင်မှ မအောင်မြင့်ကြည်၏ ဖခင် ဦးတင်ဦးနှင့် ဦးမြင့်ဦး ၅/တဆန(နိုင်)၀၀၇၅၂၅ သည် တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးတင်ဦး(ခ)ဦးမြင့်ဦး**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ်၊ အင်္ဂလိပ်စာအထူးပြုဘာသာရပ်၊ စတုတ္ထနှစ်အောင်မှ မမော်မော်လွင်၏ဖခင် ဦးမြဒေါင်းနှင့် ဦးထွန်းဝေ ၅/ဝသန(နိုင်)၀၃၁၈၁၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြဒေါင်း(ခ)ဦးထွန်းဝေ**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ်၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် သတ္တဗေဒအထူးပြု တတိယနှစ် ဂုဏ်ထူးတန်းအောင်မှ မချမ်းမို့မို့၏ ဖခင် ဦးမောင်စိန်၊ ဦးစိန်နှင့် ဦးခင်မောင်စိန် ၅/ရဘန(နိုင်)၀၁၂၉၈၂ အမည်သုံးခုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်စိန်(ခ)ဦးစိန်(ခ)ဦးခင်မောင်စိန်**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ်၊ ရုက္ခဗေဒဘာသာရပ်၊ စတုတ္ထနှစ်အောင်မှ မငြိမ်းငြိမ်းအေး၏ ဖခင် ဦးတင်မျိုးနှင့် ဦးတင်မျိုးအောင် AYW-၁၂၇၇၂၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်မျိုး(ခ)ဦးတင်မျိုးအောင်**

## အမည်ပြောင်း

မူဆယ်မြို့၊ တောင်ရပ်ကွက်ရှိ ဆဲဗင်းစတား ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ဖခင် ဦးလကျီဘရန်ဒီး ၁/မကန(နိုင်)၀၀၅၃၈၅၏သား မောင်ဘောမ်ယိန်း စတုတ္ထတန်းအား မောင်လကျီဘောမ်ယိန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်လကျီဘောမ်ယိန်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အထက(ခွဲ) ဓမ္မသ အဋ္ဌမတန်းမှ မင်းအောင်သစ္စာ၏ ဖခင်အမည်မှန်မှာ ဦးစန်းထွေး ၃/ကဆက(နိုင်) ၀၄၁၈၀၇ ဖြစ်ပါကြောင်း။ **ဦးစန်းထွေး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အမက ကော့နွတ် တတိယတန်းမှ မိသအားမွန်၏ ဖခင်အမည်မှန်မှာ မောင်ဟပင်း ၁၀/ကမရ(နိုင်)၀၈၅၉၆၈ ဖြစ်ပါသည်။ **မောင်ဟပင်း**

## အမည်မှန်

ဦးရမ်ဘော်ခင်၏သား မြစ်ကြီးနားမြို့၊ အစိုးရနည်းပညာ အထက်တန်းကျောင်း၊ ၂၀၁၈-၂၀၁၉ပညာသင်နှစ်၊ အီလက်ထရွန်နစ် နည်းပညာသင်တန်း (ဒုတိယနှစ်)မှ မောင် Rဖုန်ရာမ်၏ အမည်မှန်မှာ မောင်ရမ်ဘော်ဖုန်ရာမ် ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဂျစ်တူးတူး ၁/မကန(နိုင်)၁၄၉၄၀၆၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၅၇၁၄၆၈၄၂**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဝေယျာဝစ္စအတွက် ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၃၁ရက်အထိ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူရငွေ |
|---|---|---|
| ၁။ | မောင်အောင်နိုင်သူ-မဆုဆင့်နေနေတို့၏မင်္ဂလာဦး အထိမ်းအမှတ်ကောင်းမှု | ၃၀၀၀၀၀ |
| ၂။ | ကျိုက္ကစံဝေဠုဝန်ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ(သဒ္ဒမ္မဇောတိကဓဇ)နှင့်တပည့်ဒါယကာ၊ ဒါယိကာမများမှ ပဋ္ဌဝီသတိမ(၂၅)ကြိမ်မြောက်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း | ၁၂၀၀၀၀၀ |
| ၃။ | ကွယ်လွန်သူဦးဘုန်းကျော်အားရည်စူး၍ ဇနီးဒေါ်စန်းစန်းငြိမ်း၊ သမီးမဆုဝေမိသားစုကောင်းမှု | ၂၂၀၀၀၀ |
| ၄။ | ကွယ်လွန်သူဦးဝင်းသိန်းအားရည်စူး၍ဒေါ်ထူးထူး၊သမီး မစန္ဒာမင်းသိန်း၊ မအေးပြည့်စုံကျော်မိသားစုကောင်းမှု | ၂၉၀၀၀၀ |
| ၅။ | မောင်နိုင်လင်းထွဋ်-မပန်းပွင့်ခိုင်တို့၏မင်္ဂလာဦးအလှူ | ၅၃၀၀၀၀ |
| ၆။ | ဗိုလ်ချုပ်လှထွန်း(ငြိမ်း)-ဒေါ်တင်လှိုင်(မွေးနေ့)မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇။ | အမှတ်စဉ်(၁၃)စစ်သူနာပြုအရာရှိများ၏ (၃၆)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ်ဆွမ်းဆက်ကပ်ခြင်း | ၆၅၀၀၀၀ |
| ၈။ | ဗိုလ်မှူးကြီးရန်အောင်(ငြိမ်း)၊ ဒေါ်ဖြူဝင်းမော်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉။ | ကွယ်လွန်သူဦးကြည်စွမ်အားရည်စူး၍ဒေါ်မြမြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀။ | နှစ်ဖက်သောအဘိုးအဘွားများအားအမှူးထား၍ ဖေဖေဦးကျော်ကိုကို-မေမေဒေါ်ဥမ္မာမြင့်တို့၏သမီးလေး မဟေသီကျော်၏ရက်(၁၀၀)ပြည့်မွေးနေ့ကောင်းမှု | ၂၁၅၀၀၀ |
| ၁၁။ | ဦးသန့်လွင်မိုး-ဒေါ်အေးအေးသန်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၂။ | မနီစစ်အောင်မွေးနေ့ကောင်းမှု | ၂၀၀၀၀၀ |
| ၁၃။ | ဒေါက်တာမြင့်ဦး-ဒေါက်တာသီတာလင်းထွန်း၊သမီး မစုလှဲ့ခင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၄။ | ဒေါ်စောမွေး မွေးနေ့ဆွမ်းအလှူ | ၃၇၀၀၀၀ |
| ၁၅။ | ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)-ဒေါ်မာမာငွေး သားသမီး မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၆။ | ဘဒ္ဒန္တဝိလာသ(အဂ္ဂမဟာပဏ္ဍိတ)မ·ဟ·န(ဒု-ဥက္ကဋ္ဌ) ဆရာတော်၏တစ်လပြည့်ကုသိုလ်တပည့်ဒါယကာ၊ ဒါယိကာမများကောင်းမှု | ၃၀၀၀၀၀ |
| ၁၇။ | ဘဒ္ဒန္တဝိလာသ(အဂ္ဂမဟာပဏ္ဍိတ)မ·ဟ·န(ဒု-ဥက္ကဋ္ဌ) ဆရာ တော်၏တစ်လပြည့်အားရည်စူး၍ ဘဒ္ဒန္တသုမန၊ ဟသ်ာတဆရာတော်(မ·ဟ·နအဖွဲ့ဝင်)ကောင်းမှု | ၁၅၀၀၀၀ |
| ၁၈။ | မောင်ဟိန်းသန့်ဇော်မွေးနေ့ ဦးမျိုးဇော်ဦး-ဒေါ်တင်နွယ်စိုး မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၁၉။ | ဒေါ်မြင့်မြင့်သွင်၊ဒေါ်ကျင်ကျင်စိန် ဓမ္မမိတ်ဆွေများ၊ မင်္ဂလာဒုံအဖွဲ့ | ၂၅၀၀၀၀ |
| ၂၀။ | ဦးခင်မောင်အားရည်စူး၍ ဒေါ်ဝင်းအေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၂၁။ | ဦးလှမြတ်ဦး-ဒေါ်ဟန်ကြည်၊ သားမောင်အေးချမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၂၂။ | ဗိုလ်မှူးကြီးသန့်ဇင်ဝင်း-ဒေါ်ဇာလီဝင်း၊ သားမောင်ကောင်းထက်သန့်ဇင်၊ မောင်ထူးမြတ်သန့်ဇင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၂၃။ | ကွယ်လွန်သူဗိုလ်မှူးကြီးအောင်ကြီး(၈)နှစ်ပြည့်အားရည်စူး၍ ဇနီးဒေါ်မိမိခင်မိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၂၄။ | ဦးအေးချမ်း-ဒေါ်သီတာ(တူမ)ခန့်မှူးနေခြည်မိသားစုကောင်းမှု | ၄၈၀၀၀၀ |
| ၂၅။ | ဘဒ္ဒန္တဥတ္တရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မဟာဓမ္မိကာရာမတိုက်၊ စကုမြို့၊ မင်းဘူးမြို့နယ် | ၁၀၀၀၀၀ |
| ၂၆။ | ဒု-ဗိုလ်မှူးကြီးရန်အောင်(ငြိမ်း)-ဒေါ်ဖြူဝင်းမော်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၂၇။ | ကွယ်လွန်သူနှစ်ဖက်မိဘများဖြစ်ကြသောဦးသန်းဖေ-ဒေါ်မြရီ၊ ဦးမောင်ကြည်-ဒေါ်ရင်ကြည်တို့အားရည်စူး၍ဗိုလ်ချုပ်ဖေယျကျော်ထင်ဝင်းသန့်(ငြိမ်း)-ဗိုလ်ကြီးဒေါ်ရီရီဝင်း(ငြိမ်း) သားသမီးမြေးတစ်စုကောင်းမှု | ၁၅၀၀၀၀ |
| ၂၈။ | ဒု-ဗိုလ်မှူးကြီးစိန်မော်(ငြိမ်း)ညွှန်မှူး၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး-ဒေါ်ခင်စန္ဒာ၊သမီးမမြအိအိမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၂၉။ | ဒေါ်စန်းစန်းကြည်၊ ဦးခင်မောင်ဝင်း၊ဒေါ်စန်းစန်းသိန်းကောင်းမှု | ၁၀၀၀၀၀ |
| ၃၀။ | ကွယ်လွန်သူဦးဗိုလ်ဟိန်းတစ်နှစ်ပြည့်အားရည်စူး၍ကျန်ရစ်သူမိသားစုကောင်းမှု | ၃၈၀၀၀၀ |
| ၃၁။ | ဖခင်ကြီးဦးသိန်းမောင်အားရည်စူး၍မိခင်ကြီး ဒေါ်ရင်ရင်မြအားအမှူးထား၍သမီးဒေါ်စောစောမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၃၂။ | ဒု-ဗိုလ်မှူးကြီးသန့်ဇင်(ငြိမ်း)-ဒေါ်ထားထားစိုး မိသားစုကောင်းမှု | ၄၅၀၀၀၀ |
| ၃၃။ | ၁၉၈၆ခုနှစ်၊ တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ် ဆရာဝန်မိသားစုအဖွဲ့ | ၁၅၀၀၀၀ |
| ၃၄။ | ဦးဇော်ရှင်း-ဒေါ်တင်တင်နီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၃၅။ | ကွယ်လွန်သူ ဒု-ဗိုလ်မှူးကြီးဝင်းကြိုင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၃၆။ | ဦးမင်းထိုက်-ဒေါ်နွယ်နွယ်ဝင်းမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၃၇။ | ကွယ်လွန်သူဦးချိုအားရည်စူး၍ ကိုသန်းထိုက်ဝင်း-မစန်းစန်း ဝင်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၃၈။ | ကွယ်လွန်သူမိခင်ကြီးဒေါ်ခင်သိန်းအားရည်စူး၍ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| | စုစုပေါင်း | ၁၀၆၈၅၀၀၀ိ/- |

ဖုန်း-၀၉-၄၂၀၁၄၄၅၀၃၊ ၀၉-၂၅၃၃၈၉၇၉၄

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဇေယျာမြိုင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅/ဇေယျာမြိုင်)၊ ဦးပိုင်အမှတ် ၃၁၈၊ မြေကွက်အမှတ် ၄၁၈၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေသည် ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၆-၁၁-၂၀၁၄ ရက်စွဲပါ စာအမှတ် ၄၀၀/၂-၃/ပ·ယ·က(မွန်) အရ လ/န (၃၉) သတ်မှတ်ထားသောမြေဖြစ်ပြီး လျှောက်မြေသည် မော်လမြိုင်သံလွင်တံတား၊ ရထားလမ်းနှင့် မလွတ်ကင်းသောနေအိမ်များ နေရာချထားမည့်စာရင်းတွင် ဒေါ်မြင့်ရီအမည်ဖြင့် ဇေယျာမြိုင်မြို့သစ်မြေကွက်ချထားရေးအဖွဲ့၏ (၄၀×၆၀)၊ အကွက်အမှတ် ၄၁၈ ကို ရရှိထားသဖြင့် နှစ်ရှည်မြေငှားဂရန်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဆွမ်းပဒေသာပင်အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်အထိ ကျပ်(၁)သိန်းနှင့်အထက် အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | အလှူရငွေ |
|---|---|---|
| ၁။ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်သန့်သန့်အားရည်စူး၍ သားသမီးများဖြစ်ကြသော ဦးချိုအောင်မင်း-ဒေါ်ဆွေဆွေအောင်၊ ဦးကျော်မြင့်-ဒေါ်မြင့်မြင့်ရီ၊ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ကြီး၊ ဦးကျော်ဝင်း-ဒေါ်ခင်ပြုံးချို၊ ဦးညိုမင်း-ဒေါ်မူမူအောင်တို့ကောင်းမှု | ၇၆၀၀၀၀ |
| ၂။ | ဦးလှတိုး-ဒေါ်စန်းစန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၃။ | ဘဒ္ဒန္တဥတ္တရ၊ မင်းဘူး-စကုဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယက(အဖွဲ့ဝင်)အား ဦးထိပ်ထား၍ သား-မောင်စိုင်းနေလွင် (မွေးနေ့) ကောင်းမှု | ၁၀၀၀၀၀ |
| ၄။ | ဦးကျော်အေးလွင်-ဒေါ်သီတာငွေး (သား)မောင်စိုင်းနေလွင် မိသားစုကောင်းမှု၊ မောင်စိုင်းနေလွင် (မွေးနေ့)ကောင်းမှု | ၁၀၀၀၀၀ |
| ၅။ | ဒေါ်အုန်းအုန်းနီ၏ (၇၀)ပြည့်နှစ် မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၆။ | မိခင်ကြီး ဒေါ်ခင်ကြည်၏ အသက်(၉၀)ပြည့်မွေးနေ့အတွက် ဒေါ်မူမူစော၊ ဒေါ်မြင့်မြင့်သန့်၊ ဦးသန့်နိုင်၊ ဦးလှအုန်း မောင်နှမတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇။ | ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)-ဒေါ်မာမာငွေး၊ သားသမီးမြေးတစ်စု ကောင်းမှု | ၁၀၀၀၀၀ |
| ၈။ | ကျေးဇူးရှင်မိဘများဖြစ်ကြသော ဦးခင်မောင်ငွေး-ဒေါ်ယဉ်ယဉ်ဦး တို့အားရည်စူး၍ သားသမီးမြေးများကောင်းမှု | ၁၃၀၀၀၀ |
| ၉။ | ဦးအေးချမ်း-ဒေါ်သီတာမိသားစု၊ ဒေါ်သီတာနှင့် (တူမ)ခန့်မှူးနေခြည်တို့၏ မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၀။ | ကွယ်လွန်သူ ဖခင်ကြီး ဦးဗိုလ်ဟိန်းအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၁။ | ဖခင်ကြီး ဦးသိန်းမောင်အားရည်စူး၍ မိခင်ကြီးဒေါ်ရင်ရင်မြ အမှူးထားကာ သမီးဒေါ်စောစောမြင့် မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၁၂။ | ဦးဝင်းကြိုင်-ဒေါ်ခင်ဝင်းရီ၊ သမီး-မကြူကြူဝင်း၊ မအိမွန်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၃။ | ကွယ်လွန်သူ ဦးချိုအားရည်စူး၍ ကိုသန်းထိုက်ဝင်း-မစန်းစန်းဝင်း၊ ငယ်ငယ်ပဒေသာစတိုး၊ သင်္ကန်းလမြို့ | ၁၀၀၀၀၀ |
| | စုစုပေါင်း | ၂၈၉၀၀၀၀ိ/- |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်း-၂၀)**

**ဒက္ခိဏခရိုင်တရားရုံး၌**

**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၂၀**

ဦးဇင်လင်း **နှင့်** ဒေါ်ခင်ဆွေသိန်း

**တရားလို** **တရားပြိုင်**

ဒေါ်ခင်ဆွေသိန်း (ဘ)ဦးတင်ရွှေ (အရောင်းအဝယ်)၊ အမှတ် ၃၅၆၊ အေးစေတီရပ်ကွက်၊ မြစ်ကြီးနားမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက် (၁၃၈၀ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် တင်ပြလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိုးမိုးမြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
ဒက္ခိဏခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**သံဖြူဇရပ်မြို့နယ်တရားရုံး**

**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၂**

ဦးတင်အောင် **နှင့်** ၁။ ဒေါ်အေးသန်း
၂။ ဦးဝင်းစိုး

**တရားလို** **တရားပြိုင်များ**

သံဖြူဇရပ်မြို့၊ ကရင်သောင်ကျေးရွာနေ (၂)တရားပြိုင် ဦးဝင်းစိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်အောင်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက် (၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်နှင်းမြတ်)
မြို့နယ်တရားသူကြီး
သံဖြူဇရပ်မြို့နယ်တရားရုံး

# HAPPY BIRTHDAY THU THU

ဘိုးဘိုးကြီး မုံရွာဆရာမိုး၏ ဒုတိယမြောက်မြေးရတနာလေး **မောင်သုဝေယံရှိန်း (ခ) သုသု** ရဲ့ ၁၄-၁-၂၀၁၉ ရက် (တနင်္လာနေ့)တွင်ကျရောက်သော (၈)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နှောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် ဘိုးဘိုး ဘွားဘွား ဖေဖေ မေမေ ညီလေးများ ဆွေမျိုးများနှင့် အသက်ရှည် ကျန်းမာချမ်းသာစွာဖြင့် ဘာသာအကျိုး သာသနာအကျိုး သယ်ပိုးထမ်းရွက်နိုင်သော ထူးချွန်ထက်မြက်တတ်သိလိမ္မာသော သားရတနာလေးဖြစ်၍ သက်ဆုံးတိုင် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ…။

**ဘိုးဘိုး မုံရွာဆရာမိုး**

**ဖေဖေ ဗိုလ်မှူးကျော်ကိုကိုရှိန်း-မေမေဒေါ်မိုးပြည့်ပြည့်ဖြိုး**

**ကိုကြီး ကျော်ကိုကိုဆက်နိုင် (BRAINWORK, Total Learning Academy Primary (3) Grandiose)**

**ညီလေး မိုးပြည့်စုံဟိန်း (BRAINWORK, Total Learning Academy Primary (1) Grandiose)**

**မမ ဂျူးဂျူးခင်**

## အမည်မှန်

ဦးရှိန်းသန်း၏သမီး အောင်မြေသာစံမြို့နယ်၊ အထက(၁၈) နဝမတန်း(A)မှ မဖြူဖြူသန့်၏ အမည်မှန်မှာ မဖြူဖြူသန်းဖြစ်ပါကြောင်း။

**မဖြူဖြူသန်း**

## မွေးသက္ကရာဇ်အမှန်

ဦးရဲမြင့်ထွန်း၏သမီး မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက ၂၁၊ သတ္တမတန်း (B)မှ မမေမြတ်မွန်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၄-၂၀၀၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အုပ်ဖိုမြို့နယ်၊ အလကခွဲ ကျေးပျက်ကျောင်း အဋ္ဌမတန်းမှ မအိစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးမောင်ဇော် ၇/မညန(နိုင်)၁၀၄၉၂၉ ဖြစ်ပါကြောင်း။

## အများသိစေရန်အသိပေးကြေညာချက်

VisionFund Myanmar Company Limited သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ လိုင်စင်အမှတ် ၀၂၁၇/၂၀၁၆ဖြင့် လိုင်စင်ရပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ VisionFund Myanmar Company Limited တွင် Board Member အဖွဲ့ဝင် (၁၀)ဦးအဖြစ် Samuel Sureshkumar Bartlett၊ Dr.Saw Ivan၊ Michael John Spingler၊ Adrian Iver Merryman၊ Soe Kyaw Kyaw၊ Su Su Tha Tun၊ Aude Schonbachler၊ Norbert Hsu၊ Angelina Maria Oguma နှင့် Jonathan Peter Hartley တို့မှ ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အဆိုပါ Board Member အဖွဲ့တွင် Norbert Hsu၊ Angelina Oguma နှင့် Jonathan Peter Hartley တို့ သုံးဦးမှာ Board Member အဖွဲ့ဝင်အဖြစ် နုတ်ထွက်ပြီး Rommel Caringal နှင့် Christopher John Bryan တို့ နှစ်ဦး ထပ်မံပါဝင်လာပြီး စုစုပေါင်း Board Member အဖွဲ့ဝင် ကိုးဦးဖြင့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၉၊ Winsor Estate Condo၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ အဆောက်အအုံဥပစာတွင် ဖွင့်လှစ်ထားရှိသော VFM(ရုံးချုပ်)သည် ရန်ကုန်တိုင်းဒေသကြီး (အမှတ် ၉၅/က) ခုနစ်လွှာ၊ 8 Mile Business Center ကျိုက်ဝိုင်းဘုရားလမ်း၊ ၈ မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီးဖြစ်ပါသောကြောင့် VFM (ရုံးချုပ်သစ်)သို့ ဆက်သွယ်ဆောင်ရွက်လိုသူများသည် လက်ရှိလိပ်စာအသစ်သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**Mr.Rommel Caringal**
**Chief Executive Officer (VisionFund Myanmar Co.,Ltd)**
**အမှတ် ၉၅၊ (က) ခုနစ်လွှာ၊ 8 Mile Business Center ကျိုက်ဝိုင်းဘုရားလမ်း၊ ၈ မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ဦးကျော်ဝင်းနှင့်အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ နန်းမြိုင် ၄ လမ်း၊ အမှတ် ၃၃/ကနေ ဒေါ်နီနီဝင်း ၁၂/တကန(နိုင်)၀၆၃၆၂၅၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်နီနီဝင်းနှင့် လူကြီးမင်း ဦးကျော်ဝင်းတို့သည် ၁၉၈၃ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီးနောက် သားသမီး သုံးဦးထွန်းကားခဲ့ပါသည်။ ထို့နောက် (၂၀၀၅/၂၀၀၆) ခုနှစ်တွင် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် အသိသက်သေများနှင့် ရှေ့နေရှေ့ရပ်များရှေ့တွင် စာချုပ်စာတမ်းဖြင့် ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲပြီးနောက် ဒေါ်နီနီဝင်းတစ်ဦးတည်းမှ သားသမီးများ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဦးဆောင်ရှာဖွေလုပ်ကိုင်လာခဲ့ခြင်းဖြစ်ပြီး ရရှိဖြစ်ထွန်းလာသော စီးပွားများဖြင့် ဝယ်ယူထားသော အောက်ပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းများဖြစ်သည့်

- ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ နန်းမြိုင် ၄ လမ်း၊ အမှတ် ၃၃/က၊ ဒေါ်ခင်ဝင်းနွယ်ထံမှ ဒေါ်နီနီဝင်းဝယ်ယူထားသော မြေအကျယ် ပေ(၂၀×၆၀) မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်(ရေ+မီး)နေအိမ်နှင့် ယင်းမြေကွက်တစ်ဖက်ရှိ အမှတ် ၃၃/ခ မြေကွက်လွတ်နှင့် မြေကွက်ပေါ်တွင် အိမ်ဆောက်လုပ်ရန် တန်ဖိုး သိန်း ၇၀ ခန့်ရှိ ဆောက်လုပ်ရေးပစ္စည်းများ ချထားပါသည်။
- ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ နန်းမြိုင် (၂)လမ်း၊ အမှတ် ၁၅/က/ခ ဒေါ်နီနီဝင်း အမည်ပေါက် ဂရန်မြေအမျိုးအစား၊ မြေအကျယ် ပေ(၄၀×၆၀)မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော သုံးထပ်တိုက်တစ်လုံးနှင့် နှစ်ထပ်တိုက်တစ်လုံး (ရေ+မီး) (လက်ရှိ တစ်ခန်းလျှင် ၆၀၀၀၀ိ/-ဖြင့် ငှားရမ်းထားသည့်အဆောင် အခန်း (၂၅)ခန်းပါ တိုက်(၂)လုံး ဖြစ်ပါသည်။)
- ရွှေပြည်သာမြို့နယ်၊ နန်းမြိုင် ၂ လမ်း၊ အမှတ် ၁၄/က ဒေါ်နီနီဝင်း အမည်ပေါက် ဂရန်မြေအမျိုးအစား၊ မြေအကျယ် ပေ(၂၀×၆၀) မြေကွက်နှင့် ယင်းမြေကွက်လွတ်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲပါ တစ်ထပ်တိုက်တစ်လုံး။
- ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ နန်းမြိုင် ၃ လမ်း၊ အမှတ် ၂၃/က ဒေါ်နီနီဝင်း အမည်ပေါက် ဂရန်မြေအမျိုးအစား၊ မြေအကျယ် ပေ(၂၀×၆၀) မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင် သွပ်မိုး (ရေ+မီး)
- ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၂၀၂၈/က/ခ၊ ဒေါ်နီနီဝင်း အမည်ပေါက် ဂရန်မြေအမျိုးအစား၊ မြေအကျယ်ပေ(၄၀×၆၀)မြေကွက်
- ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ် ၁၁၁၆/က၊ မြေအကျယ် ပေ(၂၀×၆၀) မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်နေအိမ်တစ်လုံး
- ရွှေပြည်သာမြို့နယ်၊ (၇)ရပ်ကွက်၊ နန်းမြိုင် ၄ လမ်း၊ အမှတ် ၃၅/က၊ မြေအကျယ် ပေ(၂၀×၆၀) မြေကွက်နှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော နှစ်ခန်းတွဲ ပျဉ်ထောင်သွပ်မိုး နေအိမ်တစ်လုံး။

တို့မှာ ဒေါ်နီနီဝင်း၏ ချွေးနည်းစာစစ်စစ်ဖြင့် ဝယ်ယူထားသောကြောင့် ဒေါ်နီနီဝင်း တစ်ဦးတည်းမှသာ ပိုင်ဆိုင်ကြောင်းနှင့် ဒေါ်နီနီဝင်းသိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ လွှဲပြောင်း၊ စွန့်လွှတ်၊ အခြားတစ်နည်းနည်းဖြင့် အလွဲသုံးစားပြုလုပ်ခြင်းမပြုပါရန်အသိပေးကြော်ငြာလိုက်ပါသည်။ အလွဲသုံးစားပြုလုပ်ပါက ရာဇဝတ်မှုဖြင့် တရားစွဲဆိုခံရမည်ဖြစ်ပြီး လက်ခံသူမှာလည်း မိမိတာဝန်သာဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်များအရ အသိပေးလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

| | |
|---|---|
| **ဒေါ်ထွေးဇာခြည် LL.B** | **ဒေါ်သင်းသင်းမော်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၁၈)** | **အထက်တန်းရှေ့နေ(စဉ်-၄၂၇၀၈)** |
| **ဖုန်း-၀၉-၄၃၀၉၅၃၆၇** | **ရွှေပြည်သာမြို့နယ်တရားရုံးရှေ့ပတ်လမ်း၊** |
| | **ဖုန်း-၀၉-၄၂၀၇၄၅၈၈၂** |

# လေရှီးမြို့၌ ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**လေရှီး ဇန်နဝါရီ ၁၃**

နာဂရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန်၊ နာဂရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားရန်၊ နာဂမျိုးနွယ်စုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နာဂတိုင်းရင်းသားများမှ အင်တိုက်အားတိုက်ပါဝင် ဆောင်ရွက်သွားနိုင်ရန်နှင့် နာဂမျိုးနွယ်စု အချင်းချင်းရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာစေရန် ရည်ရွယ်ပြီး လေရှီးမြို့တွင် ယခု သတ္တမအကြိမ်မြောက် ၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာနှင့်

*စာမျက်နှာ ၁၁ ကော်လံ ၁* ❋




၂၀၁၉ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ဒဂုံနှင့် Southern အနိုင်ရပြီး ရတနာပုံနှင့်ဧရာဝတီ သရေကျ

**ရန်ကုန် ဇန်နဝါရီ ၁၃**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပရာ တန်းတက် ဒဂုံနှင့် Southern အသင်းတို့ နိုင်ပွဲရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံအသင်းက ဇွဲကပင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၂၀၁၈ ရာသီတွင် အဆင့် (၃) နေရာရခဲ့သည့် ဇွဲကပင်အသင်းသည် ယခုပွဲတွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေပြီး တန်းတက်ဒဂုံအသင်းကို ရှုံးနိမ့်ခဲ့သည်။ ဒဂုံအသင်းသည် MNL ၌ ပထမဆုံးကစားရသော်လည်း အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီး နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဒဂုံအသင်းတွင် MNL ၌ ကစားဖူးသည့် ကစားသမားအချို့ပါလာပြီး နိုင်ငံခြားသားကစားသမားနှစ်ဦး ပါဝင်လာသောကြောင့် ဇွဲကပင်အသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သည်။ ဇွဲကပင်အသင်းတွင် ထိုင်းလိဂ်သို့ ပြောင်းရွှေ့သွားသည့် သန်းထက်အောင်မှလွဲ၍ လူစုံပါဝင်ခဲ့ပြီး နိုင်ငံခြားသားကစားသမားသုံးဦးဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ လေးမိနစ်မှာပင်

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍



ဒဂုံအသင်းအတွက် ဒုတိယဂိုးကို စိုးမြတ်သူ သွင်းယူနေစဉ်။ ဓာတ်ပုံ-စိုးညွန့်




# ရွှေတစ်ခု၊ ငွေတစ်ခု ဆွတ်ခူးခဲ့ကြသော မြန်မာကြက်တောင်အားကစားသမားများအား ကြိုဆို

**ရန်ကုန် ဇန်နဝါရီ ၁၃**

နီပေါနိုင်ငံ ဘီရတ်နာဂါမြို့တွင် ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် President Cup Junior International Badminton ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာကြက်တောင်အားကစားသမားများ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတစ်ခု၊ ငွေတစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအသက် ၁၉ နှစ်အောက် နှစ်ယောက်တွဲပြိုင်ပွဲ၌ ဇော်လင်းထူးနှင့်သူရိန်တို့အတွဲက အိမ်ရှင်နီပေါအားကစားသမားအတွဲကို ပထမရမှတ်၁၉-၂၁၊ ဒုတိယပွဲရမှတ် ၂၆-၂၁၊ တတိယပွဲရမှတ် ၂၁-၁၈ မှတ်ဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ်ဆုရပြီး အသက် ၁၅ နှစ်အောက် တစ်ဦးချင်းဗိုလ်လုပွဲတွင် မြန်မာမှ ဇော်လင်းထူးက နီပေါကစားသမားကို ပထမပွဲရမှတ် ၁၅-၂၁၊ ဒုတိယပွဲရမှတ် ၂၁-၂၆၊ တတိယပွဲရမှတ် ၁၁-၂၁ မှတ်ဖြင့်ရရှိပြီး တစ်ပွဲနိုင် နှစ်ပွဲရှုံးဖြင့် ငွေတံဆိပ်ဆုရရှိခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင် နီပေါ၊ မြန်မာ၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

မြန်မာကြက်တောင် အားကစားသမားများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းပိုင်းမုန့်နှင့်အတွင်းရေးမှူး၊ အမှုဆောင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဒုတိယကျောင်းအုပ်ကြီး ဦးကျော်မင်းသန်းနှင့် သင်တန်းသား၊ သင်တန်းသူများ မိဘဆွေမျိုးများ ကြိုဆိုခဲ့ကြသည်။

(အပေါ်ပုံ) **အေးကေလင်း**

# လက်ရွေးစင်အမျိုးသမီးအသင်းများ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ယူ-၁၉ နှင့် ယူ-၁၆ အသင်းတို့ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းသုံးသင်း၏ ခြေစမ်းပွဲများအဖြစ် ဇန်နဝါရီ ၂၃ ရက်တွင် လက်ရွေးစင်အသင်းနှင့် ယူ-၁၆ အသင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် လက်ရွေးစင်အသင်းနှင့် ယူ-၁၉ အသင်း၊ ဇန်နဝါရီ ၃၀ ရက်နှင့် ဖေဖော်ဝါရီ ၂ ရက်တွင် ယူ-၁၉ အသင်းနှင့် ယူ-၁၆ အသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ဧပြီလပထမပတ်တွင် ယှဉ်ပြိုင်ရမည့် ၂၀၂၀ တိုကျိုအိုလံပစ် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး ပဏာမကစားသမား ၂၉ ဦး ရွေးချယ်ထားသည်။ လက်ရွေးစင် အမျိုးသမီးအသင်းသည် ပြည်တွင်းခြေစမ်းပွဲနှစ်ပွဲသာ ကစားထားပြီး နှစ်ပွဲစလုံး ဂိုးပြတ်အနိုင်ရထားသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည်

*စာမျက်နှာ ၁၂ ကော်လံ ၁* ✪

**ဇန်းမော်၌ ဆီတွဲရေယာဉ်မှ ဆီသယ်ယာဉ်ပေါ်သို့ ဆီဖြည့်စဉ် မီးလောင်သဖြင့် သုံးဦးသေ၊ နှစ်ဦးဒဏ်ရာရ**

စာမျက်နှာ - ၁၃

CALIFORNIA UNITEC
Institute of Engineering
15 January 2019 Intake အတွက်
ကျောင်းသူ/ကျောင်းသားများအားလက်ခံနေပါပြီ။
Edinburgh Napier UNIVERSITY
California Unitec မှ B.Eng (Hons) Civil Engineering ဘွဲ့ရကျောင်းသူကျောင်းသားများ၏ အောင်မြင်သော ခြေလှမ်းများ
ကျွန်တော်ကတော့ Josiah ဖြစ်ပါတယ်။ ယခု UK အခြေစိုက် Clarke Bond Company မှာ Site Engineer အနေနဲ့ အလုပ်စလုပ်နေပါပြီ။ အလုပ်အတွက် Training ဆင်းဖို့ UK ကို 8 Weeks သွားရမှာပါ။ ကျွန်တော်လုပ်ရမယ့် Project Site ကတော့ ရန်ကုန်ဆေးရုံကြီး အသစ်တည်ဆောက်ခြင်းနှင့် ပြန်လည်မွမ်းမံခြင်းလုပ်ငန်းမှာလုပ်ရမှာပါ။ ကျွန်တော်ကတော့ La Pyae Min ပါ။ ကျွန်တော် ခုဆိုရင် Shwe Taung Construction မှာ Project Coordinator အနေနဲ့ လုပ်ငန်းခွင် ဝင်နေပါပြီ။ ကျွန်တော်ကတော့ Aung Khant Paing ပါ။ ယခု68 Residence Construction Site မှာ Site Engineer အဖြစ်လုပ်ငန်းခွင် ဝင်နေပါသည်။ ကျွန်တော်တို့ အားလုံး UK ကပေးတဲ့ B.Eng (Hons) ဘွဲ့ဖြစ်လို့ International Company တွေမှာ အလုပ်လျှောက်တဲ့ အခါ အလွယ်တကူအလုပ်ရခဲ့ကြပါတယ်။
အသေးစိတ်သိရှိလိုပါက 09250555558/ 09250555559 www.facebook.com/californiaunitec

